# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ဒသမပုံမှန်အစည်းအဝေး
# (၁၅) ရက်မြောက်နေ့ မှတ်တမ်း

၂၀၁၅



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသား များထံမှ ပြန်လည်ပေးပို့သော ငွေများနှင့်စပ်လျဉ်းသည့် အချက် အလက်များကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့ပေါ်တွင် မြန်မာ့စီးပွားရေးဘဏ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | ငပုတောမြို့နယ် ကျုံကူးတိုက်နယ်အတွင်းရှိ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများအတွက် လျှပ်စစ် မီးလင်းရေးကိစ္စများ ဆက်လက် ဆောင်ရွက်ခြင်းမရှိဘဲ အဘယ်ကြောင့်ကြန့်ကြာနေသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | မိုင်းစံမြို့ ၂၄ နာရီလျှပ်စစ်မီးရရှိရေးအတွက် မိုင်းနောင်မြို့ ၅ အမ်ဗွီအေဓာတ်အားခွဲရုံမှ မိုင်းစံမြို့သို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၂၆ မိုင်သွယ်တန်းပြီး မိုင်းစံမြို့တွင် ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ခြင်း၊ ၁၁ ကေဗွီလိုင်း၊ ၄၀၀ ဗို့အားလိုင်း တည်ဆောက် ခြင်း၊ ၂၀၀/၁၆၀ ကေဗွီအေ ထရန်စဖော်မာများ တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၁ |
| ၉ | မြန်မာနိုင်ငံအတွင်း မြွေကိုက်ခံရမှုများနှင့်ပတ်သက်၍ အနီး စပ်ဆုံး (၅)နှစ်တာကာလအတွင်း မြွေကိုက်ခံ ရမှုအခြေအနေများကို သိလိုခြင်း၊ BPI မှ ထုတ်လုပ်နိုင်သည့်မြွေဆိပ်ဖြေဆေးများပြည်ပသို့ တင်ပို့ ရောင်းချရန် လျာထားချက်၊ ဈေးကွက်အခြေအနေအား သိလိုခြင်း တို့နှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၁၀ | စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ အမှတ်(၃၅၄) ပြည်လမ်း ဟံသာဝတီဝန်ထမ်း အိမ်ရာတွင် နေထိုင်လျက်ရှိသော | ၁၈ |

| | | |
|---|---|---|
| | စက်မှုဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်း(၈)ဦးအား အိမ်ရာနေရာချထားမှု လုပ်ပေးပါရန်နှင့် နေရာချထားမပေးမီကာလအတွင်း လက်ရှိအတိုင်း ယာယီနေထိုင်ခွင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | |
| ၁၁ | ရွှေကျင်မြို့နယ်၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း စစ်တောင်းရာဘာခြံ(ရွှေကျင်)၏ ဧရိယာ အကျယ်အဝန်း စုစုပေါင်းနှင့် တည်နေရာများ အတိအကျကို မြေပုံနှင့်တကွ ဖော်ပြပေးနိုင်ခြင်းရှိ/မရှိ၊ ယင်းမြေဧကများအနက် အသုံးပြုခြင်းမရှိဘဲ ချန်လှပ်ထားသည့် မြေများရှိပါက စိုက်ပျိုးမြေ အခက်အခဲရှိသည့် တောင်သူများအား စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ၂၀၁၄ ခုနှစ်မှ ၂၀၃၉ ခုနှစ်အထိ လုပ်ငန်းရှင်သို့ စာချုပ်ချုပ်ဆိုငှားရမ်းလုပ်ကိုင်ရာတွင် မည်သည့် သဘောတူစာချုပ်များ ပါဝင်ပါသနည်း၊ နှစ်စဉ်ငှားရမ်းခကို မည်မျှသတ်မှတ်ထားသနည်း၊ ငှားရမ်းခအတွက် နှစ်စဉ်အခွန် မည်မျှရရှိသနည်း၊ ဌာနကလုပ်ကိုင်နေရာမှ အဘယ်ကြောင့် ပုဂ္ဂလိက လုပ်ငန်းရှင်သို့ ငှားရမ်းခဲ့ပါသနည်း၊ ဌာနအနေဖြင့် မည်သည့် လုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်လျက်ရှိသည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၁၂ | ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း | ၂၇ |
| ၁၃ | ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း | ၈၂ |
| ၁၄ | ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၉၃ |
| ၁၅ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၉၄ |
| ၁၆ | ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က တင်သွင်းသည့် ကမ္ဘာ့အမွေအနှစ်၊ အာရှအမွေအနှစ် အသိအမှတ်ပြုခံ သဘာဝ ထိန်းသိမ်းရေးနယ်မြေများအပါအဝင် နိုင်ငံတစ်ဝန်း သဘာဝ ထိန်းသိမ်းရေးနယ်မြေများ၊ ကမ္ဘာ့ရှားပါးတောရိုင်း တိရစ္ဆာန် မျိုးစိတ်များအား ဒေသခံပြည်သူတို့၏ အခွင့်အရေး ထိခိုက်မှု | ၉၅ |

အနည်းဆုံးဖြင့် ပိုမိုအင်အားဖြည့် ထိန်းသိမ်း ကာကွယ် စောင့်ရှောက်နိုင်စေရန်အတွက် သက်ဆိုင်ရာသစ်တောဦးစီးဌာန၏ ဝန်းကျင်/သားငှက်ဌာနခွဲအား ဦးစီးဌာနကြီး တစ်ရပ်အဖြစ် မြှင့်တင်တိုးချဲ့လျက် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲကာ အနာဂတ်မြန်မာ တိုင်းရင်းသားသားသမီးမြေးမြစ်တို့ အကျိုးအတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန်လည်းကောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုအား ဝိုင်းဝန်းကူညီထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ သဘာဝအလှအပ အရင်းအမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲ စေရန်အတွက်လည်းကောင်း၊ ဂေဟာခရီးသွားစနစ် တိုးတက်စေရန်အတွက်လည်းကောင်း၊ စီမံချက်များ ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

| | | |
|---|---|---|
| ၁၇ | ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူ ခြင်း | ၁၁၈ |
| ၁၈ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၁၂၂ |

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး**

**(၁၅)ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၇-၁၂-၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **နိုင်ငံခြားတွင် သွားရောက် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများထံမှ ပြန်လည်ပေးပို့သော ငွေများနှင့်စပ်လျဉ်းသည့် အချက်အလက်များကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့ပေါ်တွင် မြန်မာ့စီးပွားရေးဘဏ် ဖွင့်လှစ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန်းအောင်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ် ကျုံကူးတိုက်နယ်အတွင်းရှိ လျှပ်စစ်မီး မရရှိသေးသော ကျေးရွာများအတွက် လျှပ်စစ်မီးလင်းရေးကိစ္စများ ဆက်လက်ဆောင်ရွက်ခြင်းမရှိဘဲ အဘယ်ကြောင့် ကြန့်ကြာနေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစိုင်းထွန်းအေး၊ မိုင်းရှူး မဲဆန္ဒနယ်၏ **မိုင်းစံမြို့ (၂၄) နာရီ လျှပ်စစ်မီး ရရှိရေးအတွက် မိုင်းနောင်မြို့ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ မိုင်းစံမြို့သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း (၂၆) မိုင် သွယ်တန်းပြီး မိုင်းစံမြို့တွင် ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ခြင်း၊ ၁၁ ကေဗွီလိုင်း၊ ၄၀၀ ဗို့အားလိုင်း တည်ဆောက်ခြင်း၊ ၂၀၀/၁၆၀ ကေဗွီအေ ထရန်စဖော်မာများ တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအတွင်း မြွေကိုက်ခံရမှုများနှင့် ပတ်သက်၍ အနီးစပ်ဆုံး(၅)နှစ်တာ ကာလအတွင်း မြွေကိုက်ခံရမှုအခြေအနေများကို သိလိုခြင်း၊ BPI မှ ထုတ်လုပ်နိုင်သည့် မြွေအဆိပ်ဖြေဆေးများ ပြည်ပသို့ တင်ပို့ရောင်းချရန် လျာထားချက်၊ ဈေးကွက်အခြေအနေအား သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၏ **စမ်းချောင်းမြို့နယ်၊ မြေနီကုန်း (မြောက်)ရပ်ကွက်၊ အမှတ်(၃၅၄) ပြည်လမ်း ဟံသာဝတီ ဝန်ထမ်းအိမ်ရာတွင် နေထိုင်လျက်ရှိသော စက်မှုဝန်ကြီးဌာနမှ အငြိမ်းစား ဝန်ထမ်း(၈)ဦးအား အိမ်ရာနေရာချထားမှု လုပ်ပေးပါရန်နှင့် နေရာချထားမပေးမီကာလအတွင်း လက်ရှိအတိုင်း ယာယီနေထိုင်ခွင့် ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၏ **ရွှေကျင်မြို့နယ်၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း စစ်တောင်းရာဘာခြံ(ရွှေကျင်)၏ ဧရိယာ အကျယ်အဝန်း စုစုပေါင်းနှင့် တည်နေရာများ အတိအကျကို မြေပုံနှင့်တစ်ကွ ဖော်ပြပေးနိုင်ခြင်း ရှိ၊ မရှိ၊ ယင်းမြေဧကများအနက် အသုံးပြုခြင်း မရှိဘဲ ချန်လှပ်ထားသည့်မြေများ ရှိပါက စိုက်ပျိုးမြေ အခက်အခဲရှိသည့် တောင်သူများအား စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ၊ ၂၀၁၄ ခုနှစ်မှ ၂၀၃၉ ခုနှစ်အထိ လုပ်ငန်းရှင်သို့ စာချုပ်ချုပ်ဆို ငှားရမ်းလုပ်ကိုင်ရာတွင် မည်သည့် သဘောတူ စာချုပ်များ ပါဝင်ပါသနည်း၊ နှစ်စဉ်ငှားရမ်းခကို မည်မျှသတ်မှတ်ထားသနည်း၊ ငှားရမ်းခအတွက် နှစ်စဉ်အခွန်မည်မျှရရှိသနည်း၊ ဌာနကလုပ်ကိုင်နေရာမှ အဘယ်ကြောင့် ပုဂ္ဂလိက လုပ်ငန်းရှင်သို့ ငှားရမ်းခဲ့ပါသနည်း၊ ဌာနအနေဖြင့် မည်သည့်လုပ်ငန်းများကို တာဝန်ယူ လုပ်ကိုင်လျက် ရှိသည်တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုင်းထွန်းအေး၊ မိုင်းရှူး မဲဆန္ဒနယ်၊

(ခ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ဂ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၊

(ဃ) ဦးလုံဂျုံဆန်မိုင်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်၊

၁၁။ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၂။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၃။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၄။ ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်က တင်သွင်းသည့် **"ကမ္ဘာ့အမွေအနှစ်၊ အာရှအမွေအနှစ် အသိအမှတ်ပြုခံသဘာဝ ထိန်းသိမ်းရေး နယ်မြေများ အပါအဝင် နိုင်ငံတစ်ဝန်းသဘာဝ ထိန်းသိမ်းရေးနယ်မြေများ၊ ကမ္ဘာ့ရှားပါးတောရိုင်း တိရစ္ဆာန်မျိုးစိတ်များအား ဒေသခံပြည်သူတို့၏**

**အခွင့်အရေးထိခိုက်မှု အနည်းဆုံးဖြင့် ပိုမိုအင်အားဖြည့် ထိန်းသိမ်း ကာကွယ် စောင့်ရှောက်နိုင်စေရန်အတွက် သက်ဆိုင်ရာ သစ်တောဦးစီးဌာန၏ ဝန်းကျင်/ သားငှက်ဌာနခွဲအား ဦးစီးဌာနကြီးတစ်ရပ်အဖြစ် မြှင့်တင်တိုးချဲ့လျက် ဘဏ္ဍာငွေ တိုးမြှင့်သုံးစွဲကာ အနာဂတ်မြန်မာတိုင်းရင်းသား သားသမီးမြေးမြစ်တို့ အကျိုး အတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန်လည်းကောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုအား ဝိုင်းဝန်းကူညီထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ သဘာဝ အလှအပအရင်းအမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက်လည်းကောင်း၊ ဂေဟာစနစ်ရီးသွားစနစ် တိုးတက်စေရန်အတွက်လည်းကောင်း၊ စီမံချက်များ ချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"**

အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေ မဲဆန္ဒနယ်၊

(ခ) ဦးသက်နောင်၊ လဟယ် မဲဆန္ဒနယ်၊

(ဂ) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၊

(ဃ) ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်၊ မိုးကုတ် မဲဆန္ဒနယ်၊

(င) ဦးမင်းနောင်၊ ပင်လည်ဘူး မဲဆန္ဒနယ်၊

(စ) ဦးကျော်အောင်လွင်၊ စေတုတ္တရာ မဲဆန္ဒနယ်၊

(ဆ) ဦးရည်မွန်(ခ)မောင်တင်သစ်၊ ပုဗ္ဗသီရိ မဲဆန္ဒနယ်၊

(ဇ) ဦးမန်းညွန့်သိန်း၊ ပန်းတနော် မဲဆန္ဒနယ်၊

(ဈ) ဦးလာမာလေး၊ ဆော့လော် မဲဆန္ဒနယ်၊

(ည) ဒေါ်နန်းခင်စော၊ ကွန်ဟိန်း မဲဆန္ဒနယ်၊

(ဋ) ဦးဝင်းနိုင်၊ မိုးကောင်း မဲဆန္ဒနယ်၊

၁၅။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး**
**(၁၅)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်**
**(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)**
**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၉၂ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်

ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၅၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၂ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၃၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များ ကတော့-

(၁) ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ခွင့် ၁ ရက်၊
(၂) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ခွင့် ၁ ရက်၊
(၃) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ခွင့် ၁ ရက်၊
(၄) ကော့ကရိတ်မမဲဆန္ဒနယ်မှ ဦးစောဌေး ခွင့် ၁ ရက်၊
(၅) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊
(၆) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ခွင့် ၁ ရက်၊
(၇) ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ခွင့် ၁ ရက်၊
(၈) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၁ ရက်၊
(၉) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၁ ရက်၊
(၁၀) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၁၁) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၅ ရက်၊
(၁၂) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊
(၁၃) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၅ ရက်၊
(၁၄) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၅ ရက်၊

(၁၅) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၅ ရက်၊
(၁၆) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊
(၁၇) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၅ ရက်၊
(၁၈) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး အစည်းအဝေးပြီးဆုံးသည်ထိ၊
(၁၉) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊
(၂၀) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊
(၂၁) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊
(၂၂) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၁ ရက်၊
(၂၃) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော် ခွင့် ၁ ရက်၊
(၂၄) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊
(၂၅) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်၊
(၂၆) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၂ ရက်၊
(၂၇) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊
(၂၈) သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ခွင့် ၂ ရက်၊
(၂၉) အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ခွင့် ၁ ရက်၊
(၃၀) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၁ ရက်၊
(၃၁) န္ဒားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၅ ရက်၊
(၃၂) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၁ ရက်၊
(၃၃) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၃ ရက်၊
(၃၄) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊
(၃၅) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ခွင့် ၁ ရက်၊
(၃၆) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၅ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို

လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

## နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများထံမှ ပြန်လည်ပေးပို့သော ငွေများနှင့်စပ်လျဉ်းသည့် အချက်အလက်များကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ကျွန်တော်တို့ ကမ္ဘာမှာနိုင်ငံတစ်နိုင်ငံကလူတွေ အခြားနိုင်ငံမှာ သွားပြီးတော့ အလုပ်လုပ်ကိုင်ကြတယ်ဆိုတဲ့ကိစ္စဟာ စီးပွားရေးလုပ်ငန်းကြီးတစ်ခု ဖြစ်နေပါတယ်။ ကျွန်တော်တို့နိုင်ငံက နိုင်ငံသားတွေလည်း အိမ်နီးချင်းနိုင်ငံတွေရော၊ ဝေးလံတဲ့နိုင်ငံတွေရော သွားပြီး တော့ အလုပ်လုပ်နေကြပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံကအလုပ်လုပ်တဲ့ လူတွေဟာ ကျွန်တော်တို့နိုင်ငံအတွက် တကယ့်ကို အဖိုးတန်တဲ့အရင်းအမြစ်တွေဖြစ်ပါတယ်။ အလုပ်သွားလုပ်တဲ့ နိုင်ငံက နိုင်ငံတွေအတွက်လည်း သူတို့ကအရေးကြီးတဲ့ ကုန်ထုတ်စွမ်းအားစုတွေဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုလုပ်နေကြတဲ့အခါမှာ ကျွန်တော်တို့နိုင်ငံက သွားပြီးတော့အလုပ်လုပ်နေတဲ့ နိုင်ငံသားတွေ ဘယ်နိုင်ငံတွေမှာ ဘယ်လောက်ရှိတယ်။ တရားဝင်အရေအတွက်က ဘယ်လောက်ရှိတယ်။ တရားမဝင် သွားနေတာက ဘယ်လောက်ရှိတယ်။ ဘယ်နိုင်ငံမှာဘယ်လောက်ရှိတယ်။ သူတို့ဆီကနေပြီးတော့ သူတို့ရရှိတဲ့ လုပ်ခလစာတွေကို သူတို့မိသားစုတွေ ပြန်ပို့တဲ့အခါမှာ ဘယ်လိုနည်းတွေနဲ့အသုံးပြုပြီး တော့ပို့နေကြတယ်။ တရားဝင်နည်းလမ်းလား၊ တရားမဝင်တဲ့ပွဲစားတွေစီကပို့သလား၊ အဲဒီလိုပို့တဲ့အခါ မှာ နိုင်ငံတော်အနေနဲ့ အခွန်အခဘယ်လောက်ရသလဲ။ နောက်ပြီးတော့ နိုင်ငံခြားမှာထွက်ပြီးတော့ အ လုပ်လုပ်နေကြတဲ့ မြန်မာပြည်သူအလုပ်သမားတွေရဲ့ ပို့တဲ့ငွေတွေအားလုံးဟာ ကျွန်တော်တို့နိုင်ငံ GDP ရဲ့ ဘယ်လောက်ရာခိုင်နှုန်းရှိတယ်ဆိုတဲ့ အချက်တွေကို သိလိုတဲ့အတွက် ကျွန်တော်မေးမြန်းလို ပါတယ်။ ဒီမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၏ နိုင်ငံခြားတွင် သွားရောက်အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများထံမှ ပြန်လည်ပေးပို့သော ငွေများနှင့်စပ်လျဉ်းသည့် အချက်အလက်များကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ ဖြေကြားချက် များနှင့်ပေါင်းစပ်ပြီးတော့ ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၁၉၉၀ ပြည့်နှစ်မှစ၍ ပြည်ပသို့သွားရောက်လုပ်ကိုင်လိုသူများကို တရားဝင်စေလွှတ်ခွင့်ပြုခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါဥပဒေအရ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများကို ခွင့်ပြု၍ ပြည်ပသို့အလုပ်သမားများ တရားဝင် စေလွှတ် ခွင့်ပြုခဲ့ပါတယ်။ ယခုအခါမှာ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ စုစုပေါင်း ၂၅၈ ခု ရှိပါတယ်။ ၁၉၉၀ ပြည့်နှစ်မှစ၍ ပြည်ပသို့အလုပ်သမားစေလွှတ်ခဲ့တဲ့ နိုင်ငံပေါင်း ၁၉ နိုင်ငံရှိခဲ့သော် လည်း ယခုအခါမှာ မလေးရှား၊ ကိုရီးယား၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ ယူအေအီး၊ ကာတာ၊ မကာအို၊ ဂျော်ဒန် စုစုပေါင်း ၉ နိုင်ငံတွင်သာ အလုပ်သမားများ သွားရောက်လုပ်ကိုင်လျက်ရှိပါတယ်။ စေလွှတ်ခဲ့တဲ့ အလုပ်သမားဦးရေအနေဖြင့် ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ ၅၁၉၄၆၁ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၁၆၁၈၉၇ ဦး၊ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ၁၅၀၆၁၈ ဦး၊ စုစုပေါင်း ၈၃၁၉၇၆ ဦး ရှိပါတယ်။ ၁၉၉၀ ပြည့်နှစ်ကနေ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လအထိ စာရင်းများအရ မလေးရှားနိုင်ငံမှာ ၂၁၁၃၂၅ ဦး၊ ထိုင်းနိုင်ငံမှာ ၅၅၃၂၈၁ ဦး၊ ကိုရီးယားသမ္မတနိုင်ငံမှာ ၃၉၅၅၅ ဦးတို့ဖြင့် အများဆုံး ဖြစ်သည်ကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ၂၀၁၈ ခုနှစ်၊ ဇွန်လအထိ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကပိုင်ဘဏ်များထံမှ ပေးပို့တင်ပြတဲ့ စာရင်းများအရ ငွေလွှဲပို့တဲ့ အလုပ်သမားဦးရေ စုစုပေါင်း ၁၄၅၄၈၆၇ ဦးရေရှိပြီးတော့ လွှဲပို့တဲ့ငွေပမာဏသည် အမေရိကန် ဒေါ်လာ ၁၄၂၈.၄၆၈ သန်းဖြစ်ပါကြောင်း တွေ့ရှိရပါတယ်။ ပြည်ပရောက်အလုပ်သမားများထံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပို့ငွေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် GDP ၏ ၀.၈၁ ရာခိုင်နှုန်း ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် GDP ၏ ၁.၀၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ပရောက် မြန်မာလုပ်သားဦးရေနှင့် ၎င်းတို့ရရှိတဲ့ဝင်ငွေ အခြေအနေ အရ ချိန်ဆကြည့်ပါက ၎င်းတို့လွှဲပို့နေသော မိသားစုလွှဲပို့ငွေသည် နည်းပါးနေသေးကြောင်း၊ မြန်မာ နိုင်ငံသည် စီးပွားရေးပိတ်ဆို့အရေးယူမှုခံခဲ့ရသဖြင့် ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ တရားဝင်ဘဏ် စနစ်ဖြင့် လွှဲပြောင်းပေးပို့ရန် အခက်အခဲများရှိသည်ကို အကြောင်းပြု၍ ဟွန်ဒီငွေလွှဲစနစ်လုပ်ဆောင်

သူများမှ အခွင့်ကောင်းယူပြီး မိသားစုလွှဲပို့ငွေကိစ္စများ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါတယ်။ ပြည်ပရောက်လုပ်သားများက ဟွန်ဒီစနစ်ဖြင့် ငွေလွှဲပို့ခြင်းသည် နိုင်ငံတော်အတွက် အခွန်များ မရရှိသည့်အပြင် စာရင်းဇယားများလည်းမရရှိခြင်း၊ အချို့ဟွန်ဒီငွေလွှဲလုပ်ကိုင်သူများက ငွေများ လိမ်လည်ခြင်းစတဲ့ ပြဿနာများရှိပါတယ်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့အရေးယူ မှုများ ကင်းလွတ်ခွင့်ရသည့်အချိန်မှစပြီး တရားဝင်လမ်းကြောင်းမှ ငွေလွှဲပြောင်းပေးပို့နိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအနေဖြင့် မိသားစုလွှဲပို့ငွေများကို တရားဝင်လမ်းကြောင်းမှ လွယ်ကူလျင်မြန်ချောမွေ့စွာ လွှဲပို့နိုင်ရေး အသိပညာပေးခြင်း၊ စေလွှတ်သည့်အေဂျင်စီများကို ကြပ်မတ်ဆောင်ရွက်ခြင်းများကြောင့် ပုဂ္ဂလိကဘဏ်များမှ ပေးပို့သော ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှဇွန်လအထိ ကျပ်သန်းပေါင်း ထောင် ဂဏန်းသာရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဇူလိုင်လမှာ ကျပ်သန်းပေါင်း ၃၄၀၀၀ ကျော်နှင့် ဩဂုတ်လ မှာ ကျပ်သန်းပေါင်း ၃၉၀၀၀ ကျော်ဖြစ်လာတာကို တွေ့ရှိရပါတယ်။ မိသားစုလွှဲပို့ငွေများ တရားဝင် လမ်းကြောင်းမှ လွှဲပြောင်းပေးပို့ခြင်းဟာ များစွာတိုးတက်မှုရှိလာတာကိုတွေ့ရှိရပြီးတော့ နိုင်ငံတော်ရဲ့ GDPမှာ ပြည်ပရွှေ့ပြောင်းလုပ်သားများရဲ့ မိသားစုလွှဲပို့ငွေများသည် များစွာအထောက်အကူပြုလျက် ရှိသည်ကို တွေ့ရှိရပါတယ်။

ပြည်ပမှာ အလုပ်လုပ်ကိုင်တဲ့ မြန်မာနိုင်ငံသားများရဲ့ လူနေမှုဘဝအဆင့်မြင့်စေရန်နှင့် မိသားစုဘဝ သက်သောင့်သက်သာမှုရှိစေရန် ရည်ရွယ်ပြီးတော့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့တဲ့ အမိန့်ကြော်ငြာစာအမှတ်(၁၁၁/၂၀၁၂) တွင် ပြည်ပတွင် အလုပ်လုပ်ကိုင်သော မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားတွင် ရရှိသော လစာဝင်ငွေ အပေါ် ၁-၄-၂၀၁၂ ရက်နေ့မှစ၍ ဝင်ငွေခွန်များကင်းလွတ်ခွင့်ပြုခဲ့ပါတယ်။ လက်ရှိအခြေအနေ မှာလည်း ပြည်ပမှာအလုပ်လုပ်ကိုင်လျက်ရှိတဲ့ မြန်မာနိုင်ငံသားများ၏ လစာဝင်ငွေနှင့်စပ်လျဉ်းပြီး ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုရဲ့အခွန်အကောက်ဥပဒေပုဒ်မ ၃၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၄)မှာ ပြည်ပ နေ နိုင်ငံသား၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့်ရရှိသော လစာခေါင်းစဉ်မှဝင်ငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုထားပါတယ်။ သို့ဖြစ်ပါ၍ ပြည်ပတွင် အလုပ်လုပ်ကိုင်ကြရာမှ ရရှိလာတဲ့ ပြည်ပနေ မြန်မာနိုင်ငံသားများရဲ့ ငွေကြေးများအပေါ် နိုင်ငံတော်က ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုထားပြီးဖြစ်ပါ၍ အခွန်ဘဏ္ဍာအနေဖြင့် ကောက်ခံရရှိခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့ပေါ်တွင် မြန်မာ့စီးပွားရေးဘဏ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒလမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာစိန်မြအေးအနေနဲ့ မေးမယ့်မေးခွန်းကတော့

ပြည်သူလူထုနဲ့ အစိုးရဌာနဆိုင်ရာများအတွက် ငွေကြေးအပ်နှံထုတ်ယူသုံးစွဲခြင်း လျင်မြန်လွယ်ကူ ချောမွေ့စေရန် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့ပေါ်တွင် မြန်မာ့စီးပွားရေးဘဏ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် မေးမြန်းခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဒါကတော့ ဒလမြို့မှ ကြိုဆိုပါ၏ဆိုတဲ့ ဆိုင်းဘုတ်ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ကြီးသာ ဒလမြို့ကို ရောက်ရှိလာမယ်ဆိုလို့ရှိရင်တော့ ဒီဆိုင်းဘုတ်ကြီးနဲ့အတူ ပြည်သူလူထုက ကြိုဆိုနေမှာ ဖြစ်ပါတယ်။ ဆက်ပြီးတင်ပြရမယ်ဆိုလို့ရှိရင်တော့ ဒလမြို့နယ်ဟာ ရပ်ကွက် ၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ စု၊ လူဦးရေ ၁၆၀၀၀၀၊ အိမ်ခြေ ၃၂၀၀၀၊ အိမ်ထောင်စု ၃၅၀၀၀ ရှိတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ဒလမြို့နယ်မှာ ဌာနဆိုင်ရာပေါင်း ၃၄ ဌာန၊ ခွင့်ပြုဝန်ထမ်းပေါင်း ၃၉၀၀ ကျော်ရှိပြီးတော့ ဌာနဆိုင်ရာများ ငွေကြေးထုတ်ယူသုံးစွဲရာမှာ ရန်ကုန်မြစ်အား စက်လှေဖြင့်ဖြတ်ကူးလျှက် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁)နဲ့ ဘဏ်ခွဲ(၅)သို့ သွားရောက်ထုတ်ယူဆောင်ရွက်သွားကြရပါတယ်။ ဒီလို တစ်ဖက်ကမ်းကို သွားပြီးငွေကြေးကိစ္စတွေဆောင်ရွက်ရတဲ့အတွက် အချိန်၊ လုံခြုံမှုမရှိတဲ့ကိစ္စတွေ၊ လူအင်အားဆုံးရှုံးရတဲ့ကိစ္စတွေအပြင် ဒလမြို့နယ်ပြည်သူလူထုအနေနဲ့လည်းပဲ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များနဲ့ပတ်သက်ပြီး ရန်ကုန်တစ်ဖက်ကမ်းသို့ သွားရောက်လုပ်ဆောင်နေရတဲ့အတွက် မြို့နယ်ရဲ့ GDP တွက်ချက်ရာမှာ ငွေရေးကြေးရေးကဏ္ဍအနေဖြင့် မျှော်မှန်းသလောက် ဒလမြို့နယ်အနေနဲ့ တိုးတက်မှုမရှိဘဲ ဘဏ်များတည်ရှိရာမြို့နယ်တွင်သာ တွက်ချက်မှုအရ ပါဝင်သွားခြင်း အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒလမြို့နယ်ဟာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စက်မှုဖွံ့ဖြိုးရေးနယ်မြေသတ်မှတ်ပြီး ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများ ဖော်ဆောင်ရန်ရှိရာ ဒေသတွင်းတွင်လည်း အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ သေချာသလောက်ရှိတဲ့အပြင် မကြာမီကာလအတွင်း ဒလ-ရန်ကုန်မြစ်ကူးတံတားကြီး တည်ဆောက်မှာဖြစ်တဲ့အတွက် ဒလမြို့နယ်၏ မြို့ပြဆိုင်ရာစီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲဧကန်ဖြစ်ပါကြောင်း လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးကို တင်ပြလိုပါတယ်ခင်ဗျား။ ဒလမြို့မှာ မြန်မာ့စီးပွားရေးဘဏ်မရှိဘဲ ပုဂ္ဂလိကဘဏ်အနေနဲ့ KBZ တစ်ခုသာရှိပါတယ်။ အစိုးရဌာနဆိုင်ရာများက ငွေကြေးထုတ်ယူသုံးစွဲခြင်းနဲ့ပတ်သက်ပြီး အစိုးရရဲ့ဘဏ်ဖြစ်တဲ့ မြန်မာ့စီးပွားရေးဘဏ်ကို ပိုမိုယုံကြည်အားကိုးတဲ့အတွက်အကြောင့် ရန်ကုန်မြစ်တစ်ဖက်ကမ်းသို့ သွားရောက်ဆောင်ရွက်ကြရခြင်း ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်နဲ့ပတ်သက်ပြီး ဆောင်ရွက်တဲ့ကိစ္စရပ်တွေအတွက် ဒလမြို့နယ်မှာ မြန်မာ့စီးပွားရေးဘဏ်တစ်ခု ဖွင့်လှစ်ပေးပါက ပိုမိုကောင်းမွန်လာမည်ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်လုပ်ငန်းတွေလည်း ပိုမိုအောင်မြင်လာမှာဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ဆောက်လုပ်မည့် မြေနေရာနဲ့ပတ်သက်လို့ကတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အစိုးရစီမံခန့်ခွဲခွင့်ရှိသော မြေဧရိယာအလုံအလောက် ဒလမြို့မှာရှိပါတယ်။ အထက်ပါ Power Point မှာပြထားတဲ့ အမှတ် ၃၃၇၈ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ဒလ-တွံတေးလမ်းမကြီးဘေးမှ မြေနေရာဟာ လျာထားပြီးဖြစ်တဲ့အပြင် ငွေသိုလှောင်ခန်းဆောက်ရန် ဒလမြို့နယ်ရဲစခန်းအတွင်းမှာလည်း အလားတူ လျာထားပြီးဖြစ်ပါတယ်။ အဲဒီအကြောင်းအချက်တွေကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်း

ထားတဲ့ ကြယ်ပွင့်ပြမေးခွန်းကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားပေးပါရန် လေးစားအပ်သော ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးရဲ့ ပြည်သူလူထုနှင့် အစိုးရဌာနဆိုင်ရာများအတွက် ငွေကြေးအပ်နှံထုတ်ယူသုံးစွဲခြင်း လျင်မြန်လွယ်ကူချောမွေ့စေရန် ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့ပေါ်မှာ မြန်မာ့စီးပွားရေးဘဏ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်ကဲ့သို့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်မှာ တိုင်းဒေသကြီး/ပြည်နယ်ရုံးပေါင်း ၁၄ ခုဖွင့်ထားပါတယ်။ ခရိုင်ဘဏ်ခွဲအနေဖြင့် ဘဏ်ခွဲ ၇၇ ခု၊ မြို့နယ်ဘဏ်ခွဲ ၂၁၄ ခု၊ ဘဏ်ငွေတိုက်ခွဲအဆင့် ၁၈ ခု၊ ကိုယ်စားလှယ်ရုံးခွဲအဆင့် ၅ ခု စုစုပေါင်းအားဖြင့် ဘဏ်ခွဲ ၃၁၄ ခု ဖွင့်လှစ်ပြီးတော့ အစိုးရဌာနဆိုင်ရာများနဲ့ ပြည်သူလူထုအတွက် ငွေကြေးဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်မှာ ပြည်သူလူထုနဲ့ အစိုးရဌာနဆိုင်ရာများအတွက် ငွေကြေးအပ်နှံထုတ်ယူသုံးစွဲခြင်း လျင်မြန်လွယ်ကူချောမွေ့စေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသကဲ့သို့ ဒလမြို့နယ်ဘဏ်ခွဲအဆင့် ဖွင့်လှစ်သင့်ကြောင်း မြန်မာ့စီးပွားရေးဘဏ်စီမံခန့်ခွဲမှုအဖွဲ့က သုံးသပ်တင်ပြထားပြီးဖြစ်ပါတယ်။ ယခုအခါမှာ ဒလ-တွံတေးကားလမ်းဘေး၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့မှာ ပေ ၁၀၀ x ၁၁၀ အကျယ်အဝန်းရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ပိုင် မြေကွက်ပေါ်မှာ ဘဏ်ခွဲအဆောက်အဦသစ် ပေ ၅၀ x ပေ ၃၀ RC တစ်ထပ်အဆောက်အဦ ဆောက်လုပ်ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေလျာထားတောင်းခံ ဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်က စိစစ်ပြီးတဲ့အချိန်မှာ ရန်ပုံငွေသန်း ၆၀ ရရှိခဲ့ပါတယ်။ ဘဏ်ခွဲအဆောက်အဦသစ်ကို ဆောက်လုပ်နိုင်ရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်ပေးပါရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လုပ်ငန်းအပ်နှံဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ အဆိုပါဘဏ်ခွဲအဆောက်အဦနှင့်အတူ ရဲစခန်းဝန်းအတွင်းမှာ ငွေသိုလှောင်ခန်းအဆောက်အဦကို ကျွန်တော်တို့ ဆောက်လုပ်ဖို့ဖြစ်တဲ့အတွက်ကြောင့် ရန်ပုံငွေကို တစ်ပြိုင်တည်း တင်ပြတောင်းခံခဲ့ရာမှာ လွှတ်တော်ပူးပေါင်းစိစစ်ရေးအဖွဲ့ ၆ က စိစစ်တဲ့အခါမှာ ဖြတ်တောက်မှုမှာပါဝင်သွားခဲ့တဲ့အတွက်ကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ တင်ပြတောင်းခံတဲ့အချိန်မှာ ငွေသိုလှောင်ခန်းဆောက်လုပ်ရန်အတွက် ပြန်လည်တင်ပြတောင်းခံဖို့ ကျွန်တော်တို့စီစဉ်ထားပါတယ်။ ဘဏ်ခွဲအဆောက်အဦနှင့် ငွေသိုလှောင်ခန်းအဆောက်အဦများ ဆောက်လုပ်ပြီးစီးတဲ့အခါ ဒလမြို့မှာ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲကို ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ငပုတောမြို့နယ် ကျုံကူးတိုက်နယ်အတွင်းရှိ လျှပ်စစ်မီးမရရှိသေးသော ကျေးရွာများအတွက် လျှပ်စစ်မီးလင်းရေးကိစ္စများဆက်လက်ဆောင်ရွက်ခြင်းမရှိဘဲ အဘယ်ကြောင့်ကြန့်ကြာနေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းအောင်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ငပုတောမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ကျုံကူးတိုက်နယ်အတွင်းမှာရှိတဲ့ လျှပ်စစ်မီးမရရှိသေးသောကျေးရွာများအတွက် လျှပ်စစ်မီးလင်းရေးကိစ္စများ ဆက်လက်ဆောင်ရွက်ခြင်းမရှိဘဲ အဘယ်ကြောင့် ကြန့်ကြာနေသည်ကို သိရှိလိုခြင်းနှင့် မည်သည့်ဘတ်ဂျက်နှစ်မှာ ထည့်သွင်းဆောင်ရွက်မည်ကို သိရှိလို၍ မေးမြန်းတဲ့မေးခွန်းပဲဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆိုရင် ကျွန်တော်တို့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လျှပ်စစ်စွမ်းအင်ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် အထူးအားသွန်ခွန်စိုက်ကြိုးပမ်းနေတာကို တွေ့မြင်ကြားသိနေရလို့လည်း ကျွန်တော်တို့ ငပုတောမဲဆန္ဒရှင်ပြည်သူများက ဝမ်းပန်းတသာနဲ့မျှော်လင့်နေကြပါတယ်။ သို့သော်လည်း တစ်မြို့နယ်လုံးအတိုင်းအတာနှင့် လျှပ်စစ်မီးရရှိမှုကတော့ တရားဝင်စာရင်းများအရ များစွာနိမ့်ကျနည်းပါးနေသေးကြောင်းလည်း တွေ့ရမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ကျုံကူးတိုက်နယ်အတွင်းမှာဆိုလို့ရှိရင်တော့ ဆေးရုံတွေ၊ ကျောင်းတွေ၊ ကတ္တရာလမ်းတွေ၊ သောက်သုံးရေတွေ၊ လျှပ်စစ်မီးတွေ၊ ဆိုလာမီးတွေနဲ့ ကုန်လုံပြည့်စုံအောင် အထူးဖြည့်ဆည်းဆောင်ရွက်ပေးထားပါသော်လည်း ကျန်တဲ့ကျေးရွာအချို့မှာ ယနေ့တိုင် လျှပ်စစ်မီးနဲ့ ရာသီမရွေးသွားလာနိုင်တဲ့လမ်းတွေလည်းမရှိကြသေးပါ။ ကျေးဇူးပြုပြီးတော့ Power Point နဲ့ရှင်းလင်းခွင့်ပြုပါခင်ဗျား။ ဒါကတော့ ငပုတောမြို့နယ်၊ ကျုံကူးတိုက်နယ်ဆေးရုံအတွင်းမှာရှိတဲ့ လျှပ်စစ်မီးမရရှိသေးတဲ့ကျေးရွာတွေကို အပြာရောင်ကွင်းလေးတွေဝိုင်းပြထားပါတယ်။ အဲဒီမှာဆိုလို့ရှိရင်တော့ လျှပ်စစ်မီးမရရှိတဲ့ကျေးရွာတွေကတော့ မြို့သစ်ကျေးရွာအုပ်စုဖြစ်ပါတယ်။ အဲဒီမှာ ကျေးရွာခွဲပေါင်း လေးခုရှိပါတယ်။ နောက်တစ်ခါ ဘုရားလှ၊ စမ်းကြီး၊ ညောင်ဝိုင်း၊ သဲကုန်းကြီး အစရှိတဲ့ကျေးရွာများဟာ ယနေ့တိုင် မီးမလင်းနိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ ကျုံကူးတိုက်နယ်အတွင်းမှာရှိတဲ့ လျှပ်စစ်မီးရရှိရန် ကျန်ရှိနေသေးတဲ့ကျေးရွာအုပ်စုများကို ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်အခါမှာ လျှပ်စစ်စွမ်းအင်ဖြည့်ဆည်း

ဆောင်ရွက်ပေးမယ်ဆိုတာကို သိရှိလိုတဲ့တွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ ကျုံကူးတိုက်နယ် အတွင်းမှာ ကျေးရွာအုပ်စု ၈ အုပ်စုအနက်မှ ကျေးရွာပေါင်း ၂၆ ရွာတည်ရှိနေတာ ဖြစ်ပါတယ်။ အဆိုပါ ကျေးရွာများအနက်က ကျုံကူးကျေးရွာ၊ ပျဉ်မကွင်းကျေးရွာ၊ ရဲခေါင်ကြီး(တောင်)ကျေးရွာ၊ ရဲခေါင်ကြီး(မြောက်)ကျေးရွာ၊ ရေကျော်ကျေးရွာနှင့် ရေတွင်းကုန်းကျေးရွာ စတဲ့ကျေးရွာခြောက်ရွာဟာ ၂၀၁၆ ခုနှစ်ကနေစပြီး ဓာတ်အားစနစ်ကနေ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါတယ်။ Power Point ဖြင့် ဆက်လက်ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ညောင်ဝိုင်းကျေးရွာကို လျှပ်စစ်မီးရရှိရေးအတွက် မြေပုံရဲ့မြောက်ဘက်မှာတည်ရှိတဲ့ ပျဉ်မကွင်းကျေးရွာကနေပြီးတော့ ၁၁ ကေဗွီဓာတ်အားလိုင်းဆွဲ၍သော်လည်းကောင်း၊ ဘုရားလှ(တောင်)ကျေးရွာနှင့် ဘုရားလှ(မြောက်) ကျေးရွာတို့ လျှပ်စစ်ဓာတ်အားရရှိရန် မြေပုံမှာတောင်ဘက်အခြမ်းမှာ တည်ရှိနေတဲ့ ရေတွင်းကုန်းကျေးရွာကနေပြီးတော့ ၁၁ ကေဗွီလိုင်း တည်ဆောက်၍သော် လည်းကောင်း၊ NEP စီမံကိန်းရဲ့ ပထမအဆင့်မှာ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ရေတွင်းကုန်းလေးကျေးရွာနှင့် သက်န်းကုန်းလေးကျေးရွာနှစ်ရွာတို့ဟာ တစ်ရွာမှာ အိမ်ခြေ ၆၀ ခန့် ဝန်းကျင်သာရှိပြီးတော့ ဘုရားလှ(တောင်)ကျေးရွာနှင့် တစ်ဆက်တစ်စပ်တည်းတည်ရှိပြီးတော့ ကျေးရွာအတွင်းမှာရှိတဲ့ ၄၀၀ ဗို့ ဓာတ်အားလိုင်းတွေကိုလည်း အဆိုပါကျေးရွာသုံးရွာကပူးပေါင်းပြီး ဆောင်ရွက်ထားတာဖြစ်တဲ့ အတွက်ကြောင့် ဘုရားလှ(တောင်)ကျေးရွာက NEP ရဲ့ ပထမအဆင့်မှာ ဓာတ်အားရရှိသွားတာနဲ့ တစ်ပြိုင်နက် ရေတွင်းကုန်းလေးကျေးရွာနှင့် သက်န်းကုန်းလေးကျေးရွာ နှစ်ရွာဟာလည်း တစ်ပြိုင်နက် လျှပ်စစ်ဓာတ်အားရရှိသွားမှာဖြစ်ပါတယ်။ နောင်မှာ လျှပ်စစ်ဓာတ်အား သုံးစွဲမှုတိုးတက်လာလို့ရှိရင် ထပ်မံလိုအပ်မယ့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာကိုလည်း တိုင်းဒေသကြီးအစိုးရရဲ့ ဘတ်ဂျက်နဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ ကျုံကူးတိုက်နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု ၈ အုပ်စုမှ မီးလင်းရန် ထပ်မံကျန်ရှိနေတဲ့ ကျေးရွာ ၁၅ ရွာအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့အတွက် လိုအပ်တဲ့ ၁၁ ကေဗွီဓာတ်အားလိုင်းနဲ့ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများကို ၂၀၁၉-၂၀၂၀

ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ တိုင်းဒေသကြီးအစိုးရရဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်မယ့်လုပ်ငန်းများမှာ အဆင့်အလိုက် ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မိုင်းစံမြို့ ၂၄ နာရီလျှပ်စစ်မီးရရှိရေးအတွက် မိုင်းနောင်မြို့ ၅ အမ်ဗွီအေဓာတ်အားခွဲရုံမှ မိုင်းစံမြို့သို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၂၆ မိုင်သွယ်တန်းပြီး မိုင်းစံမြို့တွင် ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ခြင်း၊ ၁၁ ကေဗွီလိုင်း၊ ၄၀၀ ဗို့အားလိုင်းတည်ဆောက်ခြင်း၊ ၂၀၀/၁၆၀ ကေဗွီအေ ထရန်စဖော်မာများ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းအေး(မိုင်းရှူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းရှူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းစံမြို့ ၂၄ နာရီလျှပ်စစ်မီးရရှိရေးအတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ် အတွင်းမှာပါဝင်တဲ့ မိုင်းစံမြို့ကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၂-၁-၂၀၁၁ ရက်စွဲပါအမိန့်ကြော်ငြာစာ နှင့် ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာအုပ်စုလေးအုပ်စုတို့ကိုစုစည်းပြီး မိုင်းစံမြို့နယ်ခွဲအဖြစ် ကနဦး စတင်ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီနောက် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ်(၆၁၁/၂၀၁၄) နဲ့ ရပ်ကွက်သုံးရပ်ကွက်ပါဝင်တဲ့ မိုင်းစံမြို့အဖြစ်ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။ ဒါပေမဲ့ မိုင်းစံမြို့ကို မြို့အဖြစ်သတ်မှတ်ပေးခဲ့သော်လည်း ယခုအချိန်ထိတိုင် လျှပ်စစ်မီးအပြည့်အဝသုံးစွဲခွင့်မရရှိသေးတဲ့ အတွက်ကြောင့် မြို့အဆင့်အတန်းနှင့် ကိုက်ညီမှုမရှိသေးဘဲ တိုးတက်စည်ပင်သင့်သလောက် မတိုးတက်ဘဲရှိနေပါတယ်။ ဒေသတွင်းရှိ ပြည်သူများရဲ့စီးပွားရေး၊ လူမှုရေး၊ စက်မှုလက်မှုလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးအပိုင်းမှာလည်း များစွာနိမ့်ကျလျက်ရှိပါတယ်။ ဒါကြောင့် ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲ နွမ်းပါးမှုလျှော့ချရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များပေါ်ထွန်းလာစေရေးအတွက် ၂၄ နာရီ လျှပ်စစ်မီးရရှိရေးလုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ပေးသွားဖို့ လိုအပ်လျက်ရှိနေပါတယ်။ အဆိုပါ အားနည်းချက်ကြောင့်လည်းပဲ နိုင်ငံတော်ဘဏ္ဍာငွေအမြောက်အမြားဖြင့်တည်ဆောက်ပြီးစီးခဲ့တဲ့ မိုင်းစံ ဆေးရုံကြီးနှင့် ဌာနဆိုင်ရာရုံးအဆောက်အဦတို့ဟာ ယနေ့တိုင်လုပ်ငန်းလည်ပတ်နိုင်ခြင်းမရှိသေးတာ ကိုလည်း တွေ့ရှိရပါတယ်။ ယခုအခါ လွိုင်လင်ခရိုင်အတွင်းရှိမြို့အများစုဟာ ကျိုင်းတောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံကနေပို့လွှတ်လာတဲ့ မဟာဓာတ်အားလိုင်းကနေပြီး ၂၄ နာရီလျှပ်စစ်မီး ရရှိနေကြပြီဖြစ်ပါတယ်။ အနီးပတ်ဝန်းကျင်မြို့တွေဖြစ်တဲ့ မိုင်းရှူး၊ မိုင်းနောင်၊ ကျေးသီး၊ ကာလိ၊ ဟိုလန်၊ ကွန်ဟိန်းတို့သာမက အခြားသောကျေးရွာအုပ်စုတွေဆီကိုပါ လျှပ်စစ်ဓာတ်အားရောက်ရှိ ဖြန့်ဖြူးပေးထားပြီးလည်းဖြစ်ပါတယ်။ ဒါပေမဲ့ မိုင်းစံမြို့ကတော့ တစ်နေ့လျှင်သုံးနာရီခန့်သာ

ရပ်ကွက်နေအိမ်ခြေတချို့ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်သည်မှလွဲပြီး ယနေ့အချိန်ထိတိုင် လျှပ်စစ်မီး အပြည့်အဝရရှိခြင်းမရှိသေးဘဲ ကွက်ပြီးတော့ကျန်ရှိနေပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်တဲ့နေရာ မှာ လျှပ်စစ်စွမ်းအားဟာ မရှိမဖြစ်အရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်လျက်ရှိပါတယ်။ ဒါကြောင့် လည်းပဲ နိုင်ငံတော်သမ္မတကြီးရဲ့ မြန်မာနှစ်သစ်ကူးမိန့်ခွန်းမှာ လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ ယခု လက်ရှိ ထုတ်လုပ်နေတဲ့ မဂ္ဂါဝပ် ၃၀၀၀ ကနေ လာမယ့်သုံးနှစ်အတွင်း နောက်ထပ် မဂ္ဂါဝပ် ၃၀၀၀ ကို ထပ်မံ တိုးမြှင့်ပြီး စုစုပေါင်းမဂ္ဂါဝပ် ၆၀၀၀ ထိ ထုတ်လုပ်သွားဖို့ ကတိပေးပြောကြားခဲ့ပါတယ်။ အလားတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကလည်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်(National Electrification Plan-2014)အရ ၂၀၃၀ ခုနှစ်မှာ တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ ၁၀၀ ရာခိုင်နှုန်း ကို လျှပ်စစ်ဓာတ်အားရရှိစေဖို့ စီမံချက်ရေးဆွဲထားသလို National Grid ဓာတ်အားစနစ်မှ ကီလိုမီတာ ၅၀ အကွာအဝေးအတွင်းနေထိုင်တဲ့သူ ၉၉ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ပေးနိုင်ဖို့ ထည့်သွင်းရေးဆွဲထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒ့ါအပြင် ရှမ်းပြည်နယ် (တောင်ပိုင်း)က တောင်ကြီး၊ လွိုင်လင်၊ လင်းခေးခရိုင်အတွင်းမှာရှိတဲ့ ကျေးရွာပေါင်း ၄၁၆ ရွာကို လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဂျာမနီချေးငွေ ယူရို ၂၃.၈၈၃ သန်းနဲ့ အကောင်အထည်ဖော် သွားရမယ့်စီမံကိန်းကိုလည်း ရေးဆွဲအတည်ပြုထားပြီးဖြစ်ကြောင်း တာဝန်ရှိသူတွေက လွှတ်တော်မှာ ရှင်းလင်းတင်ပြချက်အရ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ မိဘပြည်သူများရဲ့ကိုယ်စား မေးမြန်းလိုတာကတော့ ဒေသရဲ့လိုအပ်ချက်အရ မိုင်းစံမြို့ ၂၄ နာရီလျှပ်စစ်မီးရရှိရေးအတွက် မိုင်းနောင်မြို့ ၅ အမ်ဗွီအေဓာတ်အားခွဲရုံမှ မိုင်စံမြို့သို့ ၆၆ ကေဗွီဓာတ်အားလိုင်း ၂၆ မိုင်သွယ်တန်းပြီး မိုင်းစံမြို့တွင် ၅ အမ်ဗွီအေဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ခြင်း၊ ၁၁ ကေဗွီလိုင်း၊ ၄၀၀ ဗို့အားလိုင်းတည်ဆောက်ခြင်း၊ ၂၀၀/၁၆၀ ကေဗွီအေ ထရန်စဖော်မာများတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် အမြန်ဆုံးဆောင်ရွက် ပေးသွားမည်ကိုသိရှိလိုပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ မိုင်းရှူး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းစံမြို့မှာ အိမ်ခြေပေါင်း ၄၆၆ အိမ်ရှိပြီးတော့ အဆိုပါ မိုင်းစံမြို့ကို ဒီဇယ်ဓာတ်အားပေးစက်နှစ်လုံးဖြင့် အချိန်ပိုင်းလျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေး

နေတာဖြစ်ပါတယ်ခင်ဗျား။ Power Point အသုံးပြု၍ ရှင်းလင်းခွင့်ပြုပါ။ မိုင်းစံမြို့နှင့်အနီးပတ်ဝန်းကျင်ကျေးရွာများကို ဓာတ်အားစနစ်ကနေ ဓာတ်အားဖြန့်ဖြူးပေးနိုင်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတဲ့ လက်ရှိ မိုင်းနောင် ၅ အမ်ဗွီအေဓာတ်အားခွဲရုံကနေ မိုင်းစံမြို့ကို ၆၆ ကေဗွီဓာတ်အားလိုင်း ၂၆ မိုင်သွယ်တန်းဖို့ကိစ္စရပ်ကို လေ့လာကြည့်တဲ့အခါမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုရှိတဲ့အတွက်ကြောင့် ဓာတ်အားလိုင်းကိုတည်ဆောက်ရာမှာလည်း အခက်အခဲရှိနိုင်သလို ဓာတ်အားလိုင်းကို ဓာတ်အားလွှတ်ပြီးတဲ့အချိန်မှာ ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရာမှာလည်း အခက်အခဲရှိနိုင်တဲ့အတွက်ကြောင့် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်တဲ့ မိုင်းရှူးကနေ မိုင်းစံလမ်းမရဲ့ဘေးတစ်လျှောက်ကနေ ဓာတ်အားလိုင်း ၂၆ မိုင်သွယ်တန်းကာ မိုင်းစံမြို့မှာ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံတည်ဆောက်ပေးဖို့ စီစဉ်လျာထားတာဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ မိုင်းစံဓာတ်အားခွဲရုံတည်ဆောက်ပြီးတဲ့အချိန်မှာ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန်အတွက် လိုအပ်သော ၁၁ ကေဗွီဓာတ်အားလိုင်းများနှင့် ၁၁/၀.၄ ကေဗွီထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ရန်ပုံငွေမှာ ဘဏ္ဍာရေးနှစ်အလိုက်ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**မြန်မာနိုင်ငံအတွင်း မြွေကိုက်ခံရမှုများနှင့်ပတ်သက်၍ အနီးစပ်ဆုံး(၅)နှစ်တာကာလအတွင်း မြွေကိုက်ခံရမှုအခြေအနေများကိုသိလိုခြင်း၊ BPI မှ ထုတ်လုပ်နိုင်သည့်မြွေဆိပ်ဖြေဆေးများပြည်ပသို့ တင်ပို့ရောင်းချရန် လျာထားချက်၊ ဈေးကွက်အခြေအနေအားသိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်က ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းက ကျေးလက်နေပြည်သူတွေ ကောက်ပဲသီးနှံရိတ်သိမ်းတဲ့အချိန်ကာလမှာ တွေ့ကြုံရတဲ့ မြွေကိုက်ခံရတဲ့အခါမှာ အသုံးပြုတဲ့အဆိပ်ဖြေဆေးနဲ့ပတ်သက်တဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးရတဲ့ရည်ရွယ်ချက်က ပြည်သူများရဲ့စိုးရိမ်ပူပန်မှုအပေါ်မှာ နိုင်ငံတော်က ဆောင်ရွက်ထားတဲ့အခြေအနေနဲ့ နိုင်ငံခြားငွေရရှိဖို့ စီစဉ်ဆောင်ရွက်နေမှုအနေအထားတွေကို ပြည်သူတွေကို သိစေလိုတဲ့ရည်ရွယ်ချက်နဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်။ ၃-၈-၂၀၁၈ ရက်နေ့ ကုမုဒြာဂျာနယ်သတင်းတစ်ပုဒ်မှာပါတဲ့ BPI ကထုတ်လုပ်တဲ့ မြွေဆိပ်ဖြေဆေးကို အိမ်နီးချင်း လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်နေတဲ့ သတင်းနှင့်ပတ်သက်ပြီးတော့ ပြည်သူတွေရဲ့စိုးရိမ်ပူပန်မှုအပေါ် အခြေခံတဲ့မေးခွန်းဖြစ်ပါတယ်။ ယခင်က မြန်မာပြည်မှာ မြွေဆိပ်ဖြေဆေးကို မြွေပွေးနှင့်မြွေဟောက်နှစ်မျိုး ထုတ်လုပ်ပြီးတော့ ကိုက်ခံရတဲ့

မြွေအမျိုးအစားလည်းမတူညီတဲ့အဆိပ်အမျိုးအစားပေါ်မူတည်ပြီးတော့ အဆိပ်ဖြေဆေးကို ထိုးပေးရပါတယ်။ အကိုက်ခံရတဲ့သူက မြွေအမျိုးအစားမခွဲခြားနိုင်တဲ့အခါမှာ အသုံးပြုရတဲ့အဆိပ်ဖြေဆေး ခွဲခြားဖို့ အခက်အခဲဖြစ်ကြောင်းလည်း သိရပါတယ်။ ငန်းတော်ကြားမြွေမှာတော့ မြွေပွေးနှင့် မြွေဟောက်နှစ်မျိုးလုံးရဲ့အဆိပ်ပါဝင်ကြောင်းလည်းသိရပြီးတော့ ငန်းတော်ကြားမြွေအကိုက်ခံရမှုကတော့ အနည်းငယ်လောက်ပဲရှိကြောင်း သိရပါတယ်။ လက်ရှိသိရတာကတော့ BPI အနေနဲ့ မြွေဆိပ်ဖြေဆေးကို တစ်မျိုးတည်းပဲထုတ်လုပ်ပြီးတော့ မြွေအမျိုးအစားမခွဲခြားဘဲ အသုံးပြုနိုင်ကြောင်းလည်း သိရပါတယ်။ မြွေဆိပ်ဖြေဆေး ထုတ်လုပ်တာနဲ့ပတ်သက်ပြီး ပြည်တွင်းမှာ နှစ်စဉ်လိုလိုဖြစ်ပွားနေတဲ့ မြွေကိုက်ခံရမှု၊ လူနာအခြေအနေ၊ ဆေးထုတ်လုပ်ဖြန့်ဝေပေးနိုင်မှု၊ ဆေးအသုံးပြုနိုင်မှု၊ သေဆုံးသွားတဲ့လူနာအခြေအနေ၊ ပြည်တွင်းအသုံးပြုဖို့လိုအပ်တဲ့ဆေးပမာဏ၊ ပိုမိုထုတ်လုပ်တဲ့ဆေးပမာဏ၊ ဆေးလိုအပ်တဲ့ဈေးကွက်အနေအထား၊ ထုတ်လုပ်တဲ့ဆေးဝါးတွေရဲ့အရည်အသွေးအာမခံချက်၊ ဈေးကွက်ရဲ့လက်ခံယုံကြည်အားကိုးနိုင်မှုအနေအထား စတဲ့အခြေအနေပေါင်းစုံကို ဘက်စုံထောင့်စုံက လေ့လာဆန်းစစ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ မြန်မာအိမ်နီးချင်းအာရှနိုင်ငံတွေမှာ ဆင်းရဲတဲ့ပြည်သူအများစုရှိတာဆိုလို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံပဲရှိပြီးတော့ အဆိပ်ရှိတဲ့မြွေပေါတာလည်း ဒီနိုင်ငံတွေမှာလည်းရှိလို့ ကျေးလက်နေလယ်ယာလုပ်ငန်းလုပ်ကိုင်သူတွေထဲ မြွေအန္တရာယ်ကို အများဆုံးခံကြရပါတယ်။ လက်ရှိမှာတော့ ကျွဲ၊ နွားတွေကို အခြေခံတဲ့ လက်မှုလယ်ယာကနေ စက်မှုလယ်ယာကို ပြောင်းလဲလာတာနဲ့အမျှ ရိတ်သိမ်းလာတဲ့ရာသီမှာဖြစ်ပွားလေ့ရှိတဲ့ မြွေကိုက်ခံရတဲ့ အန္တရာယ်လည်းပဲ လျော့နည်းကျဆင်းလာနိုင်တာဖြစ်လို့ ပြည်တွင်းမြွေဆိပ်ဖြေဆေးလိုအပ်ချက်ကလည်း လျော့နည်းကျဆင်းလာမှာဖြစ်လို့ ပြည်သူတွေ ထင်မြင်ယူဆသလို မြွေဆိပ်ဖြေဆေးမလုံလောက်မှု မဖြစ်နိုင်တော့ဘူးလို့ ယူဆပါတယ်။ လက်ရှိမြွေဆိပ်ဖြေဆေးဈေးနှုန်းဟာ ၃၀၀၀၀ ကျပ်၊ ၄၀၀၀၀ ကျပ်အထက်မှာရှိနေတဲ့အတွက်ကြောင့် ကျေးလက်နေ ဆင်းရဲတဲ့တောင်သူတွေအတွက်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်နေလို့ ငွေကြေးအခက်အခဲကြောင့် မြွေကိုက်ခံရတဲ့အခါမှာ အသက်ဆုံးရှုံးမှုတွေ တွေ့ကြုံနိုင်ကြောင်းလည်း သုံးသပ်ရပါတယ်။ Power Point သုံးစွဲခွင့်ပြုစေချင်ပါတယ်။

ဒါကတော့ အာရှတိုက်မှာရှိတဲ့ အဆိပ်ရှိတဲ့မြွေအမျိုးအစားအချို့ပါ။ ဒါကလည်းပဲ အာရှတိုက်မှာရှိ တဲ့ အဆိပ်ရှိတဲ့မြွေအမျိုးအစားတွေ ဖြစ်ပါတယ်။ ဒါကတော့ အာဖရိကတိုက်ကနေ အဆိပ်ရှိတဲ့ မြွေအမျိုးအစားဖြစ်ပါတယ်။ ဒါကလည်းပဲ အာဖရိကတိုက်မှာရှိတဲ့ အဆိပ်ရှိတဲ့ မြွေအမျိုးအစားအချို့ဖြစ်ပါတယ်။ ဒါကတော့ ဥရောပမှာရှိတဲ့ အဆိပ်ရှိတဲ့မြွေအမျိုးအစားဖြစ်ပါတယ်။ ဒါကလည်းပဲ အမေရိကတိုက်မှာရှိတဲ့ အဆိပ်ရှိတဲ့မြွေအမျိုးအစားတွေ ဖြစ်ပါတယ်။ ဒါလည်း အမေရိကတိုက်မှာရှိတဲ့ အဆိပ်ရှိတဲ့မြွေအမျိုးအစားတွေ ဖြစ်ပါတယ်။ ဒါကတော့ အခုနက ဥရောပတိုက်မှာရှိတဲ့ အဆိပ်ရှိတဲ့ မြွေအမျိုးအစားအချို့ ဖြစ်ပါတယ်။ ဒါကတော့ အဆိပ်အပြင်းဆုံးမြွေအမျိုးအစား ၁၀ မျိုး ဖြစ်ပါတယ်။ ဒါကလည်း အဆိပ်ပြင်းတဲ့ မြွေအမျိုးအစားတွေ ဖြစ်ပါတယ်။ ဒါကလည်း အခုနက အဆိပ်အပြင်းဆုံးမြွေအမျိုးအစား ၁၀ မျိုး ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကိုမေးမြန်းလိုတာကတော့ မြန်မာနိုင်ငံမှာ တွေ့ရှိတဲ့ နှစ်စဉ်လိုလိုမြွေကိုက်ခံရမှုနဲ့ပတ်သက်ပြီးတော့ အနီးစပ်ဆုံး ငါးနှစ်တာကာလအတွင်း မြွေကိုက်ခံရတဲ့လူနာဦးရေ၊ ကုသပေးနိုင်မှု၊ သေဆုံးမှု၊ မြွေကိုက်ခံရမှုအများစုဖြစ်ပွားတဲ့ ပြည်နယ်နှင့်

တိုင်းဒေသကြီးများ၊ BPI မှာ ထုတ်လုပ်ဖြန့်ဖြူးနိုင်တဲ့ မြွေဆိပ်ဖြေဆေးပမာဏ၊ ပြည်တွင်းမှာရှိတဲ့ ဆေးရုံ၊ ဆေးပေးခန်းကို ဖြန့်ဖြူးပေးနိုင်တဲ့ပမာဏ၊ ပြည်တွင်းသုံးစွဲတဲ့ မြွေဆိပ်ဖြေဆေးဈေးနှုန်းအား ဆင်းရဲသားကျေးလက်နေပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် အချိန်မီအသက်ကယ်တင်နိုင်ရေးစီမံဆောင်ရွက်နိုင်မှု၊ BPI မှထုတ်လုပ်နိုင်တဲ့ မြွေဆိပ်ဖြေဆေးများကနေပြီးတော့ ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချရန်လျာထားချက်နှင့် ဈေးကွက်အနေအထားအရ တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းချပြနိုင်ရေး အများပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်ခင်ဗျား။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့မေးခွန်းနဲ့စပ်လျဉ်း၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point ဖြင့်ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။

မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း မြွေကိုက်ခံရတဲ့ လူနာဦးရေ ၇၆၈၁၂ ဦးရှိခဲ့ရာ ကုသပေးနိုင်မှုဦးရေ ၇၄၀၈၉ ဦးနဲ့ သေဆုံးသူဦးရေ ၂၇၂၃ ဦး ရှိခဲ့ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့စာရင်းများအရ ၂၀၁၇ ခုနှစ်အတွင်း မြွေကိုက်ခံရမှု အများဆုံးဖြစ်ပွားခဲ့တဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့ပဲ ဖြစ်ကြပါတယ်။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းရှိ ဆေးဝါးစက်ရုံ(အင်းစိန်)၊ BPI မှ မြွေဆိပ်ဖြေဆေးများကို ထုတ်လုပ်ပေးလျက်ရှိနေပါတယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပွားလေ့ရှိတဲ့ မြွေကိုက်ခံရမှုဖြစ်စဉ်ရဲ့ ၉၀ ရာခိုင်နှုန်းမှာ မြွေပွေးကိုက်ခံရတာဖြစ်ပြီး ၆ ရာခိုင်နှုန်းမှာ မြွေဟောက်ကိုက်ခံရခြင်းဖြစ်ကာ ကျန် ၄ ရာခိုင်နှုန်းကတော့ အခြားမြွေအမျိုးအစားများကိုက်ခံရခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် ဆေးဝါးစက်ရုံ (အင်းစိန်)အနေနဲ့ မြွေပွေးအဆိပ်ဖြေဆေးကို ၉၀ ရာခိုင်နှုန်းထုတ်လုပ်ပြီး မြွေဟောက်အဆိပ်ဖြေဆေးကို ၁၀ ရာခိုင်နှုန်းထုတ်လုပ်ပါတယ်။ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုသဘောသဘာဝကို အကျဉ်းမျှတင်ပြလိုပါတယ်။ ရှေးဦးစွာ မြွေမှမြွေဆိပ်ကိုထုတ်ယူရပါတယ်။ ထို့နောက် မြွေဆိပ်ယဉ်ပါးတိရစ္ဆာန် (Immunized Animal)အဖြစ် အသုံးပြုရတဲ့ မြင်းရဲ့သွေးအတွင်းသို့ မြွေဆိပ်ကို ထိုးသွင်းရပါတယ်။ ထိုသို့ပြုလုပ်တဲ့အခါ ခုခံနိုင်စွမ်းရှိတဲ့အခြေအနေအထိ သတ်မှတ်ထားတဲ့အတိုင်း အဆင့်ဆင့်ထိုးသွင်းရပါတယ်။ အဲဒီနောက် ရရှိလာတဲ့မြင်းရဲ့သွေးရည်ကြည်မှ မြွေဆိပ်ဖြေဆေးရရှိရေးအတွက် အဆင့်ဆင့်ပြုပြင်ထုတ်လုပ်ရခြင်းပဲ ဖြစ်ပါတယ်။ အဲဒီလိုမြွေဆိပ်ထိုးသွင်းတဲ့ဒဏ်ကို ခံနိုင်ရည်ရှိစေဖို့အတွက် ကျန်းမာသန်စွမ်းတဲ့မြင်းများကိုသာ အသုံးပြုရပါတယ်။ ၂၀၁၆ ခုနှစ်မတိုင်မီကာလအထိ ဆေးဝါး

စက်ရုံ(အင်းစိန်)အနေနဲ့ မြွေဆိပ်ဖြေဆေးကို ပြည်တွင်းအတွက်ပင် လုံလောက်စွာထုတ်လုပ်ပေးနိုင်မှု မရှိခဲ့ပါ။ ထိုသို့ဖြစ်ရခြင်းမှာ ထုတ်လုပ်မှုနည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်များရှိခြင်း၊ မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရာမှာ အဓိကလိုအပ်တဲ့မြင်းများကို ပြည်တွင်းမှလုံလောက်စွာဝယ်ယူရရှိနိုင်မှုမရှိခြင်း၊ မြွေဆိပ်ထိုးသွင်းဒဏ်ကြောင့် မြင်းသေဆုံးမှုနှုန်းအလွန်မြင့်မားခဲ့ခြင်း၊ ပြည်ပမှ မြင်းများဝယ်ယူ တင်သွင်းမယ်ဆိုရင်လည်း အဲဒီမြင်းတွေဟာ ရာသီဥတုဒဏ်နဲ့ ပြည်တွင်းမြွေဆိပ်ဒဏ်ကို ခံနိုင်ရည် မရှိခြင်း၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်တဲ့ စက်ပစ္စည်းများမှာ ခေတ်မမီတော့ခြင်းတို့ကြောင့်ပဲ ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ လေးနှစ်တာကာလအတွင်း မြွေဆိပ်ဖြေဆေးအလုံး ၁၇၁၅၀၀ လုံးခန့်ထုတ်လုပ်ခဲ့ရာမှာ မြင်း ၁၅၀၀ ကျော် သေဆုံးခဲ့ရပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ၂၀၁၂-၂၀၁၃ ခုနှစ် သြစတြေးလျနိုင်ငံသို့ သွားရောက်ခဲ့တဲ့ ခရီးစဉ်အတွင်း University of Sydney တွင် မြန်မာနိုင်ငံရဲ့မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုကဏ္ဍမှာ အကူအညီများပေးနိုင်ဖို့ ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ အဆိုပါညှိနှိုင်းဆွေးနွေးချက်များအရ သြစတြေးလျ နိုင်ငံရဲ့နည်းပညာအကူအညီများရရှိခဲ့ပြီး ဘရာဇီးလ်နိုင်ငံမှလည်း ပူးပေါင်းဆောင်ရွက်ခဲ့တာကြောင့် ၂၀၁၆ ခုနှစ် မေလအတွင်း ဆေးဝါးစက်ရုံ(အင်းစိန်)တွင် နိုင်ငံတကာအဆင့်မီ မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုစက်ရုံအသစ်ကို WHO GMP Guidelines များနဲ့အညီ တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ယခုအခါ ပြည်တွင်းလိုအပ်ချက်ထက်ပိုလျှံအောင်ထုတ်လုပ်နိုင်ခဲ့ပြီး မြင်းသေဆုံးမှုနှုန်းထားကိုလည်း များစွာလျှော့ချနိုင်ခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မြွေဆိပ်ဖြေဆေး ၁၁၂၄၄၄ လုံး ထုတ်လုပ်ခဲ့ရာမှာ မြင်း ၅၇ ကောင်သာသေဆုံးခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း မြွေဆိပ်ဖြေဆေး ၅၃၀၀၀ လုံး ထုတ်လုပ်ရာမှာ မြင်းလေးကောင်သာ သေဆုံးခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်တာကာလအတွင်း ဆေးဝါးစက်ရုံ(အင်းစိန်)မှ မြွေပွေးအဆိပ် ဖြေဆေးနဲ့ မြွေဟောက်အဆိပ်ဖြေဆေးစုစုပေါင်း ၄၁၆၂၁၄ လုံးထုတ်လုပ်ခဲ့ရာမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စုစုပေါင်း ၃၇၃၄၈၄ လုံးဝယ်ယူခဲ့ပြီး ကျန်တာကို အခြားဝန်ကြီးဌာန၊ အဖွဲ့ အစည်းများမှ ဝယ်ယူခဲ့ကြပါတယ်။ ကိုက်တဲ့မြွေအမျိုးအစားခွဲခြားနိုင်မှုမရှိခြင်းစတဲ့လူနာတွေကို မြွေပွေးနှင့်မြွေဟောက်အဆိပ်နှစ်မျိုးလုံးကို ဖြေပေးနိုင်တဲ့ Bivalent မြွေဆိပ်ဖြေဆေးများကိုလည်း ထုတ်လုပ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ မြေဆိပ်ဖြေဆေးများကို စက်မှုဝန်ကြီးဌာနမှ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့အစီအစဉ်နဲ့ ဆေးရုံများမှာ ပြည်သူများဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးအတွက် အခမဲ့ထိုးနှံပေးလျက်ရှိနေပါတယ်။ ဒါ့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ မြွေကိုက်ခံရတဲ့လူနာများကို အချိန်မီကယ်တင်နိုင်ရေး အတွက် မြွေဆိပ်ဖြေဆေးဓာတ်ခြောက်များကို ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။ အဲဒီဆေးတွေဟာ သာမန် အခန်းအပူချိန်မှာထားရှိနိုင်တဲ့အတွက် မြွေကိုက်မှုနှုန်းမြင့်မားတဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးများရှိ ကျေးလက်ကျန်းမာရေးဆေးပေးခန်းများမှာ အလွယ်တကူထားရှိနိုင်ရေး ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနက စီမံဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

**မှုကြမ်း**

ပြည်တွင်းလိုအပ်ချက်ထက် ပိုလျှံသောမြွေဆိပ်ဖြေဆေးများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချသွားမှာ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာ ကမ္ဘောဒီးယားနိုင်ငံနဲ့ လာအိုနိုင်ငံတို့သို့ မြွေဆိပ်ဖြေဆေးအလုံး ၅၀၀ စမ်းသပ်တင်ပို့ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း မြွေဆိပ်ဖြေဆေးအလုံး ၅၀၀၀ ခန့်ထပ်မံတင်ပို့နိုင်ရေးကို ညှိနှိုင်းဆောင်ရွက်လျက်ရှိနေပါတယ်။ ကမ္ဘာ့ရေမြေဒေသအလိုက် မြွေမျိုးစိတ်များ တူညီမှုမရှိတာကြောင့် မြွေဆိပ်ဖြေဆေးရဲ့အာနိသင်ဟာလည်း ကွာခြားမှုရှိပါတယ်။ ဒါကြောင့် ပြည်ပနိုင်ငံများသို့ မြွေဆိပ်ဖြေဆေးတင်ပို့ရောင်းချတဲ့အခါမှာ ၎င်းနိုင်ငံရဲ့ရေမြေသဘာဝနဲ့ ကိုက်ညီဖို့လိုအပ်ပါတယ်။ လာအိုနဲ့ကမ္ဘောဒီးယားနိုင်ငံတို့မှာ မြန်မာနိုင်ငံနဲ့ ရေ၊ မြေ၊ ရာသီဥတု၊ သဘာဝဆင်တူတဲ့ အင်ဒိုချိုင်းနားကျွန်းဆွယ်နိုင်ငံများဖြစ်တာကြောင့် မြွေဆိပ်ဖြေဆေးတင်ပို့ရောင်းချဖို့ရည်ရွယ်ပြီး ရွေးချယ်ခဲ့ခြင်းလည်းဖြစ်ပါတယ်။ အိမ်နီးချင်းဖြစ်တဲ့ ထိုင်းနိုင်ငံကလည်း မြွေဆိပ်ဖြေဆေးအမြောက်အမြားထုတ်လုပ်လျက်ရှိပြီး အဆိုပါနိုင်ငံများသို့ မူလကတည်းက ဖြန့်ဖြူးရောင်းချလျက်ရှိနေပါတယ်။ မြန်မာနိုင်ငံအတွင်းသို့လည်း အိမ်နီးချင်းနိုင်ငံများမှထုတ်လုပ်တဲ့ မြွေဆိပ်ဖြေဆေးများ တင်သွင်းလျက်ရှိပါတယ်။ ဆေးဝါးစက်ရုံ(အင်းစိန်)မှ ထုတ်လုပ်တဲ့မြွေဆိပ်ဖြေဆေးနဲ့ ပြည်ပမှတင်သွင်းတဲ့မြွေဆိပ်ဖြေဆေးများကို နှိုင်းယှဉ်တဲ့အခါမှာ အာနိသင်နဲ့ဈေးနှုန်းများ သိသိသာသာကွာခြားခြင်းရှိကြောင်း တွေ့ရှိရပါတယ်။ ဆေးဝါးစက်ရုံ(အင်းစိန်)ထုတ်လုပ်မြွေဆိပ်ဖြေဆေးများဟာ အာနိသင်ပိုမိုကောင်းမွန်ပြီး ဈေးနှုန်းလျော့နည်းသက်သာကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သုတေသနစာတမ်းများအရ ထင်ရှားစွာတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ မြွေမျိုးစိတ်အတွက် BPI မြွေဆိပ်ဖြေဆေးသည်သာ အထိရောက်ဆုံးနဲ့ အသက်သာဆုံးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ ပြည်ပသို့ မြွေဆိပ်ဖြေဆေးတင်ပို့ရာမှာ မြွေမျိုးစိတ်မတူညီတာကြောင့် အသုံးပြုနိုင်ရေးကန့်သတ်ချက်များရှိသလို ပြည်ပမှထုတ်လုပ်တင်သွင်းတဲ့မြွေဆိပ်ဖြေဆေးများဟာလည်း ပြည်တွင်း၌ လူနာကုသရာမှာ ထိရောက်မှုအားနည်းတာကို တွေ့ရှိရပါတယ်။ ဒီလိုဖြစ်ရခြင်းဟာ ပြည်ပမှတင်သွင်းတဲ့ မြွေဆိပ်ဖြေဆေးများဟာ ၎င်းတို့နိုင်ငံမှာရှိတဲ့ မြွေဆိပ်များကိုသာ အခြေခံပြီး ထုတ်လုပ်ထားတာကြောင့် ပြည်တွင်း၌အသုံးပြုရာမှာ ထိရောက်မှုနည်းပါးရခြင်းဖြစ်ပါတယ်။ ဆေးဝါးစက်ရုံ(အင်းစိန်)အနေနဲ့ ပြည်တွင်းမြွေဆိပ်များကိုသာ အခြေခံပြီး ထုတ်လုပ်တာကြောင့် အဆိပ်ဖြေရာမှာ ထိရောက်ပြီး ကာကွယ်မှုပေးနိုင်ဆုံးဖြစ်ပါတယ်။ မြန်မာပြည်တွင်းမှာပင် နေရာဒေသကွာခြားပါက မြွေဆိပ်ပြင်းအား ကွာခြားမှုရှိနိုင်တာကြောင့် ဆေးဝါးစက်ရုံ(အင်းစိန်)အနေနဲ့ မြွေဆိပ်ဖြေဆေးများထုတ်လုပ်ရာမှာ မြန်မာနိုင်ငံရဲ့အထက်ပိုင်း၊ အလယ်ပိုင်းနဲ့ အောက်ပိုင်းတို့မှ ရရှိတဲ့မြွေများရဲ့အဆိပ်များကိုထုတ်ယူပြီး ရောစပ်ထုတ်လုပ်ထားတဲ့အတွက် မြန်မာနိုင်ငံဒေသအသီးသီးမှ မြွေဆိပ်မှန်သမျှကို ထိရောက်စွာကုသပေးနိုင်စွမ်းရှိပါတယ်။

အခုဆိုရင် မြွေဆိပ်ဖြေဆေးဆောင်ထားလိုသူများအတွက် တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့အလိုက်ဖြစ်စေ အလွယ်တကူတိုက်ရိုက်ဝယ်ယူနိုင်ဖို့ ဆေးဝါးစက်ရုံ(အင်းစိန်)မှာ စီစဉ်ထားရှိပြီးဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်၍ တစ်နှစ်ကို မြွေဆိပ်ဖြေဆေးအလုံးတစ်သိန်းထုတ်လုပ်နိုင်ခဲ့ပြီး ပြည်သူများရဲ့ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်းမှာဆိုရင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ယခင်အရည်

ပုံစံအစား သာမန်အခန်းအပူချိန်မှာထားရှိသိုလှောင်နိုင်တဲ့ ဇခဲခြောက်မြွေဆိပ်ဖြေဆေးများကို မှာယူထားရှိလို့ ဇခဲခြောက်အလုံး ၁၃၀၀၀၀ ထုတ်လုပ်ပေးရမှာ ဖြစ်ပါတယ်။ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းအနေနဲ့ မြွေကိုက်ခံရတဲ့လူနာများအား အထိရောက်ဆုံးကုသပေးနိုင်တဲ့ မြွေဆိပ်ဖြေဆေးများကို ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပလိုအပ်ချက်အပေါ်မူတည်ပြီး တစ်နှစ်ကို အလုံးရေနှစ်သိန်းမှ သုံးသိန်းအထိ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးစီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ အမှတ်(၃၅၄) ပြည်လမ်း ဟံသာဝတီဝန်ထမ်းအိမ်ရာတွင် နေထိုင်လျက်ရှိသော စက်မှုဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်း(၈)ဦးအား အိမ်ရာနေရာချထားမှု လုပ်ပေးပါရန်နှင့် နေရာချထားမပေးမီကာလအတွင်း လက်ရှိအတိုင်း ယာယီနေထိုင်ခွင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှ မြေနီကုန်း(မြောက်)ရပ်ကွက် အမှတ်(၃၅၄) ပြည်လမ်း စက်မှုဝန်ကြီးဌာနရဲ့ ပြင်ထိန်းအိမ်ရာမှာ နေထိုင်လျက်ရှိကြတဲ့ စက်မှုဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်း ရှစ်ဦးအား အိမ်ရာနေရာချထားမှုလုပ်ပေးနိုင်ပါရန်နှင့် ဝယ်ယူရန်နေရာချထားမှုမရှိမီကာလအတွင်း လက်ရှိအတိုင်း ယာယီနေထိုင်ခွင့်ကို ဆက်လက်ခွင့်ပြုပေးပါရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်။ အဆိုပါဝန်ထမ်းအိမ်ရာမှ ဝန်ထမ်းများသည် ယခင် အစိုးရများလက်ထက်က ဝန်ထမ်းများနေထိုင်ရန်အတွက် မြေနေရာများ၊ အိမ်ရာများပေးခဲ့စဉ်က သတ်မှတ်ချက်အရ လုပ်သက်မပြည့်မီခြင်းတို့ကြောင့် တစ်ကြိမ်တစ်ခါမှ မရရှိခဲ့ကြပါ။ ဒီလိုနဲ့ လုပ်သက်ပင်စင်များ၊ လုပ်သက်ပင်စင်များယူသွားသည့်တိုင် အိမ်ရာမရရှိခဲ့ကြပါ။ ယခုလက်ရှိ သူတို့အား နေရာချထားသည့် အထက်ဖော်ပြပါအိမ်ရာမှာ ယနေ့တိုင် ဆက်လက်နေထိုင်ကြရပါတယ်။ နေထိုင်ရာတွင်လည်း အေးချမ်းစွာနေထိုင်ကြပြီး ရပ်ရေး၊ သာရေး၊ နာရေး၊ လုံခြုံရေး၊ သန့်ရှင်းရေးတို့တွင်လည်း စံနမူနာတင်ဆောင်ရွက်ကြသော ပင်စင်စားဝန်ထမ်းဟောင်းများဖြစ်ကြပါတယ်။ သို့သော် အငြိမ်းစားဝန်ထမ်းဟောင်းများထံသို့ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ပင်စင်စားဝန်ထမ်းများအား ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ နောက်ဆုံးထား၍ ပြောင်းရွှေ့ဖယ်ရှားပေးရန် ပြောင်းရွှေ့ခြင်း၊ ဖယ်ရှားခြင်းမရှိသူများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးစာပေးပို့လာခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဖွန်လ ၁၆ ရက်နေ့တွင် အဆိုပါဝန်ထမ်းအိမ်ရာမှာနေထိုင်သည့် အငြိမ်းစားများအား စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူက ခေါ်ယူတွေ့ဆုံခဲ့ပြီး ဝန်ကြီးဌာနပိုင်မြေနေရာများတွင် ပုဂ္ဂလိကနှင့်အကျိုးတူဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးမည်ဖြစ်ပြီး အငြိမ်းစားဝန်ထမ်းများအား ဝယ်ယူခွင့်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလက်ရှိအခြေအနေမှာ အဆိုပါအငြိမ်းစား ဝန်ထမ်းများအတွက် ပြန်လည်နေရာချထားရေးကာလမတိုင်မီ အငြိမ်းစားဝန်ထမ်းများအား ကျူးကျော် အဖြစ်သတ်မှတ်ကာ တရားမဝင်ဟုလည်း ဆိုကာ အတင်းအဓမ္မဖယ်ရှားခိုင်းပြီး အရေးကြုံနေပါတယ်။ ကျေးဇူးပြု၍ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော့်ကို လာရောက်တွေ့ဆုံခဲ့ကြတဲ့ ပင်စင်စားဝန်ထမ်းများဖြစ်ကြပါတယ်။ ဒီပင်စင်စားတွေထဲမှာ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) သုံးဦး၊ အထွေထွေမန်နေဂျာတစ်ဦး၊ ဌာနခွဲမှူးတစ်ဦး၊ ကြီးကြပ်ရေးမှူးတစ်ဦးနဲ့ အလုပ်ရုံစုမှူးနှစ်ဦးတို့ ပါဝင်ခဲ့ကြပါတယ်။ တင်ပြနေတဲ့ ဝန်ထမ်းအိမ်ရာဖြစ်ပါတယ်ခင်ဗျား။ ပြည်လမ်းမပေါ်မှာရှိပါတယ်။ ဒီနေရာဟာ သာမန်ကျူးကျော်ပြီးတော့ တရားမဝင် ဝင်ရောက်နေထိုင်လို့ ရတဲ့နေရာလည်းမဟုတ်ပါ ဘူးခင်ဗျား။ အဆိုပါအငြိမ်းစားဝန်ထမ်းများမှာ တရားမဝင်ကျူးကျော်သူများမဟုတ်ပါ။ ၎င်းတို့ နေရာသစ်ရရှိသည်ဆိုသည်နှင့် ပြောင်းရွှေ့ပေးကြမည့် စက်မှုဝန်ကြီးဌာနတွင် ပြစ်ချက်ကင်းစွာဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းဟောင်း၊ ဝန်ထမ်းကောင်းများ ဖြစ်ကြပါတယ်။ သို့ပါ၍ ၎င်းတို့အား ပြန်လည်နေရာချထားရေးကာလမတိုင်ခင် လက်ရှိပြင်ထိန်းနေရာတွင် ဆက်လက်နေထိုင် ခွင့်ပြုနိုင်ပါရန်နှင့် အိမ်ရာနေရာချထားမှုကို ဖြစ်နိုင်သမျှ ဆောလျင်စွာဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိကို မဲဆန္ဒရှင် အငြိမ်းစားဝန်ထမ်းများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦးရဲ့ မေးခွန်းနဲ့စပ်လျဉ်း၍ ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ရန်ကုန်တိုင်းဒေသ ကြီး၊ စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက် ပြည်လမ်း အမှတ်(၃၅၄)ရှိ စက်မှုဝန်ကြီးဌာနပိုင် ဟံသာဝတီဝန်ထမ်းအိမ်ရာကို စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနရဲ့ အမည်ပေါက်မြေ ၀.၀၉၉ ဧကပေါ်မှာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစက်ရုံရဲ့ ရန်ပုံငွေဖြင့် ၁၉၉၀ ပြည့်နှစ်မှာ တည်ဆောက်ထား ရှိခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါဝန်ထမ်းအိမ်ရာ၌ လူနေအိမ်ခန်း ၁၄ ခန်းပါဝင်ပြီး လက်ရှိတာဝန် ထမ်းဆောင်ဆဲဝန်ထမ်း သုံးဦး၊ အငြိမ်းစားဝန်ထမ်းရှစ်ဦးတို့နှင့် နေထိုင်လျက်ရှိကာ ဌာနပြောင်း ဝန်ထမ်းနှစ်ဦးတို့လည်း နေထိုင်ခဲ့ကြပါတယ်။ အငြိမ်းစားဝန်ထမ်းရှစ်ဦးတို့မှာ အငြိမ်းစားယူပြီးနောက် တစ်နှစ်မှ ခြောက်နှစ်တာကာလအထိ ဆက်လက်နေထိုင်လျက်ရှိနေကြသူများ ဖြစ်နေကြပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စက်မှုဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဝန်ထမ်းပေါင်း ၃၀၀၀ ခန့်ရှိကြပါတယ်။ ၎င်းဝန်ထမ်းများဟာ မိဘဆွေမျိုးသားချင်းများနှင့်အတူ နေထိုင်ကြရပြီး အချို့ဝန်ထမ်းများဟာ ဆင်ခြေဖုံးရပ်ကွက်တွေမှာ ငှားရမ်းနေထိုင်ကြရတာကြောင့် လက်ရှိသွားလာ နေထိုင်ရေးနှင့် အုပ်ချုပ်ရေးကိစ္စများမှာ အဆင်မပြေမှုများစွာ ကြုံတွေ့နေကြရတာဖြစ်ပါတယ်။

မူကြမ်း

ဒါကြောင့် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများကို နေထိုင်မှုအခက်အခဲများပြေလည်စေရေးအတွက် စက်မှုဝန်ကြီးဌာနပိုင် ဝန်ထမ်းအိမ်ရာများရှိ လစ်လပ်အိမ်ခန်းများမှာ ပြန်လည်နေရာချထားမှုများ ပြုလုပ်ပေးရမှာဖြစ်ပါတယ်။

အဲဒီလိုပြန်လည်နေရာချထားပေးနိုင်ရေးအတွက် ဟံသာဝတီဝန်ထမ်းအိမ်ရာ အငြိမ်းစား ဝန်ထမ်းများနဲ့ မိမိဝန်ကြီးဌာနနဲ့ အခြားဝန်ကြီးဌာနသို့ ကူးပြောင်းဌာနဝန်ထမ်းများအား ၂၅-၇-၂၀၁၈ ရက်နေ့မှာ နောက်ဆုံးထားပြီး ဖယ်ရှားပေးကြပါရန် အကြောင်းကြားခဲ့သော်လည်း အခြားဝန်ကြီးဌာန သို့ ပြောင်းရွှေ့သွားတဲ့ ဒေါက်တာမြမိုးဝင်းနဲ့ ဦးသန်းအောင်တို့နှစ်ဦးတည်းသာ အိမ်ခန်းပြန်လည်အပ်နှံ ခဲ့ပြီး ဒေါ်မြင့်ရင်အပါအဝင် အငြိမ်းစားဝန်ထမ်းရှစ်ဦးတို့ဟာ ပြောင်းရွှေ့ပေးခဲ့ခြင်းမရှိဘဲ ဆက်လက် နေထိုင်လျက်ရှိနေကြပါတယ်။ မိမိတို့ဌာနမှ အငြိမ်းစားယူပြီးတဲ့ ဝန်ထမ်းများကို ငဲ့ညှာတဲ့အနေနဲ့ ဝန်ထမ်းအိမ်ရာများမှာ မူအားဖြင့်ယာယီသုံးလ ဆက်လက်နေထိုင်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ မလုံလောက်တဲ့အခက်အခဲများရှိတာကြောင့် ဟံသာဝတီဝန်ထမ်းအိမ်ရာကနေ အငြိမ်းစားဝန်ထမ်းများ ကိုသာမက ရန်ကုန်မြို့မှာရှိတဲ့ အခြားသော စက်မှုဝန်ကြီးဌာနပိုင်ဝန်ထမ်းအိမ်ရာများမှာ နေထိုင်လျက် ရှိကြတဲ့ အငြိမ်းစားဝန်ထမ်းများကိုပါ ပြောင်းရွှေ့ဖယ်ရှားရေးကို ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါတယ်။ အကယ်၍ ဝန်ထမ်းအိမ်ရာများမှ ခွင့်ပြုသတ်မှတ်ကာလကိုကျော်လွန်၍ ဖယ်ရှားပေးခြင်းမရှိပါက ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာနှင်ထုတ်ခြင်းအက်ဥပဒေ ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေပါ လုပ်ထုံးလုပ်နည်းများအတိုင်း မလွဲမသွေဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

အငြိမ်းစားဝန်ထမ်းများအနေနဲ့ မိမိတို့အငြိမ်းစားယူပြီးတဲ့နောက် သုံးလကြာတဲ့အထိ နိုင်ငံပိုင် ဝန်ထမ်းအိမ်ရာများမှာ နေထိုင်ခွင့်ပြုပြီး ၎င်းနောက် ပြောင်းရွှေ့ပေးရမည်ဟု မူအားဖြင့် ထုတ်ပြန်ထား တဲ့ အိမ်ရာစည်းမျဉ်းစည်းကမ်းများအတိုင်း သိရှိလိုက်နာကြရန် မှာကြားပြီးလည်း ဖြစ်ပါတယ်။ ဝန်ကြီး ဌာနပိုင်မြေပေါ်မှာရှိတဲ့ တရားမဝင်နေထိုင်သူများကို ဖယ်ရှားရှင်းလင်းရာမှာ ထိုမြေနေရာကို စီမံခန့်ခွဲ ရတဲ့ ဝန်ကြီးဌာနရဲ့တာဝန်ဖြစ်သလို မဖြစ်မနေဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။ ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ရန်ကုန်မြို့မှာ တန်ဖိုးသင့် အိမ်ရာများဖြစ်တဲ့ ကျွန်စစ်မင်းအိမ်ရာနဲ့ ထီးလှိုင်ရှင်အိမ်ရာတို့ကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိနေပါတယ်။ ၎င်းအိမ်ခန်းများကို ငွေကျေစနစ်ဖြင့်လည်းကောင်း၊ လက်ငင်း ၅၀ ရာခိုင်နှုန်း ငွေပေးသွင်း၍ ကျန် ၅၀ ရာခိုင်နှုန်းကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်နှင့် ချိတ်ဆက်ကာ အရစ်ကျစနစ်ဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိနေပါတယ်။ စက်မှုဝန်ကြီးဌာနမှ အငြိမ်းစား ဝန်ထမ်းများမှာ နေထိုင်မှုအဆင်ပြေစေရန်အတွက် အဆိုပါအိမ်ရာများနှင့် အိမ်ခန်းများ ဝယ်ယူနိုင်ခွင့် ရရှိရေးအတွက်ကို စက်မှုဝန်ကြီးဌာနအနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ထောက်ခံချက်များ ပေးပို့ပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

သို့ဖြစ်ပါ၍ ဟံသာဝတီဝန်ထမ်းအိမ်ရာရှိ အငြိမ်းစားဝန်ထမ်းရှစ်ဦးမှာ သတ်မှတ်ထားသော နေထိုင်ခွင့် နှစ်ကာလများစွာကျော်လွန်နေထိုင်ခဲ့ပြီးဖြစ်ခြင်း၊ ရန်ကုန်တိုင်းဒေသကြီးမှာ တာဝန်

ထမ်းဆောင်ဆဲ အိမ်ရာမရရှိသေးတဲ့ ဝန်ထမ်း ၂၃၀၀ ကျော်ထဲမှ နေထိုင်ရေးအလွန်အခက်အခဲဖြစ်နေတဲ့ဝန်ထမ်းများကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဦးစားပေးရွေးချယ်ပြီး မဖြစ်မနေပြန်လည်နေရာချထားပေးရတော့မှာဖြစ်တာကြောင့် အဆိုပါအငြိမ်းစားဝန်ထမ်းရှစ်ဦးရဲ့ ယာယီဆက်လက်နေထိုင်ခွင့်တင်ပြခဲ့မှုကို ခွင့်ပြုပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးခွန်းပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြန်လည်ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒီတင်ပြခဲ့တဲ့ ဒီပင်စင်စားဝန်ထမ်းတွေအတွက် တန်ဖိုးနည်းအိမ်ရာဆိုပြီးတော့ ချပေးနိုင်ရင် ချပေးဖို့ဆိုပြီးတော့ ဆိုင်ရာ စက်မှုဝန်ကြီးဌာနကနေပြီးတော့ အိုးအိမ်ကို မေတ္တာရပ်ခံတယ်ဆိုတာကိုလည်း ကျွန်တော်တို့ သိရှိပါတယ်။ ကျွန်တော့်မဲဆန္ဒရှင် ပင်စင်စားဝန်ထမ်းဟောင်းများကိုလည်း တာဝန်ရှိသူက ခေါ်ယူပြောကြားတဲ့အတွက် သိရှိပါတယ်။ အဲဒီအပြင်ကိုပဲ ဒီအိုးအိမ်ဌာနကနေပြီးတော့ ဝယ်ယူခွင့်ဆိုပြီးတော့ အခုအချိန်မှာ ခွင့်ပြုထားတာလည်း ရှိပါတယ်ခင်ဗျား။ အဲဒီဝယ်ယူခွင့်ဆိုတာမှာ နည်းနည်းလေးကွာခြားနေတာလေးက တစ်ချက်ရှိပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါက ဒီပင်စင်စားဝန်ထမ်းဟောင်းတွေက တန်ဖိုးနည်းအိမ်ရာလေးကို ဝယ်နိုင်ပါတယ်။ ဝယ်ချင်ပါတယ်ဆိုပြီးတော့လည်း တင်ပြထားပါတယ်။ တစ်ချိန်တည်းမှာပဲ စက်မှုဝန်ကြီးဌာနကနေပြီးတော့လည်း အိုးအိမ်ကို တန်ဖိုးနည်းအိမ်ရာကို ဝယ်ယူခွင့်ပြုဖို့ဆိုတာကိုလည်း ထောက်ခံချက်ပေးခဲ့ပါတယ်။ ဒါပေမဲ့ အခု ဝယ်ယူခွင့်ပေးတာက တန်ဖိုးနည်းအိမ်ရာမဟုတ်ဘဲနဲ့ တန်ဖိုးသင့်အိမ်ရာဖြစ်နေတဲ့အတွက် ပင်စင်စားဝန်ထမ်းဟောင်းများဖြစ်တဲ့အခါကျတော့ ငွေကြေးအတွက်ကို သူတို့မှာ အခက်အခဲရှိတဲ့အတွက် အချိန်အနည်းငယ်ကြန့်ကြာနေပါတယ်ခင်ဗျား။ ဒီအတွက် သူတို့ကလည်း ဒီနေရာကနေပြီးတော့ ပြောင်းရွှေ့ဖယ်ရှားပေးပါမယ်ဆိုတာကိုလည်း ကတိကဝတ်ပြုထားပြီးသားလည်း ဖြစ်ပါတယ်ခင်ဗျား။ ပြီးတော့ အခုနက ပြည်ထောင်စုဝန်ကြီး ရှင်းပြသွားသလိုပဲ သုံးလ Extension လုပ်ပေးခဲ့တာကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါကြောင့် အားလုံးရဲ့ဂုဏ်သိက္ခာကို ငဲ့ညှာသောအားဖြင့် Extension လေးကို ထပ်ပြီးတော့ တိုးပေးဖို့အတွက်ကို အစီအစဉ်ရှိ/မရှိကို မေးမြန်းပါရစေခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ ဆက်လက်ပြီးတော့ အချိန်ကာလတိုးမြှင့်ပေးဖို့ တောင်းဆိုချက်ကို ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနအနေနဲ့ မူလကတည်းက စက်မှုဝန်ထမ်းဟောင်းတွေဖြစ်တဲ့အတွက် ၎င်းတို့ရဲ့ကြိုးစားမှု၊ ပါဝင်ကူညီမှုကြောင့် စက်မှုဝန်ကြီးဌာနကြီးက ယနေ့အထိ ဆက်လက်ရပ်တည်ပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ၎င်းတို့ရဲ့ ဂုဏ်ကျေးဇူးကိုလည်း မမေ့တဲ့အနေနဲ့ လက်လွှတ်စပယ် နှင်ထုတ်ခြင်းပြုမှာမဟုတ်ဘဲ သင့်တင့်သောကာလ

အပိုင်းအခြားတစ်ခုအထိကို တိုးပေးဖို့တော့ ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ယခင်က သုံးလ Extension ပေးခဲ့ပြီးဖြစ်တဲ့အတွက် နောက်ထပ်လည်း အချိန်ကန့်သတ်မရှိတိုးပေးဖို့ဆိုတာ ကတော့ မဖြစ်နိုင်ပါဘူး။ ထို့အတွက် ကျွန်တော်တို့ အိမ်ရာကော်မတီနဲ့ အသေးစိတ်ပြန်လည်ညှိနှိုင်း ဆွေးနွေးပြီး သင့်တင့်လျှောက်ပတ်သောအချိန်ကာလတစ်ခုအထိကို တိုးပေးမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရွှေကျင်မြို့နယ်၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း စစ်တောင်းရာဘာခြံ(ရွှေကျင်)၏ ဧရိယာ အကျယ်အဝန်း စုစုပေါင်းနှင့် တည်နေရာများ အတိအကျကို မြေပုံနှင့်တကွ ဖော်ပြပေးနိုင်ခြင်းရှိ/မရှိ၊ ယင်းမြေဧကများအနက် အသုံးပြုခြင်းမရှိဘဲ ချန်လှပ်ထားသည့်မြေများရှိပါက စိုက်ပျိုးမြေ အခက်အခဲရှိသည့် တောင်သူများအား စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ၂၀၁၄ ခုနှစ်မှ ၂၀၃၉ ခုနှစ်အထိ လုပ်ငန်းရှင်သို့ စာချုပ်ချုပ်ဆိုငှားရမ်းလုပ်ကိုင်ရာတွင် မည်သည့်သဘောတူစာချုပ်များ ပါဝင်ပါသနည်း၊ နှစ်စဉ်ငှားရမ်းခကို မည်မျှသတ်မှတ်ထားသနည်း၊ ငှားရမ်းခအတွက် နှစ်စဉ်အခွန်မည်မျှရရှိသနည်း၊ ဌာနကလုပ်ကိုင်နေရာမှ အဘယ်ကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်သို့ ငှားရမ်းခဲ့ပါသနည်း၊ ဌာနအနေဖြင့် မည်သည့်လုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်လျက်ရှိသည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကြွရောက်လာတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတာကတော့ ရွှေကျင်မြို့နယ်၊ အမှတ်(၂)အကြီးစားစက်မှု လုပ်ငန်းအောက်မှာရှိတဲ့ စစ်တောင်းရာဘာခြံ(ရွှေကျင်)ရဲ့ လက်ရှိအသုံးပြုနေတဲ့မြေတွေနဲ့ပတ်သက်ပြီး တော့မှ မေးမြန်းလိုတာဖြစ်ပါတယ်။ ဒီမေးခွန်းကိုမေးရတဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ လက်ရှိ မှာ မြေယာတွေကိုပြန်လည်ပြီးတော့မှ စိစစ်ပြီးတော့ မူအရပေးနေတယ်ဆိုသော်ငြားလည်း လုပ်ထုံး လုပ်နည်းအရရှုပ်ထွေးနေတာ ရှင်းလင်းသွားစေချင်တာ။ နောက်တစ်ချက်က မြေယာစီမံခန့်ခွဲမှုဟာ ပိုပြီးပီပြင်စေချင်တဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်း ဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ခြေတော်ရာကျေးရွာရှိ စစ်တောင်းရာဘာခြံ(ရွှေကျင်)ဟာ ၁၉၇၃ ခုနှစ်မှာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းကနေပြီးတော့ ပြည်သူပိုင်သိမ်းပိုက်ခဲ့ပြီးတော့မှ ၂၀၁၄ ခုနှစ်မှာ စက်မှု ဝန်ကြီးဌာနကို လွှဲပြောင်းပေးခဲ့ပါတယ်။ စက်မှုဝန်ကြီးဌာနကနေပြီးတော့ အမှတ်(၂)အကြီးစားလုပ်ငန်း မှ ယင်းစစ်တောင်းရာဘာခြံ(ရွှေကျင်)ကို လုပ်ငန်းရှင်တစ်ဦးသို့ ၂၂-၁၀-၂၀၁၄ ရက်နေ့မှ ၂၂-၁၀-၂၀၃၉ ရက်နေ့အထိ ရာဘာထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်းစာချုပ်ချုပ်ဆို အကျိုးတူပူးပေါင်းလျက် ရှိတယ်လို့ သိရပါတယ်။ ဒီနေရာမှာ ကျွန်တော် Highlight လုပ်ချင်တာကတော့ ၂၀၁၄ ခုနှစ်မှာ ကပ်ပြီးတော့မှ လွှဲပြောင်းခဲ့တဲ့ဟာကို ကျွန်တော်တို့ တွေ့ရပါတယ်။ သို့ဖြစ်ရာ လုပ်ငန်းရှင်နဲ့ သဘောတူ

ချုပ်ဆိုထားမှုများ၊ လက်ရှိစစ်တောင်းရာဘာခြံ(ရွှေကျင်)လုပ်ငန်းထိရောက်မှုအတိုင်းအတာ ငှားရမ်းခများထဲမှ နိုင်ငံတော်၏ဘဏ္ဍာငွေထဲသို့ မည်မျှစီးဝင်လျက်ရှိသည်ကို ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိသင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူတွေအနေနဲ့က တချို့သတင်းအချက်အလက်တွေအရ တိတိကျကျတော့မဟုတ်သော်ငြားလည်း သူတို့သိမြင်နေတာတွေအရ စက်မှုဝန်ကြီးဌာနကနေပြီးတော့မှ အသုံးမပြုတော့ဘဲနဲ့ အခြားရွှေလုပ်ငန်းရှင်တွေကို ငှားရမ်းထားတယ်၊ ရောင်းချတယ်ဆိုပြီးတော့မှ အရပ်ပြောအနေနဲ့ ပြောဆိုနေကြတာရှိတဲ့အတွက် ရှင်းရှင်းလင်းလင်းသိစေချင်လို့ပါခင်ဗျ။ ဒါ့အပြင် စီမံကိန်းအတွက်သုံးစွဲတဲ့ မြေဧကအတိုင်းအတာကို သိရှိပြီးတော့မှ ထိရောက်မှုမရှိတဲ့ စိုက်ပျိုးမြေများကို ပြည်ထောင်စုအစိုးရမှ လိုအပ်သလို စီမံခန့်ခွဲနိုင်ဖို့အတွက်လည်း ဒီမေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ မေးမြန်းလိုတာကတော့ (က)ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ စစ်တောင်းရာဘာခြံ (ရွှေကျင်)၏ လက်ရှိအသုံးပြုလုပ်ကိုင်လျက်ရှိသည့် ဧရိယာအကျယ်အဝန်းစုစုပေါင်းနှင့် ယင်းတို့၏ တည်နေရာများအတိအကျကို မြေပုံနှင့်တကွ ဖော်ပြနိုင်ခြင်းရှိ/မရှိ၊ (ခ)ယင်းမြေဧကများအနက်မှ အသုံးပြုခြင်းမရှိဘဲ လှပ်ထားသည့်မြေများရှိ/မရှိ၊ ရှိပါက ယင်းမြေနေရာများအား စိုက်ပျိုးမြေ အခက်အခဲရှိသည့် တောင်သူများအား စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ (ဂ)လုပ်ငန်းရှင် သို့ ၂၀၁၄ ခုနှစ်မှ ၂၀၃၉ ခုနှစ်အထိ စာချုပ်ချုပ်ဆိုငှားရမ်းလုပ်ကိုင်စေခဲ့ရာ ချုပ်ဆိုထားသည့်စာချုပ်တွင် မည်သည့်သဘောတူညီချက်များပါဝင်သနည်း၊ နှစ်စဉ်ငှားရမ်းခကို မည်မျှသတ်မှတ်ထားသနည်း၊ ယင်းသို့ငှားရမ်းထားသည့်အတွက် နိုင်ငံတော်မှ နှစ်စဉ်အခွန်မည်မျှရရှိသနည်း။ (ဃ) ၂၀၁၄ ခုနှစ်အထိ ဌာနမှလုပ်ကိုင်နေရာမှ အဘယ်ကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်သို့ ငှားရမ်းခဲ့သနည်း။ လက်ရှိတွင် လုပ်ငန်းများကို လုပ်ငန်းရှင်သို့ငှားရမ်းထားပြီးဖြစ်ရာ ဌာနအနေဖြင့် မည်သည့်လုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်လျက်ရှိသနည်းတို့ကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသလေးစောရဲ့မေးခွန်းနှင့်စပ်လျဉ်း၍ အပိုင်းလေးပိုင်းခွဲခြားပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ စစ်တောင်းတောင်ကြားရာဘာခြံ(ရွှေကျင်)၏လက်ရှိအသုံးပြုလုပ်ကိုင်လျက်ရှိသည့် ဧရိယာအကျယ်အဝန်း စုစုပေါင်းနှင့် ယင်း၏တည်နေရာများ အတိအကျကို မြေပုံနှင့်တကွ ဖော်ပြပေးနိုင်ခြင်းရှိ/မရှိမေးခွန်းနဲ့ စပ်လျဉ်းပြီး ဖြေကြားလိုတာကတော့ စစ်တောင်းတောင်ကြားရာဘာခြံ(ရွှေကျင်)ကို ယခင်က လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းနဲ့ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းတို့မှလုပ်ကိုင်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှစတင်၍ စက်မှုဝန်ကြီး

ဌာန၊ အမှတ်(၂)အကြီးစားလုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ မူလခြံဧရိယာမှာ ၆၄၈၁.၉၇ ဧက ဖြစ်ပြီး ၂၅-၄-၂၀၁၆ ရက်နေ့တွင် မြေဧရိယာ ၂၀၈၀ ဧကကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ပါသဖြင့် လက်ရှိအသုံးပြုလုပ်ကိုင်လျက်ရှိတဲ့ မြေဧရိယာအကျယ်အဝန်းမှာ ၄၄၀၁.၉၇ ဧကဖြစ်ပါတယ်။ အဆိုပါ ရာဘာခြံမြေများမှာ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ခြေတော်ရာကျေးရွာအုပ်စု၊ သရက်ချောင်း ကျေးရွာအုပ်စုနှင့် ကံဘေးအိုင်ကျေးရွာအုပ်စုတို့တွင်တည်ရှိပြီး တည်နေရာပြမြေပုံအား ဖော်ပြအပ်ပါ တယ်။ ယင်းမြေဧကများအနက်မှ အသုံးပြုခြင်းမရှိဘဲ ချန်လှပ်ထားသည့်မြေများရှိ/မရှိ၊ ရှိပါက ယင်းမြေနေရာများအား စိုက်ပျိုးမြေအခက်အခဲရှိသည့်တောင်သူများအား စွန့်လွှတ်ပေးရန်အစီအစဉ် ရှိ/မရှိမေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားလိုတာကတော့ ယင်းမြေဧရိယာ ၄၄၀၁.၉၇ ဧကအနက် ၄၀၀၁.၇၆ ဧကကို ၂၁-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် ရာဘာထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားရှိခဲ့ပြီး နှစ်ရှည်(၂၅+၅)နှစ် အကျိုးတူလုပ်ကိုင်ဆောင်ရွက် လျက်ရှိနေပါတယ်။ မြေ ၃၅၀ ဧကကိုလည်း ဒေသခံတောင်သူ ၁၆ ဦးသို့ ရာဘာထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ဌာနနှင့်တောင်သူအချိုး ၃၀း၇၀ သတ်မှတ်ပြီး လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ ကျန်ရှိမြေနေရာများမှာ အဆောက်အဦများ၊ လမ်း၊ တံတားနှင့်ချောင်းမြေများသာဖြစ်ကြပါတယ်။ ထို့အပြင် မြေဧရိယာ ၂၀၈၀ ဧကကို စွန့်လွှတ်မြေအဖြစ် ၂၀၁၆ ခုနှစ်က နိုင်ငံတော်သို့ ပြန်လည် အပ်နှံခဲ့ပြီးဖြစ်ပါတယ်။ အသုံးမပြုသောမြေလွတ်များ မကျန်ရှိတော့တဲ့အတွက် ထပ်မံစွန့်လွှတ်ရန် အစီအစဉ်မရှိပါကြောင်း တင်ပြအပ်ပါတယ်။

လုပ်ငန်းရှင်သို့ ၂၀၁၄ ခုနှစ်မှ ၂၀၃၉ ခုနှစ်အထိ စာချုပ်ချုပ်ဆိုငှားရမ်းလုပ်ကိုင်စေခဲ့ရာမှာ ချုပ်ဆိုထားတဲ့စာချုပ်တွင် မည်သည့်သဘောတူညီချက်များ ပါဝင်သနည်း၊ နှစ်စဉ်ငှားရမ်းခကို မည်မျှသတ်မှတ်ထားသနည်း၊ ယင်းသို့ငှားရမ်းထားသည့်အတွက် နိုင်ငံတော်မှ နှစ်စဉ်အခွန်မည်မျှ ရရှိသနည်း စတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားလိုတာကတော့ ၂၀၁၄ ခုနှစ်မှ ၂၀၃၉ ခုနှစ်အထိ လုပ်ငန်းရှင်နှင့်ချုပ်ဆိုထားတဲ့ ငှားရမ်းသဘောတူစာချုပ်တွင် ခြံဝန်ထမ်းများရဲ့ လစာနှင့်စရိတ်များ အားလုံးကို လုပ်ငန်းရှင်မှကျခံရမည်၊ စာချုပ်မချုပ်ဆိုမီကာလအထိ နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ စိုက်ပျိုးခဲ့တဲ့ ထိန်းသိမ်းရာဘာစိုက်ခင်းများ ရှင်သန်စေရန် လုပ်ငန်းရှင်မှ ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရမည်၊ သက်တမ်းကုန်ရာဘာပင်အိုများ ခုတ်လှဲပြီးနေရာများနှင့် မြေလွတ်နေရာများမှာ ရာဘာပင်အသစ်များ အစားထိုးစိုက်ပျိုးခြင်းများကို လုပ်ငန်းရှင်ရဲ့ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆက်လက် ဆောင်ရွက်သွားရမည်ဟု ထည့်သွင်းချုပ်ဆိုထားရှိခဲ့ပါတယ်။ အကျိုးအမြတ်အနေနဲ့ကတော့ ဌာနနှင့် လုပ်ငန်းရှင် ခွဲဝေအချိုးများအရ ခံစားရမည်ဖြစ်ပြီး အစေးလှီးရာဘာပင်အတွက် ၅၀း၅၀ အချိုး၊ ထိန်းသိမ်းရာဘာပင်များအတွက် ၄၀း၆၀ အချိုး၊ ပြန်စိုက်ရာဘာပင်အတွက် ၃၀း၇၀ အချိုးအတိုင်း ခံစားရမည်ဟု နှစ်ဦးနှစ်ဖက် တာဝန်ဝတ္တရားများကို တိကျစွာဖော်ပြကာ စာချုပ်ချုပ်ဆို ဆောင်ရွက် ထားရှိပါတယ်။ စာချုပ်အရ ရာဘာထုတ်လုပ်မှုအပေါ် နှစ်အလိုက်ခွဲဝေရရှိမှုစာရင်းကို ဖော်ပြအပ်ပါ တယ်။ ယခုလို အကျိုးတူလုပ်ကိုင်ဆောင်ရွက်ရခြင်းမှာ စာချုပ်ပါခွဲဝေမှုအချိုးအတိုင်း ဌာနမှဝင်ငွေ ရရှိပြီး ရာဘာ(ကြိတ်ပေါင်စေး)သည် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ကုန်သွယ်

လုပ်ငန်းခွန်မကျသင့်သော ကုန်စည်အမျိုးအစားတွင်ပါဝင်သဖြင့် အခွန်ဆိုင်ရာ သက်သာကင်းလွတ်ခွင့်ရရှိထားပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးမေးခွန်းဖြစ်တဲ့ ၂၀၁၄ ခုနှစ်အထိ ဌာနကလုပ်ကိုင်နေရာမှ အဘယ်ကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်သို့ ငှားရမ်းခဲ့သနည်း၊ လက်ရှိတွင် လုပ်ငန်းကို လုပ်ငန်းရှင်သို့ ငှားရမ်းထားပြီးဖြစ်ရာ ဌာနအနေဖြင့် မည်သည့်လုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်လျက်ရှိသည်တို့ကို သိလိုခြင်းနှင့်ပတ်သက်၍ ဖြေကြားလိုတာကတော့ နိုင်ငံတော်အစိုးရရဲ့ တွန်းအားပေးဆောင်ရွက်လျက်ရှိတဲ့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဌာနအနေနဲ့ စီးပွားရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်းပြီး Public-Private Partnership(PPP) စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူ၍ စနစ်တကျ စိစစ်ရွေးချယ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၏ သဘောတူခွင့်ပြုချက်ဖြင့် လုပ်ငန်းရှင်နှင့် စာချုပ်ချုပ်ဆိုပြီး နှစ်ရှည်အကျိုးတူလုပ်ကိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ယခုလို အကျိုးတူဆောင်ရွက်ခြင်းဖြင့် အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်း၍ PPP ဆောင်ရွက်နိုင်ခြင်း၊ နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှု သက်သာပြီး အကျိုးအမြတ်ရရှိခြင်း၊ အရည်အသွေးကောင်းရာဘာပင်များ ပိုမိုစိုက်ပျိုးနိုင်ခြင်း၊ အရည်အသွေးမြင့်ရာဘာများ ပိုမိုထုတ်လုပ်ပြီး ပြည်တွင်းနှင့်ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများလည်းရရှိမှာဖြစ်ပါတယ်။ ပုဂ္ဂလိကနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်ရာမှာ ဌာနမှတာဝန်ယူဆောင်ရွက်မှုအနေနဲ့ လုပ်ငန်းရှင်များကို စာချုပ်ပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်မှုရှိ/မရှိ စိစစ်ကြပ်မတ်ခြင်း၊ မျိုးကောင်းမျိုးသန့် အရည်အသွေးမီရာဘာပင်များ အစားထိုးစိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုနည်းစဉ်တစ်လျှောက် လိုအပ်တဲ့နည်းပညာနှင့် စက်ကိရိယာများရရှိနိုင်ရေးအတွက် ပြည်တွင်းပြည်ပပညာရှင်များနှင့် ဆက်သွယ်ပေးခြင်း၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးမီရာဘာများ ထုတ်လုပ်နိုင်ရေးအတွက် အစေးထုတ်ယူမှုမှ အစ ထုတ်လုပ်မှုအဆုံး လုပ်ငန်းစဉ်တစ်လျှောက်လုံး ထားသိုမှုနှင့် အရည်အသွေးထိန်းသိမ်းနိုင်မှု နည်းပညာများရရှိရေးအတွက်လည်း ပြည်ပပညာရှင်များနှင့် ချိတ်ဆက်ပေးခြင်း၊ ရာဘာအခြေခံတန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပနိုင်ငံများသို့ အထောက်အကူပြုသင်တန်းများ တက်ရောက်နိုင်ရန် စီစဉ်ပေးခြင်း၊ ယခုအသုံးပြုနေသော စက်ပစ္စည်းကိရိယာများကိုလည်း ခေတ်နှင့်အညီ ပြုပြင်မွမ်းမံခြင်း၊ ပြောင်းလဲခြင်းများကို ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ယခုလို ကျွန်တော်တို့ မြို့နယ်ကတင်ပြလာတဲ့ အချက်အလက်အတိအကျကို ဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ ဆက်လက်ပြီးတော့မှ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်ဆက်စပ်မေးခွန်းအနေနဲ့ ကျွန်တော်မေးမြန်းလိုတာက ခုနကျွန်တော့်ရဲ့မေးခွန်းနံပါတ်(၃)မှာပါတဲ့ နိုင်ငံတော်အခွန်ဆိုတဲ့နေရာမှာ နိုင်ငံတော်ရဲ့ရရှိတဲ့

အချိုးအလိုက်ဖော်ပြထားတာပါ။ ဥပမာအနေနဲ့ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ အကျိုးအမြတ် ဘယ်လောက်ရလဲဆိုတာကို တိတိကျကျလေးဖြေကြားနိုင်ရင်လည်း ကျွန်တော့်ကို ဖြေကြားစေချင်ပါတယ်ခင်ဗျား။ နောက်တစ်ချက်အနေနဲ့ကကျတော့ မြို့နယ်လယ်ယာမြေနဲ့အခြားမြေများသိမ်းဆည်းခံရ မှုပြန်လည်စိစစ်ရေးကော်မတီအစည်းအဝေးမှာ ကျွန်တော်စစ်ဆေးတဲ့အခါမှာ မြို့နယ်မန်နေဂျာအနေနဲ့ လက်ရှိအသုံးပြုနေတဲ့မြေဧကက ၂၀၀၀ ရှိတယ်။ စိုက်ပျိုးတာ ၂၀၀၀ ရှိတယ်။ တကယ်စိုက်ပျိုးတာကတော့ အပင်ရှိတာကတော့ ၁၀၀၀ ပဲရှိတယ်။ အဲဒီထဲမှာမှ အပင်အိုက ၅၀၀ ရှိတယ်။ တကယ်အစေးထွက်တာက ၅၀၀ ပဲရှိတယ်။ အဲဒီလို စစ်ဆေးပေါ်ပေါက်တာတော့ ရှိထားပါတယ်ခင်ဗျား။ အဲဒီတော့ ဒီမှာ အနည်းငယ်ကွဲလွဲနေတာရှိတဲ့အတွက်ကို ကျွန်တော်ကနေပြီးတော့မှ ဝန်ကြီးဌာနအနေနဲ့ စစ်ဆေးရေးအဖွဲ့ဖွဲ့ပြီးတော့မှ ဒီလိုကွဲလွဲချက်တွေကို တိတိကျကျပြန်လည်ပြီးတော့မှ စစ်ဆေးပေးရန် အစီအစဉ်ရှိ/မရှိကို ကျွန်တော်သိရှိလိုတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် ကျွန်တော်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးခင်မောင်ချို (ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းခဲ့တဲ့ အခွန်နဲ့ပတ်သက်လို့ အခွန်ရဲ့တန်ဖိုးအတိအကျကို စိစစ်ဖော်ပြပေးဖို့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်ပြန်လည်ရှင်းလင်းတင်ပြပါ့မယ်။ အခွန်အကောက်ဆိုင်ရာ ရာဘာအတွက် သီးခြားကင်းလွတ်ခွင့်ရရှိထားတဲ့အတွက် ရာဘာနဲ့ပတ်သက်လို့တော့ အခွန်သီးခြားတင်ပြရန် မရှိပါဘူး။ သို့သော် အခြားအခြားသောအခွန်များ အသေးစိတ်ကိုတော့ အတိအကျပြန်လည်စိစစ်ပြီးတော့ ပြန်လည်ပြီးတော့ ရှင်းလင်းတင်ပြပေးမှာဖြစ်ပါတယ်။ ဒီနေရာမှာ အခုတင်ပြလိုတာကတော့ ကျွန်တော်တို့ ဒီ သက်ဆိုင်ရာတိုင်းဒေသကြီးမှာရှိတဲ့ ပြည်နယ်/တိုင်းဒေသကြီးနယ်မြေများမှာ စက်မှုဝန်ကြီးဌာနမှာရှိတဲ့ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဌာနဆိုတာ ဖွဲ့စည်းထားရှိပြီးဖြစ်ပါတယ်။ ၎င်းဌာနများမှတစ်ဆင့် ယခုလက်ရှိမြေပြင်မှာ ကွင်းဆင်းစစ်ဆေးပြီးတော့ အထွက်နှုန်းတိကျမှုရှိစေရန်၊ အခြားအခြားသော ကွဲလွဲမှုများကိုလည်း ပြန်လည်မှန်ကန်စေရန် သီးခြားအထူးအဖွဲ့ကိုဖွဲ့စည်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒီလို ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ ကွဲလွဲချက်များ၊ အထွက်နှုန်းကွာခြားမှုများ၊ အခြားအခြားသော ဒေသဆိုင်ရာပြောင်းလဲမှုများ၊ အထူးသဖြင့် ၎င်းဒေသသည် ရွှေထွက်သောဒေသဖြစ်၍ ရာဘာပင်စိုက်ပျိုးရာမှ အခြားအခြားသော၊ ရွှေနှင့်ပတ်သက်သော သယံဇာတကိစ္စများ ပါဝင်လာတဲ့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ပါ ပူးပေါင်းဆောင်ရွက်ပြီးတော့ အသေးစိတ်ညှိနှိုင်းဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီလိုကွင်းဆင်းဆောင်ရွက်ဖို့ကိုလည်း မကြာမီ အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ထားပြီးဖြစ်တဲ့အတွက် အမြန်ဆုံးစေလွှတ်တော့မှာဖြစ်ပါတယ်။ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနအနေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်မယ့် အခြားအခြားသော သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီးမှာရှိတဲ့ ရာဘာပင်များသာမက အခြားအခြားသော သယံဇာတကိစ္စများ

ကိုပါ ကွင်းဆင်းပြီး အမှန်တကယ်အဖြေရှာပြီးတော့ ပြန်လည်စစ်ဆေးပြီး ကွဲလွဲချက်များကိုလည်း ရှိ/မရှိစစ်ဆေးဖော်ထုတ်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းမိုး(အဖွဲ့ဝင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ အဖွဲ့ဝင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ အစီရင်ခံစာနဲ့ပတ်သက်ပြီး ကော်မတီဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ကော်မတီကိုယ်စား တင်ပြအစီခံမှာဖြစ်ပါတယ်။ အစီရင်ခံစာ အပြည့်အစုံကို ကိုယ်စားလှယ်တော်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်ကိုငဲ့ညှာသော အနေဖြင့် အစီရင်ခံစာကောက်နုတ်ချက်ကိုသာ တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များရှင်။ နိုင်ငံတကာဆက်ဆံရေး ကော်မတီကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပစဉ် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ်(၂၀/၂၀၁၆)ဖြင့်

အဖွဲ့ဝင် ၁၅ ဦးနဲ့ ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒီနောက်မှာ ကော်မတီဥက္ကဋ္ဌပြောင်းလဲခန့်အပ်ခြင်း၊ ကော်မတီဝင်များ အစားထိုးခန့်အပ်ခြင်း၊ လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခြင်းဖြင့် ကော်မတီ၏ တာဝန်ကို ဆောင်ရွက်လျက်ရှိကြပါတယ်။ ယခုဆိုလျှင် ကော်မတီအဖွဲ့ဝင် ၁၉ နဲ့ လေ့လာသူ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦး စုစုပေါင်း ကော်မတီဝင် ၂၁ ဦးဖြင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေပါတယ်။ ယခုတင်ပြသည့်အစီရင်ခံစာမှာ အဓိကအားဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးပြီးဆုံးချိန် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၈ နေ့မှ နဝမပုံမှန်အစည်းအဝေး ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့အထိ လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို အဓိကတင်ပြသွားခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ နိုင်ငံတကာဆက်ဆံရေး ကော်မတီ၏ အစီရင်ခံစာမှာ ကော်မတီအတွက် သတ်မှတ်ထားသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေသည့်အပြင် ကော်မတီကလက်တွေ့လုပ်ဆောင်နေသော လုပ်ငန်းတာဝန်များ၊ ကော်မတီဝင်များ၏ မေးခွန်း၊ အဆိုများ၊ တင်သွင်းမေးမြန်းမှုများကိုလည်း လှုပ်ရှားဆောင်ရွက်မှုအဖြစ် ဖော်ပြထားပါတယ်။ ဥပဒေပြုခြင်းဆိုင်ရာကိစ္စရပ်များတွင် ကော်မတီသည် ဥပဒေလေးခုကို စိစစ်ခဲ့ပါသည်။ ၎င်းတို့မှာ-

(က) သံအရာရှိများနှင့် ကောင်စစ်အရာရှိများ၊ ကျမ်းသစ္စာနှင့် အခကြေးငွေများ၊ အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃/၂၀၁၅)၊

(ခ) ကမ္ဘာ့ကုသမဂ္ဂအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ၊ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၄/၂၀၁၅)၊

(ဂ) ၁၉၅၅ ခုနှစ်၊ ဂျပန်စစ်ပြေငြိမ်းရေးစာချုပ်အက်ဥပဒေ၊ ဆက်စပ်ဥပဒေ ဥပဒေအမှတ် (၃၇/၁၉၅၅)ခုနှစ်၊

(ဃ) မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၁၄/၂၀၁၇)၊

အထက်ပါဥပဒေလေးခုကို နိုင်ငံခြားရေးဝန်ကြီးဌာနအား ဖိတ်ခေါ်၍ ဆွေးနွေးခဲ့ပါသည်။ လွှတ်တော်ကော်မတီဝင်များသည် တစ်ဦးချင်း၊ ဥပဒေပြုခြင်းဆိုင်ရာကိစ္စရပ်များကိုလည်း ပြုလုပ်လျက်ရှိကြပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် နိုင်ငံတကာအစည်းအဝေးများ၊ အလုပ်ရုံအစည်းအဝေးများနှင့် လေ့လာရေးခရီးစဉ်များ သွားရောက်ဆောင်ရွက်ခဲ့မှုများကိုလည်း အစီရင်ခံစာမှာ နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။ ထို့အပြင် နိုင်ငံတကာဆက်ဆံရေးကော်မတီသည် နိုင်ငံတကာသံတမန်များနှင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများအား လက်ခံတွေ့ဆုံမှုများကိုလည်း နိုင်ငံတတာဆက်ဆံရေးဆိုင်ရာ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်မှုများအဖြစ် ဖော်ပြထားပါတယ်။ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ၏ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးပြီးဆုံးချိန်မှ

နဝမပုံမှန်အစည်းအဝေးကာလအတွင်း ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများနှင့် ပြည်ထောင်စု၏ ဘဏ္ဍာရေးအရအသုံးဆိုင်ရာများ စိစစ်တဲ့လုပ်ငန်းအစည်းအဝေးများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်း ဖော်ပြထားပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ နိုင်ငံတကာဆက်ဆံရေးကော်မတီအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများကို အခါအားလျော်စွာ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီရုံးရှိရာ လွှတ်တော်ရေးရာဆောင်အမှတ်(I-5)သို့ ဖိတ်ကြား၍ ဝန်ကြီးဌာနများ၏ လုပ်ဆောင်ချက်များ၊ မူဝါဒများ၊ ဘဏ္ဍာငွေသုံးစွဲမှုကိစ္စရပ်များအပါအဝင် နိုင်ငံတကာစာချုပ်စာတမ်းကိစ္စရပ်များနှင့် လူဝင်မှုကိစ္စရပ်များကို ဆွေးနွေး၊ မေးမြန်းမှုများပြုလုပ်ခဲ့ပါတယ်။ နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များအနေဖြင့် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်နှင့် မိမိတို့၏မဲဆန္ဒနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်၍လည်းကောင်း မေးခွန်းများမေးမြန်းခြင်းနဲ့ အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းများပြုလုပ်ခဲ့ရာ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးကာလအထိ ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြမေးခွန်းစုစုပေါင်း ၁၅၁ ကြိမ်၊ အဆိုနှစ်ကြိမ် တင်သွင်းခြင်းနှင့် အဆိုဆွေးနွေး မှု ၅၃ ကြိမ် ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးကော်မတီအနေနဲ့ သုံးသပ်အကြံပြုတင်ပြလိုတာကတော့ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ကောင်းမွန်သောဆက်ဆံရေးတည်ဆောက်သင့်ပါကြောင်း၊ ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ ခိုင်မာကောင်းမွန်သည့် မဟာဗျူဟာတစ်ရပ်ချမှတ်၍ ရခိုင်ပြည်နယ်အတွင်း ပကတိအနေအထားကို ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်သတင်းမီဒီယာများ ပိုမိုသိရှိနိုင်စေရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏လမ်းညွှန်ချက်ဖြင့် ကော်မတီသည် နိုင်ငံတကာအတွေ့အကြုံများ ပိုမိုရရှိစေရန်အတွက် ဒေသဆိုင်ရာ သို့မဟုတ် အပြည်ပြည်ဆိုင်ရာလွှတ်တော်အချင်းချင်း ချစ်ကြည်ရေးအဖွဲ့အစည်းများနှင့် ဆက်ဆံမှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်သော ပြည်တွင်းပြည်ပအစည်းအဝေးများတွင် တက်ရောက်မည့်ကိုယ်စားလှယ်များစေလွှတ်ရာတွင် ယခင်တက်ရောက်ခဲ့သော ကိုယ်စားလှယ်များနှင့် အတွေ့အကြုံ၊ အကြောင်းအရာများကို ဆက်စပ်ဆောင်ရွက်စေသင့်ပါကြောင်း နိုင်ငံတကာစာချုပ် စာတမ်းများဆိုင်ရာကိစ္စရပ်များကို လွှတ်တော်သို့ တင်သွင်းသည့်အခါ နိုင်ငံတကာဆက်ဆံရေးရှုထောင့်အမြင်ဖြင့် ပြည့်စုံစွာလေ့လာသုံးသပ်နိုင်ရန်အတွက် နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ ကြိုတင်အချိန်ယူအသိပေးသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီသည် ကျယ်ပြန့်လှသော နိုင်ငံတကာရေးရာကိစ္စရပ်များနှင့် တာဝန်များကို ဆောင်ရွက်ထမ်းဆောင်ရာတွင် ကော်မတီဝင်များနှင့် ကော်မတီဝန်ထမ်းများ၏ စိတ်ပါဝင်စားစွာကြိုးစားအားထုတ်ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကော်မတီ၏လုပ်ငန်းများ အဆင်ပြေချောမွေ့လည်ပတ်လျက်ရှိပြီး ပြည်သူ့လွှတ်တော်မှ

ပေးအပ်သည့် တာဝန်ဝတ္တရားများကိုလည်း ကျေပွန်စွာထမ်းဆောင်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

## ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏
## လုပ်ငန်းတာဝန်များ ဆောင်ရွက်မှု အစီရင်ခံစာ

### နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွှတ်တော်များ ဖွဲ့စည်းပေါ်ပေါက်ခဲ့ပါသည်။ ယခုအစီရင်ခံစာသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးပြီးဆုံးချိန် ၂၀၁၇ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှ နဝမပုံမှန်အစည်းအဝေး ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့အထိ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို အစီရင်ခံတင်ပြခြင်းဖြစ်ပါသည်။

### ရည်ရွယ်ချက်

၂။ ဤအစီရင်ခံစာသည် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ တာဝန်ယူဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ပြည်သူများသိရှိပြီး လိုအပ်ချက်များကို ဝိုင်းဝန်းအကြံပြု ကူညီပံ့ပိုးပေးနိုင်ရန်နှင့် မှတ်တမ်းတစ်ခုအဖြစ် ထားရှိရန်တို့အတွက် ရည်ရွယ်ပါသည်။

### နိုင်ငံတကာဆက်ဆံရေးကော်မတီဖွဲ့စည်းခြင်း

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ကျင်းပခဲ့ရာ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅ (ဂ)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄နှင့် ပုဒ်မ ၂၇ တို့အရ ပြည်သူ့လွှတ်တော် အစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ်(၂၀/၂၀၁၆)ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

### ကော်မတီသက်တမ်းတိုးမြှင့်ခြင်း

၄။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ စတုတ္ထပုံမှန်အစည်းအဝေး နဝမမြောက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံးအမိန့်ကြော်ငြာစာအမှတ်(၁၃/၂၀၁၇)ဖြင့် ကော်မတီ၏ ပထမအကြိမ် သက်တမ်းအားတိုးမြှင့်သတ်မှတ်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ သတ္တမပုံမှန်အစည်းအဝေး(၂၀) ရက်မြောက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၈)ဖြင့် ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

**မူကြမ်း**

## ကော်မတီအဖွဲ့ဝင်များခန့်အပ်ခြင်း

၅။ ဒုတိယအကြိမ် ကော်မတီသက်တမ်းကို တိုးမြှင့်ခဲ့ချိန်တွင် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌအဖြစ် ဦးဇော်သိန်း (ဝါးခယ်မမဲဆန္ဒနယ်)၊ အတွင်းရေးမှူးအဖြစ် ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)တို့အပါအဝင် လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများမှ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ စုစုပေါင်း(၁၅)ဦးကို တာဝန်ပေးအပ်ခဲ့ပြီး ကော်မတီဝင်(၄)ဦးထပ်မံ တာဝန်ပေးအပ်ခဲ့သဖြင့် စုစုပေါင်း(၁၉)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ လေ့လာသူအဖြစ် တပ်မတော်သားကိုယ်စားလှယ်(၂)ဦးကိုလည်း ထပ်မံတာဝန်ပေးအပ်ခဲ့ပါသည်။

၆။ ယနေ့အထိ နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များ၊ လေ့လာသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **ကော်မတီဝင်များ**

| | | |
|---|---|---|
| (၁) ဦးဇော်သိန်း | ဝါးခယ်မမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (၂) ဒေါ်ပြုံးကေသီနိုင် | ကလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၃) ဒေါ်ခင်နှင်းသစ် | ပန်းတောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၄) ဦးမျိုးဇော်အောင် | ကောလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၅) ဦးနိုင်ထူးအောင် | နွားထိုးကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၆) ဦးဇာနည်မင်း | ရွှေကူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၇) ဦးကံဦး | စလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၈) ဒေါက်တာဒေါ်ရွှေပုံ | ပဲခူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၉) ဦးစိုင်းဆိုင်မိုင်း | မိုင်းကိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၀) ဦးဦးထွန်းဝင်း | ကျောက်တော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၁) ဒေါ်မိကွန်ချမ်း | ပေါင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၂) ဒေါ်နန်းမိုး | မန်တုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၃) ဦးစိုင်းဝေါင်းဆိုင်ဟိန်း | မောက်မယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၄) ဗိုလ်မှူးချုပ် ဝင်းကိုကို | တပ်မတော်သား | အဖွဲ့ဝင် |
| (၁၅) ဒေါက်တာဦးမင်းသိန်း | ရေဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၆) ဦးအောင်ထူးမြင့် | အောင်လံမဲဆန္ဒနယ် | အဖွဲ့ဝင် |

**မူကြမ်း**

| | | |
|---|---|---|
| (၁၇) ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော် | ဇမ္ဗူသီရိမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၈) ဒေါက်တာစိုးမိုးသူ | မြောင်းမြမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (၁၉) ဦးဘိုဘိုဦး | စမ်းချောင်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

**(ခ) တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်လေ့လာသူများ**

(၁) ဒုတိယဗိုလ်မှူးကြီးသန့်ဇင်

(၂) ဒုတိယဗိုလ်မှူးကြီးကျော်ထွန်း

**ကော်မတီရုံးအဖွဲ့**

၇။ ကော်မတီ၏ ရုံးလုပ်ငန်းများဆောင်ရွက်ရန် ရုံးအဖွဲ့အဖြစ် ဒုတိယညွှန်ကြားရေးမှူး(၁)ဦး၊ ဦးစီးအရာရှိ(၁)ဦး၊ ဒုတိယဦးစီးမှူး(၃)ဦး၊ အကြီးတန်းစာရေး(၂)ဦး၊ အငယ်တန်းစာရေး(၁)ဦး စုစုပေါင်း(၈)ဦးတို့ကို တာဝန်ပေးအပ်ထားခဲ့ပါသည်။

**ကော်မတီလုပ်ငန်းတာဝန်များ**

၈။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ သတ်မှတ်တာဝန်ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) နိုင်ငံတကာဆက်ဆံရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူများကို စောင့်ထိန်းသည်။ အထက်ပါအချက်များကို ထိန်းညှိကူညီ ဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဃ) သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့်ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

**မူကြမ်း**

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော် ဥက္ကဋ္ဌမှတဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**လုပ်ငန်းဆောင်ရွက်ချက်များ**

၉။ ကော်မတီ၏ လက်တွေ့ဆောင်ရွက်ရသော လုပ်ငန်းဆောင်ရွက်ချက်များမှာ -

(က) အမျိုးသားစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများအား စိစစ်ဆောင်ရွက်ခြင်း၊

( ခ ) တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းရန် ဥပဒေကြမ်းများကို စိစစ်ဆွေးနွေးခြင်းနှင့် အခြားလွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

( ဂ ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ သံအရာရှိများ၊ အခြားပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်း၊

(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူများအားဖိတ်ကြား၍ ၎င်းတို့၏တင်ပြချက်များကို ဆွေးနွေးမေးမြန်းခြင်း သုံးသပ်ဝေဖန်ခြင်းများပြုလုပ်ခြင်း၊

(င) အာဆီယံပါလီမန်များညီလာခံဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter-Parliamentary Assembly (AIPA))၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union (IPU)) ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်း၊

(ဆ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်တွင်းပြည်ပတွင် ကျင်းပပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ အစည်းအဝေးများ၊ အခမ်းအနားများသို့ တက်ရောက်ဆွေးနွေးခြင်း၊

(ဇ) တင်ပြစာများ၊ တိုင်ကြားစာများနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်ခြင်းနှင့်

(ဈ) ကော်မတီအစည်းအဝေးများကျင်းပခြင်း တို့ဖြစ်ပါသည်။

**ဥပဒေပြုရေးဆိုင်ရာ ဆောင်ရွက်ခြင်း**

၁၀။ နိုင်ငံတကာဆက်ဆံရေးကော်မတီသည် ပြည်သူ့လွှတ်တော်၏ အခြားကော်မတီများ နည်းတူ သက်ဆိုင်ရာဝန်ကြီးဌာန၏ ဘဏ္ဍာရေးနှစ်အလိုက် အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ပြည်ထောင်စု

ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို ကော်မတီအစည်းအဝေးများကျင်းပ၍ စိစစ်ခဲ့ပြီး တည်ဆဲဥပဒေများအနက်မှ အသစ်ပြဋ္ဌာန်းရန်၊ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အစားထိုးရန် ဥပဒေများကို တာဝန်ယူစိစစ်ဆောင်ရွက်လျက် ရှိပါသည်။

၁၁။ ကော်မတီက တာဝန်ယူစိစစ်ရသော ဥပဒေ(၄)ခုရှိပါသည်။ ၎င်းတို့မှာ -

(က) သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃/၂၀၁၅)

(သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာနှင့် အခကြေးငွေများ) အက်ဥပဒေ (၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၉) ကို ပြင်ဆင်ခဲ့ပြီး သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာနှင့် အခကြေးငွေများ) အက်ဥပဒေပြင်ဆင်သည့် ဥပဒေ ကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃/၂၀၁၅) ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။)

(ခ) ကမ္ဘာ့ကုလသမဂ္ဂ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄/၂၀၁၅)

(ကမ္ဘာ့ကုလသမဂ္ဂ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေ (၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၉) ကို ပြင်ဆင်ခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၄/၂၀၁၅) ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။)

(ဂ) ၁၉၅၅ ခုနှစ်၊ ဂျပန်စစ်ပြေငြိမ်းချမ်းရေးစာချုပ်အက်ဥပဒေ ဆက်စပ်ဥပဒေ (ဥပဒေအမှတ် ၃၇/၁၉၅၅ ခုနှစ်)

(ဃ) မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုံများဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄/၂၀၁၇)

(ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုံများဥပဒေ (ဥပဒေအမှတ် ၃/၁၉၇၇ ခုနှစ်)ကို ရုပ်သိမ်းခဲ့ပြီး မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုံများ ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၄/၂၀၁၇) ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် အစားထိုးပြဋ္ဌာန်းခဲ့ပါသည်။)

၁၂။ အထက်ဖော်ပြပါ တည်ဆဲဥပဒေ(၄)ခုကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ဖိတ်ကြား၍ စိစစ်ဆွေးနွေးမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ကော်မတီဝင်များက ယင်းတည်ဆဲဥပဒေ(၄)ခုကို လက်ရှိအခြေအနေအတိုင်း ဆက်လက်ထားရှိသင့်ကြောင်း ဆုံးဖြတ်နိုင်ခဲ့ပါသည်။

**မူကြမ်း**

၁၃။ ထို့အပြင် ကော်မတီဝင်များသည် ဥပဒေကြမ်းကော်မတီတွင် ကျင်းပပြုလုပ်သော ဥပဒေကြမ်းများနှင့်သက်ဆိုင်သည့် အစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

**ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ခြင်း**

၁၄။ နိုင်ငံတကာဆက်ဆံရေးကော်မတီ အဖွဲ့ဝင်များသည် ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးခဲ့သော ရငွေသုံးငွေများ စိစစ်ပူးပေါင်းရေးအဖွဲ့ (၃) တွင် ပါဝင်ခဲ့ပြီး တာဝန်ယူဆောင်ရွက်ရသော နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၇- ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေးဥပဒေကြမ်းကို စိစစ်ခြင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများ၌ ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများကို စိစစ်ခြင်းတာဝန်များကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ပြည်တွင်း၊ ပြည်ပ ဧည့်သည်များအား လက်ခံတွေ့ဆုံခြင်း**

၁၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် နိုင်ငံတကာသံတမန်များနှင့် အဖွဲ့အစည်းများအား လက်ခံတွေ့ဆုံခဲ့ပြီး လက်ခံတွေ့ဆုံခဲ့မှု အသေးစိတ်ကို နောက်ဆက်တွဲ(က)ဖြင့် ဖော်ပြအပ်ပါသည်။

၁၆။ ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ၊ လွှတ်တော်များ ပေါ်ပေါက်လာမှုသမိုင်းကြောင်း၊ လွှတ်တော်များဖွဲ့စည်းပုံ၊ လွှတ်တော်က ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ၊ ဆောင်ရွက်ဆဲဥပဒေကြမ်းများ၊ လွှတ်တော်အရည်အသွေးမြှင့်တင်ရေးအစီအစဉ်ကို ကူညီပံ့ပိုးပေးရေးကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံ ရေးတိုးတက်စေရန်အပါအဝင် အခြားကိစ္စရပ်များပါဝင်ပါသည်။ တွေ့ဆုံခဲ့သည့် အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ခုနှစ် | အစိုးရ အဖွဲ့ဝင် များ | ကမ္ဘာ့ကုလ သမဂ္ဂ အဖွဲ့ အစည်း များ | ဥရောပ သမဂ္ဂအဖွဲ့ အစည်း များ | သံရုံးများ | အခြားအဖွဲ့ အစည်းများ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁။ | ၁၈-၃-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇ ထိ | - | - | - | ၆ | ၄ | **၁၀** |

**မူကြမ်း**

| စဉ် | ခုနှစ် | အစိုးရ အဖွဲ့ဝင် များ | ကမ္ဘာ့ကုလ သမဂ္ဂ အဖွဲ့ အစည်း များ | ဥရောပ သမဂ္ဂအဖွဲ့ အစည်း များ | သံရုံးများ | အခြားအဖွဲ့ အစည်းများ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၂။ | ၁-၁-၂၀၁၈ မှ ၁၉-၉-၂၀၁၈ | - | - | - | ၇ | ၅ | ၁၂ |
| | **စုစုပေါင်း** | - | - | - | ၁၃ | ၉ | ၂၂ |

**ဝန်ကြီးဌာနများကို ဖိတ်ကြား၍ ဆွေးနွေးမေးမြန်းမှုများ ပြုလုပ်ခြင်း**

၁၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များကို ဖိတ်ကြားပြီး ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံခဲ့ရာတွင် -

(က) ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများကိစ္စ၊

(ခ) နေရပ်ရွှေ့ပြောင်းအလုပ်သမားများကိစ္စ၊

(ဂ) ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်စပ်လျဉ်းသည့်ကိစ္စ၊

(ဃ) နယ်နိမိတ်သတ်မှတ်ခြင်းဆိုင်ရာကိစ္စ၊

(င) မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော Asia- Europe Meeting(ASEM) အစည်းအဝေးနှင့် ပတ်သက်သည့်ကိစ္စ၊

(စ) တောင်အာဖရိကနိုင်ငံရှိ မြန်မာသံရုံးပိုင် မြေနေရာတွင် သံရုံးဆောက်လုပ်နေမှုကိစ္စ တို့ကိုဆွေးနွေးခဲ့ပါသည်။

၁၈။ ထိုသို့ပြုလုပ်ရာတွင် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏အကျိုးကို ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတကာနှင့် ဆက်ဆံဆောင်ရွက်မှုများကို တာဝန်ရှိပုဂ္ဂိုလ်များမှ ရှင်းလင်းပြောကြားခဲ့ပြီး ကော်မတီဝင်များအနေဖြင့်လည်း နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သတ်သည့် အခန်းကဏ္ဍများတွင် မိမိတို့၏ စောင့်ကြည့်ထိန်းညှိရမည့် တာဝန်အရ မေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။

**ပူးပေါင်းကော်မတီများတွင်ပါဝင်ဆောင်ရွက်ခြင်း**

၁၉။ ပြည်ထောင်စုလွှတ်တော်သည် အာဆီယံဒေသတွင်း လွှတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇ (ခ)နှင့်အညီ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့်

အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter-Parliamentary Assembly) ကို ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၁၆)ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်သူ့လွှတ်တော် နိုင်ငံတကာ ဆက်ဆံရေးကော်မတီဝင်(၇)ဦးကို တာဝန်ပေးအပ်ခဲ့ပါသည်။ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၇)ဖြင့် ပထမအကြိမ်သက်တမ်း တိုးမြှင့်ခဲ့ပါသည်။ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော် အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၈) ဖြင့် ဒုတိယအကြိမ် သက်တမ်းတိုးမြှင့်ခဲ့ပါသည်။

၂၀။ ယခုလက်ရှိ အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီတွင် နိုင်ငံတကာ ဆက်ဆံရေးကော်မတီမှ အောက်ဖော်ပြပါ ကော်မတီဝင်များသည် လုပ်ငန်းတာဝန်များ ဆောင်ရွက် လျက်ရှိပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးဇော်သိန်း | ဝါးခယ်မမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ပြုံးကေသီနိုင် | ကလောမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးနိုင်ထူးအောင် | နွားထိုးကြီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးဇာနည်မင်း | ရွှေကူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးကံဦး | စလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးစိုင်းဆိုင်မိုင်း | မိုင်းကိုင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဒေါ်မိကွန်ချမ်း | ပေါင်မဲဆန္ဒနယ် | အဖွဲ့ဝင် |

၂၁။ အာဆီယံပါလီမန်များညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter- Parliamentary Assembly)အနေဖြင့် ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပခြင်း၊ (၃-၉-၂၀၁၈)ရက်နေ့မှ (၇-၉-၂၀၁၈)ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (39th AIPA GA)သို့ တက်ရောက်ဆွေးနွေးနိုင်ရေးအတွက် ကဏ္ဍရပ်များအလိုက် အဖွဲ့များဖွဲ့စည်း၍ အစည်းအဝေးများ ကျင်းပပြုလုပ်လျက် ရှိပါသည်။

၂၂။ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၆) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇ (ခ)နှင့်အညီ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေတူညီစွာပါဝင်သည့် နိုင်ငံတကာပါလီမန်အဖွဲ့ ဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union(IPU))ကို စတင်ဖွဲ့စည်းခဲ့ပြီး ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်(၈)ဦးကို တာဝန်ပေးအပ် ခဲ့ပါသည်။ ၂၀၁၇ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် ပြည်ထောင်စုလွှတ်တော် အမိန့်ကြော်ငြာစာ အမှတ် (၁၃/၂၀၁၇) ဖြင့် ပထမအကြိမ် သက်တမ်းတိုးမြှင့်ခဲ့ပါသည်။ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈

ရက်နေ့ ပြည်ထောင်စုလွှတ်တော် အမိန့်ကြော်ငြာစာအမှတ်(၁၆/၂၀၁၈)ဖြင့် ဒုတိယအကြိမ်သက်တမ်းတိုးမြှင့်ခဲ့ပါသည်။

၂၃။ ယခုလက်ရှိ နိုင်ငံတကာပါလီမန်အဖွဲ့ဆိုင်ရာပူးပေါင်းကော်မတီတွင် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီမှ အောက်ဖော်ပြပါ ကော်မတီဝင်(၈)ဦးတို့ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်-

| | | | |
|---|---|---|---|
| (က) | ဒေါက်တာဒေါ်ရွှေပုံ | ပဲခူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ခ) | ဒေါ်ခင်နှင်းသစ် | ပန်းတောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးမျိုးဇော်အောင် | ကောလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးဦးထွန်းဝင်း | ကျောက်တော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဒေါ်နန်းမိုး | မန်တုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးစိုင်းဝေါင်းဆိုင်ဟိန်း | မောက်မယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဗိုလ်မှူးချုပ်ဝင်းကိုကို | တပ်မတော်သား | အဖွဲ့ဝင် |
| (ဇ) | ဦးဘိုဘိုဦး | စမ်းချောင်းမဲဆန္ဒနယ် | အတွင်းရေးမှူး |

၂၄။ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union (IPU))နှင့်ပတ်သက်သော ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

**နိုင်ငံတကာအစည်းအဝေးများနှင့် လေ့လာရေးခရီးစဉ်များသွားရောက်ခြင်း**

၂၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ဝင်များသည် နိုင်ငံတကာတွင်ကျင်းပပြုလုပ်သော အစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြပြီး ကိုယ်စားလှယ်များ ပြည်ပသို့ သွားရောက်ခဲ့မှု အခြေပြဇယားကို နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြအပ်ပါသည်။

(က) ကော်မတီအဖွဲ့ဝင် ဦးနိုင်ထူးအောင်သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှ ၆ ရက်နေ့အထိ လာအိုနိုင်ငံ၌ကျင်းပပြုလုပ်သော AIPA Communication Master Plan and Cooperate Design အလုပ်ရုံဆွေးနွေးပွဲသို့လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပပြုလုပ်သော Dialogue on Parliamentarians Supporting the Quiet Revolution for Better Regulatory Governance ဆွေးနွေးပွဲသို့လည်းကောင်း တက်ရောက်ခဲ့ပါသည်။

(ခ) ကော်မတီအဖွဲ့ဝင် ဦးဖြိုးဇေယျာသော်သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ နှင့် ၂၀၁၈ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှ ၂၅ ရက်နေ့အထိ ဂျာမနီနိုင်ငံသို့ လေ့လာရေး ခရီးသွားရောက်ခဲ့ပါသည်။

(ဂ) ကော်မတီအဖွဲ့ဝင် ဒေါ်ပြုံးကေသီနိုင်သည် ၂၀၁၇ ခုနှစ် မေလ ၁ ရက်နေ့မှ ၁၂ ရက်နေ့အထိ အမေရိကန်နိုင်ငံတွင်ကျင်းပပြုလုပ်သော International Visitor Leaders Program သို့ တက်ရောက်ခဲ့ပါသည်။

(ဃ) ကော်မတီအဖွဲ့ဝင် ဒေါ်ခင်နှင်းသစ်သည် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော 9th AIPA Caucus Meeting သို့ တက်ရောက်ခဲ့ပါသည်။

(င) ကော်မတီအဖွဲ့ဝင် ဦးဇာနည်မင်းသည် ၂၀၁၈ ခုနှစ် မေလ ၇ ရက်နေ့မှ ၈ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော လက်နက်ငယ်များ၊ သယ်ဆောင်ရလွယ်ကူသော လက်နက်များနှင့်စပ်လျဉ်းသည့် ပါလီမန်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ လည်းကောင်း တက်ရောက်ခဲ့ပါသည်။

(စ) ကော်မတီအဖွဲ့ဝင် ဒေါ်နန်းမိုးသည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့မှ ၁၃ ရက်နေ့အထိ ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်သော ပြည်ပသို့စေလွှတ်မည့်သင်တန်း၊ ပညာသင်၊ ဆွေးနွေးပွဲနှင့် အစည်းအဝေးတက်ရောက်သူများ၊ ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးစဉ်များ၊ ဆေးဝါးကုသခြင်းစသည်များနှင့် ပတ်သက်၍ အကျဉ်းချုပ်တင်ပြချက် အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။

(ဆ) ကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့ မှ ၁၉ ရက်နေ့အထိ မွန်ဂိုလီးယားနိုင်ငံတွင် ကျင်းပပြုလုပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆွဲခြင်းဆိုင်ရာ နိုင်ငံတကာအစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။

(ဇ) ကော်မတီအဖွဲ့ဝင် ဦးစိုင်းဆိုင်မိုင်းနှင့် ဒေါက်တာဦးမင်းသိန်းတို့သည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှ ၂၆ ရက်နေ့အထိ မွန်ဂိုလီးယားနိုင်ငံတွင် ကျင်းပပြုလုပ်သော International Conference in Briefing Foreign Policy Decision: the Case of Mongolia ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။

(ဈ) ကော်မတီအဖွဲ့ဝင် ဦးနိုင်ထူးအောင်သည် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပပြုလုပ်သော ကမ္ဘောဒီးယားနိုင်ငံ အထွေထွေ ရွေးကောက်ပွဲသို့ လေ့လာရေးခရီး သွားရောက်ခဲ့ပါသည်။

(ည) ကော်မတီအဖွဲ့ဝင် ဒေါ်ပြုံးကေသီနိုင်သည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ မှ စက်တင်ဘာလ ၂ ရက်နေ့အထိ ဆွီဒင်နိုင်ငံတွင် Symmbiocity Approach ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သည့် လေ့လာရေးခရီး သွားရောက်ခဲ့ပါသည်။

**မူကြမ်း**

(ဈ) ကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ အတွင်းရေးမှူး ဦးဘိုဘိုဦး၊ ကော်မတီအဖွဲ့ဝင် ဒေါ်ပြုံးကေသီနိုင်၊ ဦးနိုင်ထူးအောင်နှင့် ဦးဇာနည်မင်းတို့သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှ ၇ ရက်နေ့အထိ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်သော $39^{th}$ AIPA GA သို့ တက်ရောက်ခဲ့ပါသည်။

(ည) ကော်မတီအဖွဲ့ဝင် ဒေါက်တာဒေါ်ရွှေပုံသည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်သော နှစ်ပါတီအကြား ချစ်ကြည်ရေးခရီးစဉ်သို့ သွားရောက်ခဲ့ပါသည်။

**ကော်မတီသို့ ပေးပို့လာသောတင်ပြစာများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း**

၂၆။ ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ ပေးပို့လာသော တင်ပြစာ(၄)စောင်ကို လက်ခံရရှိခဲ့ပြီး ထိုတင်ပြစာများကို ဆောင်ရွက်ရန်အတွက် ကော်မတီအစည်းအဝေးများပြုလုပ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်သူ့လွှတ်တော်ရှိ ကော်မတီများသို့ပေးပို့၍ ဆောင်ရွက်ခဲ့ပါသည်။

**ကော်မတီအစည်းအဝေးများကျင်းပခြင်း**

၂၇။ နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ၊ ဘဏ္ဍာရေးနှစ်အလိုက် အရအသုံးခန့်မှန်းငွေစာရင်းနှင့် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို စိစစ်သည့် လုပ်ငန်းအစည်းအဝေးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲများကို နောက်ဆက်တွဲ(ဂ)ဖြင့် ဖော်ပြထားပြီး ပဥ္စမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးအထိ အောက်ပါအတိုင်းကျင်းပပြုလုပ်ခဲ့ပါသည် -

| စဉ် | ပုံမှန်အစည်းအဝေး | | အစည်းအဝေးအမည် | အရေအတွက် | |
|---|---|---|---|---|---|
| (က) | ပဥ္စမပုံမှန် | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ | - | ၁၀ |
| (ခ) | ဆဋ္ဌမပုံမှန် | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ | - | ၁ |
| | | - | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ (၆)လ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေကြမ်းများ | - | ၂ |
| (ဂ) | သတ္တမပုံမှန် | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ | - | ၇ |

| စဉ် | ပုံမှန်အစည်းအဝေး | | အစည်းအဝေးအမည် | အရေအတွက် | |
|---|---|---|---|---|---|
| (ဂ) | သတ္တမပုံမှန် | - | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ (၆)လ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းများ | - | ၂ |
| (ဃ) | အဋ္ဌမပုံမှန် | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | - | ၅ |
| (င) | နဝမပုံမှန် | - | ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး | - | ၄ |
| စုစုပေါင်း | | | | ၃၁ | |

**ကော်မတီဝင်များ၏ မေးခွန်းနှင့် အဆိုတင်သွင်းမေးမြန်းမှုများ**

၂၈။ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာကိစ္စများကိုလည်းကောင်း၊ နိုင်ငံတော်နှင့် မိမိမဲဆန္ဒနယ်မြေဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မေးခွန်း/အဆိုတင်သွင်းမှုများ ပြုလုပ်ခဲ့ပါသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြ/ကြယ်ပွင့်မပြ မေးခွန်း(၁၅၁)ကြိမ်၊ အဆို(၂)ကြိမ် တင်သွင်းခြင်းနှင့် အဆိုဆွေးနွေးမှု(၅၃)ကြိမ်တို့ကို ပြုလုပ်ခဲ့ပါသည်။ ကော်မတီဝင်များ၏ မေးခွန်းနှင့် အဆို တင်သွင်းမေးမြန်းမှုစာရင်းကို နောက်ဆက်တွဲ (ဃ)ဖြင့် ဖော်ပြထားပါသည်။

**မြန်မာနိုင်ငံ၏ မျက်မှောက်နိုင်ငံတကာဆက်ဆံရေးအပေါ် လေ့လာသုံးသပ်ချက်**

၂၉။ နိုင်ငံတကာဆက်ဆံရေးကော်မတီအနေဖြင့် နိုင်ငံတကာဆက်ဆံရေးတိုးမြှင့်ရေးအတွက် ကူညီဆောင်ရွက်ရန် တာဝန်ပေးအပ်ခံရသည်နှင့်အညီ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများ၏ ဆက်ဆံရေးအခြေအနေများကို လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ပြီး အောက်ပါအချက်များကို တွေ့ရှိခဲ့ရပါသည်-

(က) မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံများနှင့် ဆက်ဆံရေးအထူးကောင်းမွန်လျက် ရှိသည်ကို တွေ့ရှိရပါသည်။

(ခ) ၂၀၁၇ ခုနှစ်၊ ဩဂုတ်လတွင် ရခိုင်ဒေသမြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ပြဿနာများကြောင့် အမေရိကန်၊ ဥရောပသမဂ္ဂအပါအဝင် အနောက်နိုင်ငံများ၊ အစ္စလာမ်နိုင်ငံအချို့နှင့် ဆက်ဆံရေးအေးစက်မှုများ ရှိလာပါသည်။ ယင်းနိုင်ငံ များမှ ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ ဖိအားပေးမှုများ ပြုလုပ်လာသလို အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန်အထိပါ ကြိုးပမ်းအားထုတ်လာသည်ကို တွေ့ရပါသော်လည်း

အမေရိကန်ပြည်ထောင်စုနှင့် ဥပရောပနိုင်ငံအချို့သည် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကို မဟာဗျူဟာကျစွာဖြင့် နှစ်နိုင်ငံဆက်ဆံရေးပုံမှန်ဖြစ်အောင် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

(ဂ) မြန်မာနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် (၂၁-၃-၁၉၇၂)ရက်နေ့တွင် သံတမန်ဆက်ဆံမှုကို စတင်တည်ထောင်ခဲ့ပြီး ဆယ်စုနှစ်များစွာအတွင်း နှစ်နိုင်ငံအကြားဆက်ဆံရေးသည် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများပြဿနာကြောင့် မကြာခဏဆိုသလို ဆက်ဆံရေးအေးခဲခဲ့ပါသော်လည်း ယခုအခါတွင် နှစ်နိုင်ငံအကြားကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးတက်လာခြင်း၊ အခြားအပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်ရေးများတွင် တိုးတက်မှုများရှိလာခဲ့သည်ကို တွေ့ရှိရပါသည်။

(ဃ) မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာမျက်နှာစာတွင် တစ်ဖက်သတ်ဆန်သောသတင်းများ၊ သတင်းမှားများ များစွာပျံ့နှံ့နေပြီး ယင်းသတင်းအမှားများကို ပြန်လည်ချေဖျက်နိုင်မည့် သတင်းမှန်များ၊ ရခိုင်ပြည်နယ်တွင် ပကတိအခြေအနေများကို နိုင်ငံတကာမှသိရှိနိုင်ရန် ထုတ်ပြန်ပေးနိုင်မှု ပိုမိုကြိုးပမ်းဆောင်ရွက်သင့်ပါသည်။

(င) ရခိုင်ပြည်နယ်တွင်း ပဋိပက္ခဖြစ်ပွားရာဒေသများသို့ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများအား သွားရောက်လေ့လာခွင့် နည်းပါးခဲ့သဖြင့် ရခိုင်ပြည်နယ်၏ ပကတိအနေအထားကို နိုင်ငံတကာမှ နားလည်မှုမပြည့်စုံသောကြောင့် အထင်အမြင်လွဲမှားမှုများ များပြားလာခဲ့သည်ဟု သုံးသပ်မိပါသည်။

(စ) ရခိုင်ပြည်နယ်မြောက်ပိုင်းမှ နေရပ်စွန့်ခွာ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားသူများအား ဥပဒေနှင့်အညီ ပြန်လည်လက်ခံရန် အစိုးရအနေဖြင့် အသင့်ဖြစ်နေကြောင်း တွေ့ရှိရပြီး တရားမဝင် ဝင်ရောက်မှုများကိုလည်း သတိကြီးစွာဖြင့် စောင့်ကြပ်ဆောင်ရွက်နေကြောင်း တွေ့ရပါသည်။

(ဆ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏One Belt, One Road (OBOR) စီမံကိန်းတွင် မြန်မာနိုင်ငံက အရေးပါသည့်နေရာမှ ပါဝင်လျက်ရှိပြီး ယင်းစီမံကိန်းတွင် အကျုံးဝင်သောလုပ်ငန်းများအား စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယင်းလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ချေးငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းများ ပါဝင်နေသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံအချို့ ကြုံတွေ့ခဲ့ရသည့် အကြွေးနွံအတွင်း သက်ဆင်းရခြင်းမျိုး မဖြစ်စေရန် အထူးဂရုပြုရန် လိုအပ်သည်ဟု သုံးသပ်မိပါသည်။

**မူကြမ်း**

(ဇ) မြန်မာနိုင်ငံသို့ နိုင်ငံတကာ အကူအညီများ များစွာဝင်ရောက်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်ရန် ကမ်းလှမ်းမှုများ ရှိခဲ့ပါသည်။ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများနှင့် ထောက်ပံ့ကူညီရေးအဖွဲ့များ ဖြစ်သော World Bank (ကမ္ဘာ့ဘဏ်)၊ International Monetary Fund- IMF (အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့)၊ Asia Development Bank- ADB (အာရှဖွံ့ဖြိုးရေးဘဏ်)၊ Japan International Cooperation Agency- JICA (ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ)၊ Korea International Cooperation Agency- KOICA (ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ)၊ G-12 (ဖွံ့ဖြိုးဆဲ ၁၂ နိုင်ငံအုပ်စု)နှင့် တရုတ်၊ ဂျပန်၊ ဂျာမနီ၊ European Union- EU (ဥရောပသမဂ္ဂ)၊ အမေရိကန်နိုင်ငံတို့၏ ငွေကြေးထောက်ပံ့မှုများ၊ ချေးငွေထောက်ပံ့မှုများ တွေ့ရသည့်အပြင် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့အတွက် ငွေကြေးနှင့်နည်းပညာ ပူးပေါင်း ဆောင်ရွက်မှုများကို တွေ့ရှိရပါသည်။ ယင်းနိုင်ငံတကာအကူအညီများကို အသုံးပြုလျက် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် အလေအလွင့်မရှိစေဘဲ ထိထိရောက်ရောက် ထက်ထက်မြက်မြက် အချိန်မီအောင်မြင်အောင် ဆောင်ရွက်သင့်ပါသည်။

**အကြံပြုချက်များ**

၃၀။ ကော်မတီအနေဖြင့် ပထမပုံမှန်အစည်းအဝေးကာလမှ အဋ္ဌမပုံမှန်အစည်းအဝေး ကာလပြီးဆုံးသည်အထိ အားသာချက် အားနည်းချက်များပေါ် မူတည်၍ အောက်ပါအတိုင်း သုံးသပ်အကြံပြုအပ်ပါသည် -

(က) မြန်မာနိုင်ငံအနေနှင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေး ဝါဒကို ဆက်လက်စွဲကိုင်ကျင့်သုံးရန်လိုအပ်ပြီး ကမ္ဘာ့နိုင်ငံအားလုံးနှင့် ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်နိုင်ရန် တတ်အားသရွေ့ ကြိုးပမ်းဆောင်ရွက်သင့်သည်။

(ခ) ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ နိုင်ငံတကာမှ တစ်ဖက်သတ်စွပ်စွဲမှု၊ ဖိအားပေးမှုများအား ထိရောက်စွာ တုံ့ပြန်နိုင်ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာ ခိုင်မြဲရေး၊ ကာကွယ်ရေး၊ လုံခြုံရေးတို့အတွက် အစဉ်သတိရှိသင့်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်အရေးကိစ္စနှင့်ပတ်သက်ပြီး သတင်းအမှန်များနှင့် ပကတိအခြေအနေများ ထုတ်ပြန်ခြင်းကို ယခုထက်ပိုမို၍ လျင်မြန်ထိရောက်စွာ ဆောင်ရွက်သင့်သည်။ ယင်းအပြင် ရခိုင်ပြည်နယ်အတွင်း ပကတိအနေအထားကို ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများ ပိုမိုသိရှိနိုင်စေရေးအတွက် လွတ်လပ်စွာ သွားလာခွင့်ပြုပေးသင့် သည်။

(ဂ) One Belt, One Road (OBOR) စီမံကိန်းတွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ခြင်းသည် မှန်ကန်သော်လည်း စီမံကိန်းပါလုပ်ငန်းများအတွက် ချေးငွေရယူရာတွင် အကြွေးနွံထဲ

မသက်ဆင်းစေရေး အထူးဂရုပြုဆောင်ရွက်ရမည်ဖြစ်သလို နိုင်ငံတော်က အကျိုးအမြတ်ရရှိမှု မနည်းပါးစေရေးကိုလည်း တိကျသေချာစွာ ဆန်းစစ်စဉ်းစား ဆောင်ရွက်သင့်ပါကြောင်း၊ အချို့စီးပွားရေး စီမံကိန်းများအား ပုဂ္ဂလိကပိုင်းအားဖြင့် အလေးပေးဆောင်ရွက်သင့်ပြီး Build- Operate- Transfer (BOT) စနစ်အားဖြင့် လည်းကောင်း၊ Public- Private- Partnership (PPP) စနစ်အားဖြင့်လည်းကောင်း အလေးပေး ဆောင်ရွက်သင့်ပါသည်။

(ဃ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ကော်မတီဝင်များသည် နိုင်ငံတကာ အတွေ့အကြုံများပိုမိုရရှိစေရန်အတွက် ဒေသဆိုင်ရာ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ လွှတ်တော်ချင်းချစ်ကြည်ရေးအဖွဲ့အစည်းများနှင့် ဆက်ဆံမှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်သင့်ပါသည်။

(င) ASEAN Inter- Parliamentary Assembly (AIPA)၊ Inter- Parliamentary Union (IPU)တို့၏ ကိစ္စရပ်များနှင့်သက်ဆိုင်သော အစည်းအဝေးတိုင်းသို့ လွှတ်တော် အကြီးအမှူးများ၏ လမ်းညွှန်မှုကိုခံယူ၍ ကော်မတီဝင်များအား စေလွှတ်သင့်ပါသည်။

(စ) နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်သော ပြည်တွင်း၊ ပြည်ပအစည်းအဝေးများသို့ တက်ရောက်မည့် ကိုယ်စားလှယ်များစေလွှတ်ရာတွင် ယခင်တက်ရောက်ခဲ့သော ကိုယ်စားလှယ်များ၏အတွေ့အကြုံမှတ်တမ်းမှတ်ရာများကို သုံးသပ်ဆောင်ရွက်သင့်ပါ သည်။

(ဆ) နိုင်ငံတကာစာချုပ်စာတမ်းဆိုင်ရာ ကိစ္စရပ်များကို လွှတ်တော်သို့ တင်သွင်း သောအခါ နိုင်ငံတကာဆက်ဆံရေး ရှုထောင့်အမြင်ဖြင့် ပြည့်စုံစွာလေ့လာ သုံးသပ်နိုင်ရန်အတွက် နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ ကြိုတင်အချိန်ယူ အသိပေးသင့်ကြောင်း အကြံပြုအပ်ပါသည်။

## နိဂုံး

၃၁။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီသည် ကျယ်ပြန့်လှသော ကော်မတီ၏ တာဝန်များကိုထမ်းဆောင်ရာတွင် ကော်မတီဝင်များနှင့် ကော်မတီဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှုများကြောင့် ကော်မတီ၏ လုပ်ငန်းများချောမွေ့စွာဖြင့် လည်ပတ်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ ဤအစီရင်ခံစာပေါ်မူတည်၍ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ပြည်သူများ၏ သုံးသပ်ဝေဖန် အကြံပြုချက်များကိုလည်း ကြိုဆိုဖိတ်ခေါ်အပ်ပါသည်။

**မှူးကြမ်း**

## နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ပြည်တွင်း/ ပြည်ပဧည့်သည်များနှင့်တွေ့ဆုံမှုမှတ်တမ်း (၁၈.၃.၂၀၁၇ရက်နေ့မှ ၁၉.၉.၂၀၁၈ရက်နေ့အထိ)

| စဉ် | လာရောက်တွေ့ဆုံသည့် ပုဂ္ဂိုလ် | လာရောက်တွေ့ဆုံသည့် အဖွဲ့အစည်း | လက်ခံတွေ့ဆုံသည့် နေရာ၊ နေ့ရက်၊ အချိန် |
|---|---|---|---|
| ၁။ | Mr. Oren Samet, Director of Research & Advocacy | ASEAN Parliamentarians For Human Rights(APHR) | I-5၊ ၁၉-၆-၂၀၁၇ (၁၅း၀၀)နာရီ |
| ၂။ | ဒေါက်တာမေရှီးရှို | မြန်မာနိုင်ငံဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်း | I-5၊ ၂၃-၆-၂၀၁၇ (၁၅း၀၀)နာရီ |
| ၃။ | Mr.Kim Jung Han, Charged Affair of Embassy of the Republic of Korea | ကိုရီးယားနိုင်ငံသံရုံး | I-5၊ ၂၈-၇-၂၀၁၇ (၁၅း၀၀)နာရီ |
| ၄။ | သံအမတ်ကြီး H.E. Mr.Eduardo E. Kapunan | ဖိလစ်ပိုင်နိုင်ငံသံရုံး | I-5၊ ၃-၈-၂၀၁၇ (၁၅း၀၀)နာရီ |
| ၅။ | ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး H.E. Mr. Roland Kobia | ဥရောပသမဂ္ဂအဖွဲ့ | I-5၊ ၁၅-၈-၂၀၁၇ (၁၅း၀၀)နာရီ |
| ၆။ | Senior Advisor Ms. Johanna Kao ဦးဆောင်သည့်အဖွဲ့ | International Republican Institute(IRI) | I-5၊ ၂၃-၈-၂၀၁၇ (၁၆း၀၀) နာရီ |
| ၇။ | ဒုတိယအကြီးအကဲ Mr. Koh Chee Chian | စင်္ကာပူနိုင်ငံသံရုံး | I-5၊ ၁-၉-၂၀၁၇ (၁၁း၀၀)နာရီ |
| ၈။ | သံအမတ်ကြီး H.E. Mr. Nicholas Coppel | ဩစတြေးလျနိုင်ငံသံရုံး | I-5၊ ၁၀-၁၀-၂၀၁၇ (၁၃း၀၀)နာရီ |
| ၉။ | Ms. Yumiko Tamura | အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ် | I-5၊ ၁၇-၁၀-၂၀၁၇ |

မူကြမ်း

| | | | |
|---|---|---|---|
| | Officer-in-Charge | | (၁၆း၀၀)နာရီ |

| စဉ် | လာရောက်တွေ့ဆုံသည့် ပုဂ္ဂိုလ် | လာရောက်တွေ့ဆုံသည့် အဖွဲ့အစည်း | လက်ခံတွေ့ဆုံသည့် နေရာ၊ နေ့ရက်၊ အချိန် |
|---|---|---|---|
| ၁၀။ | သံအမတ်ကြီး H.E. Mr.Daniel Zonshine | အစ္စရေးနိုင်ငံသံရုံး | I-5၊ ၂၅-၁၀-၂၀၁၇ (၀၈း၃၀)နာရီ |
| ၁၁။ | ကိုရီးယားသမ္မတနိုင်ငံ၊ အမျိုးသားလွှတ်တော်မှ H.E Mr.Kim Seang Tae (Chairman of public service and Strategy Committee) နှင့် ကိုရီးယားလုပ်ငန်းရှင်များ | ကိုရီးယားသမ္မတနိုင်ငံ | I-5၊ ၂၀၁၈ (၁၄း၀၀)နာရီ |
| ၁၂။ | ရန်ကုန်တက္ကသိုလ် နိုင်ငံတကာ ဆက်ဆံရေးပညာ ဒီပလိုမာ သင်တန်း အမှတ် စဉ်(၁၄)မှ ကျောင်းသား/သူ (၃၀)ဦး | ရန်ကုန်တက္ကသိုလ် | I-5၊ ၁၆-၂-၂၀၁၈ (၁၄း၃၀)နာရီ |
| ၁၃။ | ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် Policy Alternatives Research Institute (PARI) မှ စီမံကိန်းပါမောက္ခဟီစာရှိယိုရှိဝါကာ ဦးဆောင်သည့်အဖွဲ့ | ဂျပန်နိုင်ငံ | I-5၊ ၂၃-၂-၂၀၁၈ (၁၅း၀၀)နာရီ |
| ၁၄။ | အမေရိကန်သံအမတ်ကြီး Mr. Scot Marciel နှင့် အမေရိကန် အထက်လွှတ်တော်၊ နိုင်ငံခြားရေးရာ ကော်မတီမှ အကြီးတန်း တာဝန်ခံ Ms. Charlotte Oldham- Moore ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ | အမေရိကန်နိုင်ငံသံရုံး | I-5၊ ၃၀-၃-၂၀၁၈ (၁၄း၁၅)နာရီ |
| ၁၅။ | ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Nicholas Coppel | ဩစတြေးလျနိုင်ငံသံရုံး | I-5၊ ၆-၄-၂၀၁၈ (၁၄း၀၀)နာရီ |

**မူကြမ်း**

| | | | |
|---|---|---|---|
| ၁၆။ | လူ့အခွင့်ရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏ အာရှ-ပစိဖိတ်ဌာနအကြီးအကဲ Ms. Jyoti Sanghera ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ | လူ့အခွင့်ရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) | I-5၊ ၂၅-၄-၂၀၁၈ (၁၄း၀၀)နာရီ |

| စဉ် | လာရောက်တွေ့ဆုံသည့် ပုဂ္ဂိုလ် | လာရောက်တွေ့ဆုံသည့် အဖွဲ့အစည်း | လက်ခံတွေ့ဆုံသည့် နေရာ၊ နေ့ရက်၊ အချိန် |
|---|---|---|---|
| ၁၇။ | ဖိလစ်ပိုင်နိုင်ငံသံအမတ်ကြီး H.E. Mr. Eduardo E. Kapunan, JR ဦးဆောင်သောအဖွဲ့ | ဖိလစ်ပိုင်နိုင်ငံ | I-5၊ ၁၀-၅-၂၀၁၈ (၁၆း၀၀)နာရီ |
| ၁၈။ | အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Zonshine | အစ္စရေးနိုင်ငံသံရုံး | I-5၊ ၁၆.၅.၂၀၁၈ (၀၈း၃၀)နာရီ |
| ၁၉။ | အိမ်ဖြူတော်ဆိုင်ရာအမျိုးသား လုံခြုံရေးကောင်စီ၊ အာရှရေးရာ အကြီးတန်း ညွှန်ကြားရေးမှူး Mr. Matt Pottinger နှင့်အတူ မြန်မာနိုင်ငံ ဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr. Scot Marciel ဦးဆောင်သည့်အဖွဲ့ | အမေရိကန်နိုင်ငံသံရုံး | I-5၊ ၁၅.၆.၂၀၁၈ (၁၄း၀၀)နာရီ |
| ၂၀။ | ဂျာမန်အဖွဲ့အစည်း(FES)၏ Asia Pacific Dept. အကြီးအကဲ Mr. Marc Saxer ဦးဆောင်သည့်အဖွဲ့ | ဂျာမန်အဖွဲ့အစည်း | I-5၊ ၁၀.၇.၂၀၁၈ (၁၁း၀၀)နာရီ |
| ၂၁။ | တီမောလက်စ်တေဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Joao Freitas de Camara | တီမောလက်စ်တေဒီမိုကရက်တစ် သမ္မတနိုင်ငံသံရုံး | I-5၊ ၂၀.၇.၂၀၁၈ (၁၀း၀၀)နာရီ |
| ၂၂။ | ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အောက်လွှတ်တော်၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီ၏ | ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အောက်လွှတ်တော် | I-5၊ ၂၅.၇.၂၀၁၈ (၁၅း၃၀)နာရီ |

| | | | |
|---|---|---|---|
| | ဒုတိယဥက္ကဋ္ဌ Mr. Alexei Chepa | | |
| ၂၃။ | အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Vikram Misri | အိန္ဒိယနိုင်ငံသံရုံး | I-5၊ ၁၇.၈.၂၀၁၈ (၀၈း၀၀)နာရီ |

**နောက်ဆက်တွဲ(ခ)**

## ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များ၏ ပြည်ပနိုင်ငံများသို့ သွားရောက်မှုစာရင်း (၁၈-၃-၂၀၁၇ ရက်နေ့မှ ၁၉-၉-၂၀၁၈ရက်နေ့ထိ)

| စဉ် | ကိုယ်စားလှယ်အမည် | သွားရောက်သည့်နိုင်ငံ | အကြောင်းအရာ | သွားရောက်သည့်ကာလ |
|---|---|---|---|---|
| ၁။ | ဦးဇော်သိန်း | မွန်ဂိုလီးယား | ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆွဲခြင်းဆိုင်ရာ နိုင်ငံတကာအစည်းအဝေး | ၁၈-၁၀-၂၀၁၇ မှ ၁၉-၁၀-၂၀၁၇ ထိ |
| | | စင်ကာပူ | 39th AIPA GA | ၃-၉-၂၀၁၈ မှ ၇-၉-၂၀၁၈ ထိ |
| ၂။ | ဦးဘိုဘိုဦး | စင်ကာပူ | 39th AIPA GA | ၃-၉-၂၀၁၈ မှ ၇-၉-၂၀၁၈ ထိ |
| ၃။ | ဒေါ်ပြုံးကေသီနိုင် | အမေရိကန် | Federalism and US Governmental System ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည့် International Visitor Leadership Program | ၁-၅-၂၀၁၇ မှ ၁၂-၅-၂၀၁၇ ထိ |
| | | ဆွီဒင် | Symmbiocity Approach ခေါင်းစဉ်ဖြင့်ပြုလုပ်သည့် လေ့လာရေးခရီး | ၂၇-၈-၂၀၁၈ မှ ၂-၉-၂၀၁၈ ထိ |

**မှုကြမ်း**

| စဉ် | ကိုယ်စားလှယ် အမည် | သွားရောက်သည့် နိုင်ငံ | အကြောင်းအရာ | သွားရောက်သည့် ကာလ |
|---|---|---|---|---|
| | | စင်ကာပူ | 39th AIPA GA | ၃-၉-၂၀၁၈ မှ ၇-၉-၂၀၁၈ ထိ |
| ၄။ | ဒေါ်ခင်နှင်းသစ် | အင်ဒိုနီးရှား | 9th AIPA Caucus Meeting | ၁၇-၇-၂၀၁၇ မှ ၂၀-၇-၂၀၁၇ ထိ |
| ၅။ | ဦးနိုင်ထူးအောင် | လာအို | AIPA Communication Master Plan and Corporate Design အလုပ်ရုံဆွေးနွေးပွဲ | ၃-၄-၂၀၁၇ မှ ၆-၄-၂၀၁၇ ထိ |
| | | အင်ဒိုနီးရှား | Dialogue on Parliament Arians Supporting the Quiet Revolution for Better Regulatory Governance | ၁၉-၄-၂၀၁၈ မှ ၂၀-၄-၂၀၁၈ ထိ |

| စဉ် | ကိုယ်စားလှယ် အမည် | သွားရောက်သည့် နိုင်ငံ | အကြောင်းအရာ | သွားရောက်သည့် ကာလ |
|---|---|---|---|---|
| | ဦးနိုင်ထူးအောင် | စင်ကာပူ | 39th AIPA GA | ၃-၉-၂၀၁၈ မှ ၇-၉-၂၀၁၈ ထိ |
| | | ကမ္ဘောဒီးယား | ကမ္ဘောဒီးယားနိုင်ငံ အထွေထွေ ရွေးကောက်ပွဲသို့ လေ့လာရေး | ၂၇-၇-၂၀၁၈ မှ ၃၀-၇-၂၀၁၈ ထိ |
| ၆။ | ဦးဇာနည်မင်း | အင်ဒိုနီးရှား | ပါလီမန်ဆိုင်ရာနှီးနှော ဖလှယ်ပွဲ | ၇-၅-၂၀၁၈ မှ ၈-၅-၂၀၁၈ ထိ |
| | | စင်ကာပူ | 39th AIPA GA | ၃-၉-၂၀၁၈ မှ ၇-၉-၂၀၁၈ ထိ |
| ၇။ | ဦးစိုင်းဆိုင်မိုင်း | မွန်ဂိုလီးယား | International Confrence Inbriefing Foreign Policy Decision (The Case of Mongolia) | ၂၅-၄-၂၀၁၈ မှ ၂၆-၄-၂၀၁၈ ထိ |
| ၈။ | ဒေါက်တာဒေါ်ရွှေပုံ | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ | တရုတ်ကွန်မြူနစ်ပါတီ၏ ဖိတ်ကြားချက်ဖြင့် ကျင်းပ ပြုလုပ်သော နှစ်ပါတီအကြား | ၁၅-၉-၂၀၁၈ မှ ၁၉-၉-၂၀၁၈ ထိ |

မူကြမ်း

| စဉ် | ကိုယ်စားလှယ် အမည် | သွားရောက်သည့် နိုင်ငံ | အကြောင်းအရာ | သွားရောက်သည့် ကာလ |
|---|---|---|---|---|
| | | | ချစ်ကြည်ရေးခရီးစဉ် | |
| ၉။ | ဒေါ်နန်းမိုး | သြစတြေးလျ | လေ့လာရေးခရီးစဉ် | ၇-၈-၂၀၁၇ မှ ၁၃-၈-၂၀၁၇ ထိ |
| ၁၀။ | ဒေါက်တာမင်းသိန်း | မွန်ဂိုလီးယား | International Confrence Inbriefing Foreign Policy Decision (The Case of Mongolia) | ၂၅-၄-၂၀၁၈ မှ ၂၆-၄-၂၀၁၈ ထိ |
| ၁၁။ | ဦးဖြိုးဇေယျာသော် (ခ) ဦးဇေယျာသော် | ဂျာမနီ | လေ့လာရေးခရီး | ၂၄-၄-၂၀၁၇ မှ ၂၈-၄-၂၀၁၇ ထိ |
| | | ဂျာမနီ | လေ့လာရေးခရီး | ၁၈-၃-၂၀၁၈ မှ ၂၅-၃-၂၀၁၈ ထိ |
| | | ဟောင်ကောင် | ဟောင်ကောင် အထူးအုပ်ချုပ်ရေး ဒေသသို့ လေ့လာရေးခရီး | ၉-၇-၂၀၁၈ မှ ၁၃-၇-၂၀၁၈ ထိ |

**နောက်ဆက်တွဲ(ဂ)**

## နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များ၏ ဆွေးနွေးပွဲတက်ရောက်မှုစာရင်း

## (၁၈-၃-၂၀၁၇ ရက်နေ့ မှ ၁၉-၉-၂၀၁၈ ရက်နေ့ထိ)

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| ၁။ | ၁၈.၁.၂၀၁၈ | ကော်မတီဝင်များ | အလုပ်ရှင်အလုပ်သမားစုပေါင်းတောင်းဆိုမှု ဆွေးနွေးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ |
| ၂။ | ၃.၂.၂၀၁၈မှ ၄.၂.၂၀၁၈ | ဦးဇာနည်မင်း ဒေါက်တာမင်းသိန်း | မီဒီယာချိတ်ဆက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ |
| ၃။ | ၈.၂.၂၀၁၈ | ကော်မတီဝင်များ | လူမှုကွန်ယက်မီဒီယာအသုံးပြုခြင်းဆိုင်ရာ ဆွေးနွေးပွဲ |
| ၄။ | ၇.၂.၂၀၁၈ မှ | ကော်မတီဝင်များ | ကော်မတီစုံစမ်းစစ်ဆေးမှုဆိုင်ရာ ထိရောက် ကောင်းမွန်သော ကျင့်သုံးမှုများ |

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| | ၈.၂.၂၀၁၈ | | |
| ၅။ | ၂၀.၂.၂၀၁၈ | ဦးနိုင်ထူးအောင်<br>ဦးဇာနည်မင်း<br>ဦးစိုင်းဆိုင်မိုင်း | အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ် ထုတ်ပြန်ကြော်ငြာသည့် အခမ်းအနား |
| ၆။ | ၂၂.၂.၂၀၁၈ | ဒေါ်ခင်နှင်းသစ်<br>ဦးမျိုးဇော်အောင် | ကမ္ဘာ့ရေနေ့ ၂၀၁၈ အထိမ်းအမှတ် အခမ်းအနား |
| ၇။ | ၂၄.၂.၂၀၁၈<br>မှ<br>၂၅.၂.၂၀၁၈ | ကော်မတီဝင်များ | လုံခြုံရေးကဏ္ဍအုပ်ချုပ်မှုနှင့် လွှတ်တော်၏ အခန်း ကဏ္ဍ ဆွေးနွေးပွဲ |
| ၈။ | ၂၆.၂.၂၀၁၈ | ဦးနိုင်ထူးအောင်<br>မိကွန်ချမ်း | Myanmar Development Effectiveness Roundtable ဆွေးနွေးပွဲ |
| ၉။ | ၂၃.၃.၂၀၁၇<br>မှ<br>၂၄.၃.၂၀၁၇ | မိကွန်ချမ်း | ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁) ရာစု ပင်လုံ ဒုတိယအစည်းအဝေး |
| ၁၀။ | ၆.၅.၂၀၁၈ | ကော်မတီဝင်များ | လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ဆွေးနွေးပွဲ |

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| ၁၁။ | ၂၄.၅.၂၀၁၇<br>မှ<br>၂၈.၅.၂၀၁၇ | ဒေါ်မိကွန်ချမ်း<br>ဒေါ်ပြုံးကေသီနိုင်<br>ဒေါ်ခင်နှင်းသစ်<br>ဒေါ်နန်းမိုး | ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁) ရာစု ပင်လုံ ဒုတိယအစည်းအဝေး |
| ၁၂။ | ၃၀.၅.၂၀၁၈<br>မှ | ကော်မတီဝင်များ | ဘဏ္ဍာရေးဆိုင်ရာ ဖက်ဒရယ်စနစ် အလုပ်ရုံ ဆွေးနွေးပွဲ |

**မူကြမ်း**

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| | ၃၁.၅.၂၀၁၈ | | |
| ၁၃။ | ၂.၆.၂၀၁၈<br>မှ<br>၃.၆.၂၀၁၈ | ဦးဘိုဘိုဦး<br>ဦးဦးထွန်းဝင်း<br>ဒေါ်ခင်နှင်းသစ် | ကိုယ်စားလှယ်များအတွက် Personal Grooming နှင့် ဆက်စပ်သင်တန်းတက် ရောက်နိုင်ရန် ဖိတ်ကြားခြင်း |
| ၁၄။ | ၃.၆.၂၀၁၇ | ဦးဦးထွန်းဝင်း | ငြိမ်းချမ်းရေးအတွက်နိုင်ငံတကာလွှတ်တော် ကိုယ်စားလှယ်များအသင်း-မြန်မာစတင်ခြင်း အခမ်းအနား |
| ၁၅။ | ၅.၆.၂၀၁၈ | ဦးဇော်သိန်း | လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်ဆိုင်ရာ နိုင်ငံတကာအလေ့အထများ အလုပ်ရုံဆွေးနွေးပွဲ |
| ၁၆။ | ၆.၆.၂၀၁၈<br>မှ<br>၇.၆.၂၀၁၈ | ကော်မတီဝင်များ | လွှတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ |
| ၁၇။ | ၁၃.၆.၂၀၁၇<br>မှ<br>၁၄.၆.၂၀၁၇ | ဒေါ်ပြုံးကေသီနိုင် | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား ဒုတိယ အကြိမ်မြောက် ပြည်သူလူထုနှင့်ခရီးသွားဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ |
| ၁၈။ | ၁၅.၆.၂၀၁၇<br>မှ<br>၁၆.၆.၂၀၁၇ | ဒေါက်တာဦးမင်းသိန်း | ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၏အခြေခံမူဝါဒများ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော အစိုးရစနစ်များ တည်ဆောက်ခြင်း |
| ၁၉။ | ၁၆.၆.၂၀၁၇ | ဦးဖြိုးဇေယျာသော် (ခ) ဦးဇေယျာသော် | ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု နယ်မြေ နေပြည်တော်လမ်း ဦးစီးဌာနမှ (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်အတွင်း နေပြည်တော် ငွေလုံးငွေရင်း အိတ်ဖွင့်တင်ဒါ |

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| ၂၀။ | ၁၉.၆.၂၀၁၈ မှ<br>၂၁.၆.၂၀၁၈ | မိကွန်ချမ်း | ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁) ရာစု ပင်လုံ တတိယအစည်းအဝေး |

**မူကြမ်း**

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| ၂၁။ | ၂၀.၆.၂၀၁၇ | ဦးဘိုဘိုဦး<br>ဒေါ်ပြုံးကေသီနိုင်<br>ဒေါက်တာဦးမင်းသိန်း | တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး |
| ၂၂။ | ၂၄.၆.၂၀၁၇ | ဒေါ်မိကွန်ချမ်း<br>ဒေါ်ပြုံးကေသီနိုင်<br>ဒေါ်ခင်နှင်းသစ်<br>ဒေါ်နန်းမိုး<br>ဒေါက်တာဒေါ်ရွှေပုံ | အမျိုးသမီးငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာနှီးနှောဖလှယ်ပွဲ |
| ၂၃။ | ၄.၇.၂၀၁၇ | ဦးဇော်သိန်း<br>ဦးဘိုဘိုဦး | ဥပဒေပြုပြီးနောက် စိစစ်ခြင်းနှိုင်ယှဉ် လေ့လာအစီရင်ခံစာတင်ပြခြင်း အလုပ်ရုံဆွေးနွေးပွဲ |
| ၂၄။ | ၆.၇.၂၀၁၇ | ဦးမျိုးဇော်အောင် | အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ၏လှုပ်ရှားမှုများကို စီမံခန့်ခွဲမှု ဥပဒေမူကြမ်းရေးဆွဲရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲ |
| ၂၅။ | ၁၂.၇.၂၀၁၇ | ကော်မတီဝင်များ | အိမ်အကူအလုပ်သမားများအတွက်ဥပဒေဆိုင်ရာကာကွယ်စောင့်ရှောက်မှု ဆွေးနွေးပွဲ |
| ၂၆။ | ၁၇.၇.၂၀၁၇ | ဦးဘိုဘိုဦး | ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အရာထမ်း/ အမှုထမ်းများနှင့် လွှတ်တော် ကိုယ်စားလှယ် များ တွေ့ဆုံညှိနှိုင်းပွဲ |
| ၂၇။ | ၂၇.၇.၂၀၁၇ | ကော်မတီဝင်များ | မြန်မာ့စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (CESD) ကစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆိုင်ရာ သုတေသန |
| ၂၈။ | ၃၀.၇.၂၀၁၇ မှ<br>၁.၈.၂၀၁၇ | ဒေါ်ပြုံးကေသီနိုင် | ဖက်ဒရယ်ရေးရာဆွေးနွေးပွဲသို့ဖိတ်ကြားခြင်း |
| ၂၉။ | ၂၇.၇.၂၀၁၇ | ကော်မတီဝင်များ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲ |

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| ၃၀။ | ၉.၈.၂၀၁၇ | ဒေါ်ခင်နှင်းသစ်<br>ဦးမျိုးဇော်အောင်<br>ဦးဇာနည်မင်း<br>ဒေါက်တာဒေါ်ရွှေပုံ | သဘာဝဘေးအန္တရာယ်ဆိုင်ရာစစ်တမ်း |
| ၃၁။ | ၁၆.၈.၂၀၁၇ | ဦးဇော်သိန်း<br>ဦးဖြိုးဇေယျာသော်(ခ)<br>ဦးဇေယျာသော် | ILO၏စီမံကိန်း စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး (DIILM)စီမံကိန်းအပေါ် အကဲဖြတ်သုံးသပ်ခြင်း |
| ၃၂။ | ၁၆.၈.၂၀၁၇ | ဒေါက်တာဒေါ်ရွှေပုံ | အမျိုးသားကျန်းမာရေး အာမခံစနစ်နှင့် ပတ်သက်၍ Multi-Stakeholder consultation meeting ဖိတ်ကြားခွင့်ပြုရေး တင်ပြခြင်း |
| ၃၃။ | ၂၈.၈.၂၀၁၇<br>မှ<br>၃၀.၈.၂၀၁၇ | မိကွန်ချမ်း | ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ (၂၁) ရာစု ပင်လုံ စားပွဲဝိုင်းဆွေးနွေးပွဲ |
| ၃၄။ | ၂၂.၉.၂၀၁၇ | ဦးဖြိုးဇေယျာသော်(ခ)<br>ဦးဇေယျာသော် | နိုင်ငံရေးကာကွယ်ရေးတက္ကသိုလ်သင်တန်း အမှတ်စဉ်(၁၆)၏ ပထမအကြိမ် နှီးနှောဖလှယ်ပွဲ |
| ၃၅။ | ၂၈.၉.၂၀၁၇<br>မှ<br>၂၉.၉.၂၀၁၇ | ဦးဖြိုးဇေယျာသော်(ခ)<br>ဦးဇေယျာသော် | ဒသမအကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားများ ဆိုင်ရာ အာဆီယံအစည်းအဝေး၏ နိုင်ငံအဆင့် သုံးပွင့်ဆိုင် အကြိုလုပ်ငန်းညှိနှိုင်း အစည်းအဝေး |
| ၃၆။ | ၂၉.၉.၂၀၁၇ | ဦးဖြိုးဇေယျာသော်(ခ)<br>ဦးဇေယျာသော် | ရွှေ့ပြောင်းအလုပ်သမားများအား လူမှုကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် မူရင်းနိုင်ငံများ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်းသည့် နိုင်ငံအဆင့် အကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေး |
| ၃၇။ | ၃.၁၀.၂၀၁၇ | ဦးဇော်သိန်း<br>ဦးဘိုဘိုဦး | မြန်မာနိုင်ငံဘေးအန္တရယ်ကြောင့် ထိခိုက်ဆုံးရှုံး နိုင်ခြေလျော့ချရေးလုပ်ငန်း စီမံချက် (၂၀၁၇) အတည်ပြု မိတ်ဆက်ခြင်း အခမ်းအနား |
| ၃၈။ | ၁၃.၁၀.၂၀၁၇ | ဦးနိုင်ထူးအောင်<br>ဦးဖြိုးဇေယျာသော်(ခ) | ဖက်ဒရယ်စနစ်နှင့် ပတ်သက်သည့် ဆွေးနွေးပွဲ |

**မူကြမ်း**

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| | | ဦးဇေယျာသော် | |

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| ၃၉။ | ၁၅.၁၀.၂၀၁၇ | မိကွန်ချမ်း | တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း |
| ၄၀။ | ၁၆.၁၀.၂၀၁၇ | ဦးဇော်သိန်း<br>ဦးဖြိုးဇေယျာသော်(ခ)<br>ဦးဇေယျာသော် | ASEAMနှစ်(၅၀)ပြည့် ရန်ကုန်နှင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ HBS အဖွဲ့ပူးပေါင်းဖွဲ့ဖြိုး တိုးတက်မှုစံနူန်းများညှိလာခံ |
| ၄၁။ | ၂၄.၁၀.၂၀၁၇ | ဦးဇော်သိန်း<br>ဦးဖြိုးဇေယျာသော်(ခ)<br>ဦးဇေယျာသော်<br>ဒေါ်ပြုံးကေသီနိုင် | (၇၂)ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်ပွဲ |
| ၄၂။ | ၂၅.၁၀.၂၀၁၇ | ဦးမျိုးဇော်အောင်<br>ဦးနိုင်ထူးအောင်<br>ဦးဖြိုးဇေယျာသော်(ခ)<br>ဦးဇေယျာသော်<br>ဒေါ်နန်းမိုး | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် U- Reporters အဖွဲ့တို့အား ပူးပေါင်း၍ကျင်းပမည့် ဖိုရမ် |
| ၄၃။ | ၂၈.၁၀.၂၀၁၇ | မိကွန်ချမ်း | ဖက်ဒရယ်စနစ်နှင့် ပတ်သက်သည့် ဆွေးနွေးပွဲ |
| ၄၄။ | ၁၈.၁၁.၂၀၁၇ | ကော်မတီဝင်များ | နိုင်ငံတကာဆက်ဆံရေး ကော်မတီနှင့် "ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် တာဝန်ခံမှု" ခေါင်းစဉ်ဖြင့် စားပွဲဝိုင်းဆွေးနွေးပွဲ |
| ၄၅။ | ၂၂.၁၁.၂၀၁၇ | မိကွန်ချမ်း | Hanns Seidel ဖောင်းဒေးရှင်းမှ ကြီးမှူးပြု လုပ်သည့် လွှတ်တော်ကိုယ်စားများ၊ ကုလသမဂ္ဂ အမျိုးသမီးရေးရာအဖွဲ့ UK နိုင်ငံမှ Canterbury တက္ကသိုလ်နှင့် တိုင်းရင်းသားလူမျိုးရေးရာဖွံ့ဖြိုး ရေးမှ သင်တန်းသားများ ညစာစားပွဲ စကားဝိုင်း |

**မူကြမ်း**

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| ၄၆။ | ၂၄.၁၁.၂၀၁၇ | ဒေါက်တာဒေါ်ရွှေပုံ<br>ဦးဦးထွန်းဝင်း | ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ကြက်ခြေနီလှုပ်ရှားမှု အကြောင်းကို ဆွေးနွေးပွဲ |
| ၄၇။ | ၂၇.၁၁.၂၀၁၇<br>မှ<br>၃၀.၁၁.၂၀၁၇ | မိကွန်ချမ်း | ဖက်ဒရယ်အခြေခံမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ နှင့် စကားဝိုင်းဆွေးနွေးပွဲ |

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| ၄၈။ | ၈.၁၂.၂၀၁၇ | ဦးဖြိုးဇေယျာသော်(ခ)<br>ဦးဇေယျာသော် | ပညာရေးဖွံ့ဖြိုးတိုးတက်မှု နှီးနှောဖလှယ်ပွဲ |
| ၄၉။ | ၁၈-၁-၂၀၁၈ | ကော်မတီဝင်များ | အလုပ်ရှင်အလုပ်သမားစုပေါင်းတောင်းဆိုမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ |
| ၅၀။ | ၃-၂-၂၀၁၈<br>မှ<br>၄-၂-၂၀၁၈ | ဦးဇာနည်မင်း<br>ဒေါက်တာဦးမင်းသိန်း | မီဒီယာချိတ်ဆက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ |
| ၅၁။ | ၈-၂-၂၀၁၈ | ကော်မတီဝင်များ | လူမှုကွန်ယက်မီဒီယာအသုံးပြုခြင်းဆိုင်ရာ ဆွေးနွေးပွဲ |
| ၅၂။ | ၇-၂-၂၀၁၈<br>မှ<br>၈-၂-၂၀၁၈ | ကော်မတီဝင်များ | ကော်မတီစုံစမ်းစစ်ဆေးမှုဆိုင်ရာထိရောက်ကောင်းမွန်သော ကျင့်သုံးမှုများ |
| ၅၃။ | ၂၀-၂-၂၀၁၈ | ဦးနိုင်ထူးအောင်<br>ဦးဇာနည်မင်း | အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ် ထုတ်ပြန်ကြေညာသည့်အခမ်းအနား |
| ၅၄။ | ၂၂-၂-၂၀၁၈ | ဒေါ်ခင်နှင်းသစ်<br>ဦးမျိုးဇော်အောင် | ကမ္ဘာ့ရေနေ့ ၂၀၁၈ အထိမ်းအမှတ်အခမ်းအနား |
| ၅၅။ | ၂၄-၂-၂၀၁၈<br>မှ<br>၂၅-၂-၂၀၁၈ | ကော်မတီဝင်များ | လုံခြုံရေးကဏ္ဍအုပ်ချုပ်မှုနှင့် လွှတ်တော်၏အခန်းကဏ္ဍဆွေးနွေးပွဲ |

**မှူကြမ်း**

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| ၅၆။ | ၂၆-၂-၂၀၁၈ | ဦးနိုင်ထူးအောင်<br>မိကွန်ချမ်း | Myanmar Development Effectiveness Roundtable |
| ၅၇။ | ၂၇-၂-၂၀၁၈ | ကော်မတီဝင်များ | အပြည်ပြည်ဆိုင်ရာအလုပ်သမားစံချိန်စံညွှန်းများ ဖော်ဆောင်ရာ၌ လွှတ်တော်၏အခန်းကဏ္ဍနှင့် ပတ်သက်သည့်ဆွေးနွေးပွဲ |

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| ၅၈။ | ၆-၅-၂၀၁၈<br>မှ<br>၇-၅-၂၀၁၈ | ဦးဇော်သိန်း<br>ဦးဘိုဘိုဦး<br>ဒေါ်ခင်နှင်းသစ်<br>ဦးကံဦး<br>ဦးဇာနည်မင်း<br>ဒေါက်တာမင်းသိန်း<br>ဦးအောင်ထူးမြင့် | လွှတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်နိုင်ရေး တင်ပြထားချက်နှင့်ပတ်သက်၍ပြည်သူ့လွှတ်တော်ရုံးမှ မေးမြန်းထားသည်များအား ပြန်လည်ဖြေကြားခြင်းအခမ်းအနား |
| ၅၉။ | ၁၀-၅-၂၀၁၈ | ဦးကံဦး<br>ဦးဦးထွန်းဝင်း<br>မိကွန်ချမ်း<br>ဦးအောင်ထူးမြင့် | ဘဏ္ဍာရေးဆိုင်ရာဖက်ဒရယ်စနစ် အလုပ်ရုံ ဆွေးနွေးပွဲ |
| ၆၀။ | ၂-၆-၂၀၁၈<br>မှ<br>၃-၆-၂၀၁၈ | ဦးဘိုဘိုဦး<br>ဒေါ်ခင်နှင်းသစ်<br>ဦးဦးထွန်းဝင်း | KAS မြန်မာ၏အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များအတွက် Personal Grooming နှင့်ဆက်စပ်သောသင်တန်း |
| ၆၁။ | ၅-၆-၂၀၁၈ | ဦးဇော်သိန်း | လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်ဆိုင်ရာ နိုင်ငံတကာအလေ့အထများ အလုပ်ရုံဆွေးနွေးပွဲ |
| ၆၂။ | ၁၉-၆-၂၀၁၈<br>မှ<br>၂၁-၆-၂၀၁၈ | မိကွန်ချမ်း | ဖက်ဒရယ်မူဝါဒအဆိုပြုချက်များတင်သွင်းနိုင်ရေး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ တတိယအစည်းအဝေး |

**မူကြမ်း**

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| ၆၃။ | ၂၆-၆-၂၀၁၈ မှ ၂၈-၆-၂၀၁၈ | မိကွန်ချမ်း | ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ UPDJC ၏ လုပ်ငန်းကော်မတီအစည်းအဝေး |
| ၆၄။ | ၄-၇-၂၀၁၈ မှ ၆-၇-၂၀၁၈ | မိကွန်ချမ်း | နည်းပညာအကြံပြုနိုင်ရေးအတွက် လုပ်ငန်းကော်မတီ အစည်းအဝေး |
| ၆၅။ | ၁၁-၇-၂၀၁၈ မှ ၁၆-၇-၂၀၁၈ | ဦးဇော်သိန်း<br>ဒေါက်တာဒေါ်ရွှေပုံ<br>မိကွန်ချမ်း | ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ တတိယအစည်းအဝေး |

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| ၆၆။ | ၇-၈-၂၀၁၈ | ဦးဘိုဘိုဦး<br>ဒေါ်ခင်နှင်းသစ်<br>ဦးမျိုးဇော်အောင်<br>မိကွန်ချမ်း<br>ဦးစိုင်းဆိုင်မိုင်း<br>ဒေါ်နန်းမိုး<br>ဦးစိုင်းဝေါင်းဆိုင်ဟိန်း<br>ဒေါက်တာမင်းသိန်း | အာဟာရမြှင့်တင်ရေးလှုပ်ရှားမှု SUN Movement ဆိုင်ရာ ဆွေးနွေးပွဲ |
| ၆၇။ | ၁၅-၈-၂၀၁၈ | ဦးစိုင်းဆိုင်မိုင်း | စွမ်းအင်မူဝါဒနှင့် လွှတ်တော်၏အခန်းကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(Ener gy Policy Workshop) |
| ၆၈။ | ၂၂-၈-၂၀၁၈ မှ ၂၃-၈-၂၀၁၈ | ကော်မတီဝင်များ | PEN Myanmar မှ ဦးဆောင်ကျင်းပမည့် လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ |
| ၆၉။ | ၂၉-၈-၂၀၁၈ မှ ၃၁-၈-၂၀၁၈ | မိကွန်ချမ်း | အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၏ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည် သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ |

**မူကြမ်း**

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| ၃၀။ | ၃၀-၈-၂၀၁၈<br>မှ<br>၃၁-၈-၂၀၁၈ | ကော်မတီဝင်များ | Human Capacity Development Planning Workshop on ASEAN Intergration |
| ၃၁။ | ၄-၉-၂၀၁၈ မှ<br>၅-၉-၂၀၁၈ | မိကွန်ချမ်း | အလုပ်ရုံဆွေးနွေးပွဲနှင့် စားပွဲဝိုင်းဆွေးနွေးပွဲ |
| ၃၂။ | ၁၀-၉-၂၀၁၈ | ဦးဇော်သိန်း<br>ဦးဘိုဘိုဦး<br>ဒေါ်ခင်နှင်းသစ် | အိန္ဒိယနိုင်ငံ၏အတွေ့အကြုံများနှင့် မြန်မာနိုင်ငံနှင့် ဆီလျော်မည့်အချက်များနှင့် စပ်လျဉ်းသောအလုပ်ရုံဆွေးနွေးပွဲ |
| ၃၃။ | ၁၃-၉-၂၀၁၈ | မိကွန်ချမ်း<br>ဦးဇာနည်မင်း<br>ဒေါက်တာမင်းသိန်း | စွမ်းအင်မူဝါဒနှင့် လွှတ်တော်၏အခန်းကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ |

| စဉ် | ရက်စွဲ | ကိုယ်စားလှယ်အမည် | အကြောင်းအရာ |
|---|---|---|---|
| ၃၄။ | ၁၇-၉-၂၀၁၈ | မိကွန်ချမ်း | ဖက်ဒရယ်ရေးရာနှင့် မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ကြသည့်လွှတ်တော် ကိုယ်စားလှယ်များ နှင့် တွေ့ဆုံညစာစားပွဲ |
| ၃၅။ | ၁၈-၉-၂၀၁၈ | ဒေါ်ခင်နှင်းသစ်<br>ဦးမျိုးဇော်အောင်<br>ဦးစိုင်းဆိုင်မိုင်း<br>ဒေါက်တာမင်းသိန်း<br>ဒေါ်နန်းမိုး<br>ဦးစိုင်းဝေါင်းဆိုင်ဟိန်း<br>ဗိုလ်မှူးချုပ်ဝင်းကိုကို<br>ဦးဖြိုးဇေယျာသော်(ခ)<br>ဦးဇေယျာသော်<br>ဒု-ဗိုလ်မှူးကြီးကျော်ထွန်း | Workshop on the First Draft of Capacity Development plan for ASEAN Integration for the Parliament of Myanmar |

**မူကြမ်း**

**နောက်ဆက်တွဲ(ဃ)**

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်

## နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များက နိုင်ငံတော်သမ္မတ/ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတို့မှ ပေးပို့သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည့် စာရင်းချုပ်

## (ပဉ္စမပုံမှန်မှ နဝမပုံမှန်ထိ)

## (၁၈.၃.၂၀၁၇ မှ ၂၀.၉.၂၀၁၈အထိ)

| စဉ် | အမည် | ပဉ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | နဝမ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁။ | ဦးဇော်သိန်း | ၄ | ၂ | ၂ | - | ၁ | ၈ | ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (ပဉ္စမပုံမှန် - နဝမပုံမှန်) အစည်းအဝေး အစီအစဉ်များမှ ကောက်နုတ် တင်ပြခြင်း ဖြစ်ပါသည်။ |
| ၂။ | ဦးဘိုဘိုဦး | ၃ | - | - | - | ၂ | ၅ | |
| ၃။ | ဒေါ်ပြုံးကေသီနိုင် | - | ၁ | - | ၁ | - | ၂ | |
| ၄။ | ဒေါ်ခင်နှင်းသစ် | - | ၂ | ၃ | - | ၂ | ၇ | |
| ၅။ | ဦးမျိုးဇော်အောင် | ၄ | ၁ | ၁ | - | - | ၆ | |
| ၆။ | ဦးနိုင်ထူးအောင် | - | - | ၁ | - | - | ၁ | |
| ၇။ | ဦးဇာနည်မင်း | ၂ | - | ၂ | - | ၁ | ၅ | |
| ၈။ | ဒေါက်တာ ဒေါ်ရွှေပုံ | - | - | ၁ | - | - | ၁ | |
| ၉။ | ဦးဦးထွန်းဝင်း | ၁ | - | ၁ | - | - | ၂ | |
| ၁၀။ | မိကွန်ချမ်း | ၁ | - | - | - | - | ၁ | |
| ၁၁။ | ဦးအောင်ထူးမြင့် | - | - | - | ၁ | - | ၁ | |
| ၁၂။ | ဒေါ်နန်းမိုး | ၁ | - | - | ၁ | - | ၂ | |
| ၁၃။ | ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း | - | - | ၁ | - | ၁ | ၂ | |
| ၁၅။ | ဦးကံဦး | - | - | - | ၁ | ၁ | ၂ | |
| ၁၆။ | ဒုတိယဗိုလ်မှူးကြီး သန့်ဇင် | - | - | ၁ | - | - | ၁ | |
| စုစုပေါင်း | | ၁၆ | ၆ | ၁၂ | ၄ | ၈ | ၄၆ | |

**မှူးကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များက ပဉ္စမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးအထိ တင်သွင်း/ဆွေးနွေးခဲ့သည့် အဆိုများစာရင်းချုပ်

## (၁၈.၃.၂၀၁၇ မှ ၁၉.၉.၂၀၁၈ ထိ)

| စဉ် | အမည် | ပဉ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | နဝမ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်ပြုံးကေသီနိုင် | ၃ | - | - | ၁ | | ၄ | ဦးစိုင်းငေါင်းဆိုင်ဟိန်း (မောက်မယ်)ကဆဋ္ဌမပုံမှန်နှင့် အဋ္ဌမပုံမှန် အစည်းအဝေးတို့တွင် အဆိုနှစ်ခု တင်သွင်း ခဲ့ပါသည်။ |
| ၂။ | ဒေါ်ခင်နှင်းသစ် | ၃ | - | ၁ | ၂ | ၂ | ၈ | |
| ၃။ | ဦးမျိုးဇော်အောင် | ၂ | ၁ | ၁ | - | ၂ | ၆ | |
| ၄။ | ဦးနိုင်ထူးအောင် | ၂ | ၂ | - | | | ၄ | |
| ၅။ | ဦးဇာနည်မင်း | ၃ | - | - | - | ၂ | ၅ | |
| ၆။ | ဒေါက်တာဒေါ်ရွှေပုံ | ၂ | - | - | | ၁ | ၃ | |
| ၇။ | ဦးစိုင်းဆိုင်မိုင်း | ၁ | - | ၁ | | | ၂ | |
| ၈။ | ဦးဦးထွန်းဝင်း | ၂ | - | ၁ | | | ၃ | |
| ၉။ | မိကွန်ချမ်း | ၂ | - | - | | ၁ | ၃ | |
| ၁၀။ | ဦးစိုင်းငေါင်းဆိုင်ဟိန်း | ၁ | **၁** | - | **၁** | | ၃ | |
| ၁၁။ | ဒေါက်တာ ဦးမင်းသိန်း | ၂ | - | - | | ၁ | ၃ | |
| ၁၂။ | ဦးအောင်ထူးမြင့် | ၂ | - | - | ၁ | ၁ | ၄ | |
| ၁၃။ | ဦးဖြိုးဇေယျာသော် | - | ၁ | ၂ | | | ၃ | |
| ၁၄။ | ဦးဘိုဘိုဦး | ၁ | - | - | ၂ | ၁ | ၄ | |
| | **စုစုပေါင်း** | **၂၆** | **၅** | **၆** | **၇** | **၁၁** | **၅၅** | |

**နောက်ဆက်တွဲ-ဃ(၃)**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

## နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များက ပဉ္စမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေးအထိ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများစာရင်းချုပ်

## (၁၈.၃.၂၀၁၇ မှ ၁၉.၉.၂၀၁၈ အထိ)

| စဉ် | အမည် | ပဉ္စမ | ဆဋ္ဌမ | အဋ္ဌမ | နဝမ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁။ | ဦးဘိုဘိုဦး | ၁ | - | - | - | ၁ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (ပဉ္စမပုံမှန်မှ နဝမပုံမှန်) အစည်းအဝေး အစီအစဉ်များမှ ကောက်နုတ် တင်ပြခြင်း ဖြစ်ပါသည်။ |
| ၂။ | ဒေါ်ခင်နှင်းသစ် | ၂ | ၂ | ၁ | ၁ | ၆ | |
| ၃။ | ဦးမျိုးဇော်အောင် | ၂ | ၂ | - | - | ၄ | |
| ၄။ | ဦးနိုင်ထူးအောင် | - | | - | ၁ | ၁ | |
| ၅။ | ဦးဇာနည်မင်း | ၃ | ၁ | - | ၁ | ၅ | |
| ၆။ | ဒေါက်တာဒေါ်ရွှေပုံ | ၁ | - | - | ၁ | ၂ | |
| ၇။ | ဦးစိုင်းဆိုင်မိုင်း | ၃ | - | - | ၁ | ၄ | |
| ၈။ | ဦးဦးထွန်းဝင်း | ၂ | - | ၅ | ၁ | ၈ | |
| ၉။ | မိကွန်ချမ်း | ၁ | ၁ | ၂ | - | ၄ | |
| ၁၀။ | ဒေါ်နန်းမိုး | - | - | ၁ | ၁ | ၂ | |
| ၁၁။ | ဦးစိုင်းဝေါ်းဆိုင်ဟိန်း | ၅ | ၂ | ၄ | ၁ | ၁၂ | |
| ၁၂။ | ဒေါက်တာ ဦးမင်းသိန်း | ၁ | - | ၁ | - | ၂ | |
| ၁၃။ | ဦးဖြိုးဇေယျာသော် | ၁ | - | - | - | ၁ | |
| စုစုပေါင်း | | ၂၂ | ၈ | ၁၄ | ၈ | ၅၂ | |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

## နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များက ပဉ္စမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးအထိ မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြမေးခွန်းများစာရင်းချုပ်

## (၁၈.၃.၂၀၁၇ မှ ၁၉. ၉.၂၀၁၈ အထိ)

| စဉ် | အမည် | ပဉ္စမ | ဆဋ္ဌမ | သတ္တမ | အဋ္ဌမ | နဝမ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်ခင်နှင်းသစ် | ၂၉ | ၅ | ၁၉ | ၁၄ | ၁၀ | ၇၇ | |
| ၂။ | ဦးဘိုဘိုဦး | ၉ | - | ၄ | ၃ | ၂ | ၁၈ | |
| ၃။ | ဦးမျိုးဇော်အောင် | - | - | - | ၂ | ၂ | ၄ | |
| | စုစုပေါင်း | | | | | | ၉၉ | |

ရှင်းလင်းချက်။ နိုင်ငံတကာဆက်ဆံရေးကော်မတီရုံးအဖွဲ့သို့ ပေးပို့ထားသော မှတ်တမ်းများမှ ကောက်နှုတ်တင်ပြခြင်း ဖြစ်ပါသည်။

## ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ် များရှိပါက ၁၈-၁၂-၂၀၁၈ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးနေစိုးအောင်(အဖွဲ့ဝင်၊ ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်၊ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေစိုးအောင်ဖြစ်ပြီးတော့ ကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက်အရ ကော်မတီရဲ့ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါ

တယ်။ အစီရင်ခံတဲ့ကာလအတွင်း ကော်မတီဝင်များက ထပ်တိုးဖွဲ့စည်းမှု၊ ကော်မတီအစည်းအဝေး များ ကျင်းပခဲ့မှု၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံဆွေးနွေးမှုစတဲ့ အချက်အလက်တွေကို ကိုယ်စားလှယ်တော်ကြီးများထံ ဖြန့်ဝေထားတဲ့အစီရင်ခံစာမှာ အသေးစိတ်ပါရှိပြီးဖြစ်တဲ့အတွက် အချိန်ကို လေးစားသောအားဖြင့် ဖတ်ကြားတင်ပြခြင်းမပြုတော့ဘဲ ကော်မတီရဲ့ထူးခြားတဲ့ ဆောင်ရွက် ချက်အချို့ကိုသာ အဓိကထားတင်ပြသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲပြီး တင်ပြခွင့်ပြုပါရန် ဆက်လက်တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ကော်မတီအနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်နှင့် Westminster Foundation For Democracy (WFD)ရဲ့အကူအညီ အထောက်အပံ့ကိုရယူပြီးတော့ ဥပဒေပြုပြီး နောက်စိစစ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှ စတင်အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။ ဥပဒေတွေပြဋ္ဌာန်းပြီးတဲ့နောက်မှာ ဒီဥပဒေတွေရဲ့ အမှန်တကယ်အကျိုးသက်ရောက် မှု၊ မြေပြင်လက်တွေ့စည်းနှောင်မှု၊ အားနည်းချက်၊ အားသာချက်တွေကို ဘက်ပေါင်းစုံမှ စိစစ်လေ့လာ ပြီး ပြင်ဖို့လိုအပ်ရင်ပြင်မယ်။ ဖြည့်ဖို့လိုအပ်ရင်ဖြည့်မယ်။ ဖျက်သိမ်းဖို့လိုအပ်ရင် ဖျက်သိမ်းဖို့ ဦးတည် ဆောင်ရွက်တဲ့ ဥပဒေပြုပြီးနောက် စိစစ်ခြင်း၊ Post-Legislative Scrutiny (PLS) လုပ်ငန်းစဉ်ဆိုတာ တကယ်တော့တစ်ခြားတိုင်းပြည်တွေမှာရှိတဲ့ ပါလီမန်တွေမှာ အရှိန်အဟုန်ကောင်းကောင်းနဲ့ ကျင့်သုံး ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ပထမဦးဆုံး Pilot Project အနေနဲ့ ကျွန်တော်တို့ ကော်မတီက ဆောင်ရွက်နေတဲ့ ဒီလုပ်ငန်းစဉ်မှာ အဆင့် ၁၇ ဆင့် ပါဝင်ပြီးတော့ စိစစ်ရမည့် ဥပဒေရွေးချယ်ရာမှာတော့ ၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၁၃ ဖြစ်တဲ့ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ရည်ရွယ်ချက် ၃ ရပ်နဲ့ ရွေးချယ်ခဲ့ ပါတယ်။ ဒီဥပဒေဟာ ၂၀၁၁ ခုနှစ်ကပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်လို့ ဒီဥပဒေရဲ့စည်းနှောင်မှု၊ လက်တွေ့ အကျိုးသက်ရောက်မှုကိုပြန်လည်စိစစ်ဖို့ လိုအပ်တယ်။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆိုတာ ဒီဘက်နှစ်တွေမှာ အရှိန်အဟုန်နဲ့ တိုးတက်ဖြစ်ထွန်းနေတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သလို၊ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ဝင်ငွေနည်းပြည်သူအများစုပေါ် ကြီးကြီးမားမားလွှမ်းမိုးသက်ရောက်နေတဲ့ ဥပဒေလည်းဖြစ်ပါတယ်။ ဒီဥပဒေတွေရဲ့ အားနည်းချက်၊ အားသာချက်တွေကို စိစစ်ဖော်ထုတ်ပြီး ဥပဒေပြုမဏ္ဍိုင်ဖြစ်တဲ့ ကျွန်တော်တို့လွှတ်တော်အနေနဲ့ လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုတွေကို လုပ်ခြင်း အားဖြင့် နိုင်ငံတစ်ဝန်းက ဝင်ငွေနည်းပြည်သူတွေရဲ့ အကျိုးစီးပွားကို ထိထိရောက်ရောက် မြှင့်တင် ပေးနိုင်မယ်စတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ ဒီဥပဒေတွေကို ရွေးချယ်ပြီးစိစစ်ဆောင်ရွက်ခဲ့ရာမှာ ယခု ဆိုရင် ကျွန်တော်တို့အနေနဲ့ အဆင့် ၁၀ အထိ ခရီးရောက်ပြီး ပြီးမြောက်ခဲ့ပြီလည်း ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ဆောင်ရွက်ရာမှာ အဓိက Project မိတ်ဖက် Partner များဖြစ်တဲ့ Westminster Foundation For Democracy (WFD)၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့နှင့် လိုအပ်တဲ့တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်နေသလို တိုင်းနှင့် ပြည်နယ်အသီးသီးက အသေးစားချေးငွေအဖွဲ့အစည်းများ၊ ချေးငွေယူသူပြည်သူလူထုဆီအရောက်

လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်ရယူပြီးတော့ ကော်မတီအနေနဲ့ ကွင်းဆင်းလေ့လာဆောင်ရွက် လျက်ရှိပါတယ်။

လေးစားရတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများကို ပြန်လည်သုံးသပ်ပြီးတော့ ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင် ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုအကျိုးစီးပွားနှင့် ပြည်သူ့လွှတ်တော်၏ ဂုဏ်သိက္ခာမြင့်မား စေရန် ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

**၁၉-၂-၂၀၁၇ မှ ၁၈-၂-၂၀၁၈ ထိ**

**နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

**နိဒါန်း**

၁။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်သည် လွှတ်တော်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက် နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်အရ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

၂။ ကော်မတီသည် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို လိုက်နာကျင့်သုံးပြီး လုပ်ငန်းများ ကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။ ၁၉-၂-၂၀၁၇ ရက်နေ့မှ ၁၈-၂-၂၀၁၈ ရက်နေ့ထိ နှစ်ပတ်လည်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို သိရှိနိုင်ပါရန် အစီရင်ခံစာရေးသား ပြုစုတင်ပြအပ်ပါသည်။

**ရည်ရွယ်ချက်**

၃။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ၏ ၁၉-၂-၂၀၁၇ ရက်နေ့မှ ၁၈-၂-၂၀၁၈ ရက်နေ့ထိ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အခြေအနေ များကို သိရှိပြီးလိုအပ်ချက်များကို လမ်းညွှန်မှုပြုနိုင်ပါရန်။

**ဖွဲ့စည်းခြင်း**

၄။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော် အစည်းအဝေး ဆုံးဖြတ်ချက်အရ ၁၉-၂-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၆ ဖြင့် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၅။ ပြည်သူ့လွှတ်တော်သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်တွင် အမိန့်အမှတ် ၁/၂၀၁၇ ဖြင့် ကြည်း ၁၉၅၄၆ ဗိုလ်မှူးကြီးမြင့်ချို၊ ကြည်း ၂၀၇၈၄ ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင် တို့ကို ကော်မတီ၏ လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

၆။ ပြည်သူ့လွှတ်တော်သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ ဖြင့် လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင်၊ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် တို့အား ကော်မတီ၏ အဖွဲ့ဝင်များအဖြစ် ထပ်မံဖြည့်စွက်ပြီး တာဝန်ပေးအပ်ခဲ့ပါသည်။

၇။ ယခုလက်ရှိ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဒေါ်ခင်စန်းလှိုင် | ပုလဲမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်စိုး | ယင်းမာပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာသက်သက်ခိုင် | ဒဂုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးအောင်နိုင် | ကျုံပျော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးမျိုးဇော်ဦး | လယ်ဝေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်ချိုချို | အုတ်တွင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးရဲထွန်းဝင်း | ပေါက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးသက်နိုင်ဦး | ရေဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးခွန်အောင်ကျော် | ဟိုပုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးဦးလှစော | မြောက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းထွန်းအောင် | ကျောက်မဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးသောင်းအေး | ပျော်ဘွယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးသန်းစိုး | သာစည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်နိုင်ဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါ်ခင်မို့မို့အောင် | လသာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးနေစိုးအောင် | ဝန်းသိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ထ) | ဦးတင်ထွန်းနိုင် | ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ် | အတွင်းရေးမှူး |
| (ဒ) | ဗိုလ်မှူးကြီးမြင့်ချို | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |
| (ဓ) | ဒုတိယဗိုလ်မှူးကြီး | | |

**မူကြမ်း**

မျိုးဝင်းလှိုင် တပ်မတော်သားကိုယ်စားလှယ် လေ့လာသူ

**ကော်မတီ၏သက်တမ်း**

၈။ ကော်မတီ၏ သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်ထားပါသည်။

**ကော်မတီတာဝန်များ**

၉။ ကော်မတီ၏တာဝန်များမှာ

(က) ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန် အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိပါက လွှတ်တော်သို့ တင်ပြရမည်။

(ဂ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**တာဝန်ယူဆောင်ရွက်ရမည့် ဥပဒေများ**

၁၀။ ပြည်သူ့လွှတ်တော်ရုံးသည် ၇-၃-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၀၅/ပသ(ကမတ)/၂၀၁၆-၀၄ ဖြင့် မိမိတို့ကော်မတီမှ တာဝန်ယူဆောင်ရွက်ရမည့် ဥပဒေများကို အောက်ပါအတိုင်း သတ်မှတ်ပေးခဲ့ပါသည်-

(က) The Money Lenders Act, 1945

(Myanmar Act 27, 1945, Vol X)

(ခ) ဗိုလ်ချုပ်ရန်ပုံငွေ အက်ဥပဒေ

(ဥပဒေအမှတ် ၅၇၊၁၉၄၈ခုနှစ်၊အတွဲ-၉)

(ဂ) အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့

(International Monetary Fund and Bank) အက်ဥပဒေ

(ဥပဒေအမှတ်၃၇၊ ၁၉၅၁ခုနှစ်၊ အတွဲ - ၃)

**မူကြမ်း**

(ဃ) ၁၉၅၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း သဘောတူ စာချုပ် အက်ဥပဒေ (ဥပဒေအမှတ် ၂၃၊ ၁၉၅၆ခုနှစ်)

(င) အပြည်ပြည်ဆိုင်ရာကြီးပွားရေးအဖွဲ့ဥပဒေ (ဥပဒေအမှတ် ၃၁၊ ၁၉၆၂ခုနှစ်)

(စ) ၁၉၇၃ခုနှစ်အာရှဖွံ့ဖြိုးရေးဘဏ်အက်ဥပဒေ (ဥပဒေအမှတ် ၃၊ ၁၉၇၃ခုနှစ်)

(ဆ) မြန်မာ့အာမခံဥပဒေ(နဝတဥပဒေအမှတ် ၁၀/၁၉၉၃)

(ဇ) မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေ (နဝတ ဥပဒေအမှတ် ၃/၁၉၉၇)

(ဈ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလိုအပ်သော အသုံးစရိတ် ဆိုင်ရာ အထူး ရန်ပုံငွေဥပဒေ(နယကဥပဒေအမှတ် ၁၀/၂၀၁၁)

(ည) အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ(ပထစဥပဒေအမှတ် ၁၃/၂၀၁၁)

(ဋ) မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ (ပထစဥပဒေအမှတ် ၁၆/၂၀၁၃)

(ဌ) ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ (ပထစဥပဒေအမှတ် ၂၀/၂၀၁၃)

(ဍ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၄၂/၂၀၁၅)

(ဎ) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကိုပြင်ဆင်သည့်ဥပဒေ (ပထစဥပဒေအမှတ် ၆၄/၂၀၁၅)

(ဏ) အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပထစဥပဒေအမှတ် ၆၉/ ၂၀၁၅)

(တ) ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပထစဥပဒေအမှတ် ၇၀/၂၀၁၅)

(ထ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ(ပထစဥပဒေအမှတ် ၂/၂၀၁၆)

(ဒ) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ(ပထစဥပဒေအမှတ်၂၀/၂၀၁၆)

**ကော်မတီအစည်းအဝေးများကျင်းပဆောင်ရွက်မှု**

၁၁။ ကော်မတီသည် ၁၉-၂-၂၀၁၇ ရက်နေ့မှ ၁၈-၂-၂၀၁၈ ရက်ထိ ကော်မတီတွင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၁၉ ကြိမ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်

လက်အောက်ရှိဦးစီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးမှု ၁၃ ကြိမ်၊ စုစုပေါင်း ၃၂ ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၂။ ကော်မတီသည် Westminster Foundation For Democracy (WFD) ၏ အထောက်အပံ့ဖြင့် ဥပဒေပြုပြီးနောက်စိစစ်ခြင်း၊ Post-Legislative Scrutiny (PLS) လုပ်ငန်းစဉ်အတွက် အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ရွေးချယ်ပြီး ၂၀၁၇ ခုနှစ်၊ ဇူလိုင်လမှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။

၁၃။ လုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် ဝန်ထမ်းများ၏ အရည်အသွေးတိုးမြှင့်လာစေရန်နှင့် ဥပဒေပြုရာတွင် ဝန်ထမ်းများပါဝင်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ပြီး ပြည်ပနိုင်ငံသို့ သွားရောက်လေ့လာရာတွင်လည်း ပါဝင်စေခဲ့ပါသည်။

၁၄။ ကော်မတီသည် ဥပဒေပြုပြီးနောက် စိစစ်ခြင်း(PLS) လုပ်ငန်းကို လုပ်ဆောင်ရာတွင် ဦးတည်ချက်များသတ်မှတ်၍ ဆောင်ရွက်ခဲ့ပါသည်-

(က) ဥပဒေ၊ နည်းဥပဒေ၊ အမိန့်/ညွှန်ကြားချက်များကို အထိရောက်ဆုံးနည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) အကောင်အထည်ဖော်ဆောင်ရွက်သည့်အချိန်တွင် အခက်အခဲရှိပါက စိစစ်လေ့လာအဖြေရှာရန်၊

(ဂ) ဥပဒေ၏ အကျိုးသက်ရောက်မှုကို စိစစ်ရန်၊

(ဃ) လိုအပ်ပါက ဥပဒေအား ပြုပြင်ရန် သို့မဟုတ် နည်းဥပဒေထုတ်ပြန်ရန်၊

၁၅။ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေပြုပြီးနောက်စိစစ်ခြင်း PLS လုပ်ငန်းစဉ်ကို အဆင့်(၁၇)ဆင့်ဖြင့် ရေးဆွဲပြီး ဆောင်ရွက်နေပါသည်။ အဆင့်(၁၇)ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဥပဒေပြုပြီးနောက် စိစစ်ခြင်း (PLS) လုပ်ငန်းစဉ်အား စတင်သတ်မှတ်ခြင်း၊

(ခ) (PLS) လုပ်ငန်းစဉ် လုပ်ဆောင်ရန်အတွက် ဥပဒေများရွေးချယ်ခြင်း၊

(ဂ) (PLS) လုပ်ငန်းစဉ် လုပ်ဆောင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ချိတ်ဆက်ခြင်း၊

(ဃ) (PLS) လုပ်ငန်းစဉ် ဆောင်ရွက်ရန်အတွက် ဘဏ္ဍာရေးအရင်းအမြစ် ချိတ်ဆက်ခြင်း၊

(င) (PLS) လုပ်ငန်းစဉ် ဆောင်ရွက်ရန် ဦးတည်ချက်များ သတ်မှတ်ခြင်းနှင့် ဖြစ်နိုင်ချေရှိသော လူထုကြားနာပွဲများ သတ်မှတ်ခြင်း၊

(စ) အကောင်အထည်ဖော် ဆောင်ရွက်မှုအေဂျင်စီ၏ အခန်းကဏ္ဍအား သတ်မှတ်ခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း၊

**မူကြမ်း**

(ဆ) (PLS) လုပ်ငန်းစဉ်နှင့် ပတ်သက်သက်ဆိုင်သူများ (Stakeholders) အား သတ်မှတ်ခြင်း၊

(ဇ) ဥပဒေအားလုပ်ပိုင်ခွင့်ပေးခြင်းနှင့်စပ်လျဉ်းသည့် ယန္တရားအားပြန်လည်သုံးသပ်ခြင်း၊

(ဈ) PLS လုပ်ငန်းစဉ်အတွက် အချိန်ဘောင်အား သတ်မှတ်ခြင်း၊

(ည) နောက်ခံသတင်းအချက်အလက်များစုဆောင်းခြင်း၊

(ဋ) တိုင်ပင်ညှိနှိုင်းမှုအား လူထုအား အသိပေးခြင်း၊

(ဌ) (PLS) လုပ်ငန်းစဉ်နှင့် ပတ်သက်သက်ဆိုင်သူ (Stakeholder) များနှင့် ဆွေးနွေးမှု များဆောင်ရွက်ခြင်း၊

(ဍ) PLS လုပ်ငန်းစဉ် စိစစ်တွေ့ရှိချက်များအား သရုပ်ခွဲလေ့လာခြင်း၊

(ဎ) အစီရင်ခံစာအားမူကြမ်းရေးဆွဲခြင်း၊

(ဏ) အစီရင်ခံစာအား ဖြန့်ဝေခြင်းနှင့် လူထုအနေဖြင့် လက်လှမ်းမီစေရန် ဆောင်ရွက်ခြင်း၊

(တ) PLS လုပ်ငန်းစဉ်များနှင့် သက်ဆိုင်သောမေးခွန်းများ၊ အကြံပြုချက်များနှင့်စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များအတွက် မူဝါဒချမှတ်ခြင်း၊

(ထ) PLS လေ့လာမှုရလဒ်များနှင့် လုပ်ငန်းစဉ်အား အကဲဖြတ်ခြင်း၊

၁၆။ ကော်မတီမှ ဥပဒေပြုပြီးနောက် စိစစ်ခြင်း(PLS) လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် ယခုချိန် တွင် အဆင့် (၁၀) ဖြစ်သည့် နောက်ခံသတင်းအချက်အလက်များ စုဆောင်းခြင်းအဆင့်သို့ ပြီးစီးပြီ ဖြစ်ပါသည်။

၁၇။ ကော်မတီသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပေးပို့လာသော MADB LAW (Draft) နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိမှ မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှတာဝန်ရှိသူများ၊ ပြည်သူ့ လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ သက်ဆိုင်ရာကော်တီများနှင့်တွေ့ဆုံပြီး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၁၈။ ဘတ်ဂျက်စိစစ်ရေးပူးပေါင်းအဖွဲ့(၆)တွင် မိမိတို့ကော်မတီမှ ဥက္ကဋ္ဌ၊ ဒေါ်ခင်စန်းလှိုင်၊ အတွင်းရေးမှူး၊ ဦးတင်ထွန်းနိုင်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်စိုး၊ ဦးစိုးအောင်နိုင်၊ ဦးသန်းစိုး၊ ဦးခွန်အောင်ကျော်နှင့် ဗိုလ်မှူးချုပ်တင်စိုးတို့ ပါဝင်ခဲ့ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ရငွေသုံးငွေများအား စိစစ်ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။

၁၉။ ကော်မတီသည် ပြင်ပမှ ဘဏ်နှင့်ငွေရေးကြေးရေးနှင့် သက်ဆိုင်သော ကျွမ်းကျင်ပညာရှင်များဖြစ်ကြသည့် ဒေါ်ရင်ရင်မြ၊ ဦးစံသိန်း၊ Senior Technical Expert (GIZ)၊ ဦးသက်လွင်ရွှေ၊ ဒေါက်တာနန်းယဉ်ခမ်းတို့အား ရေးရာဆောင် (I-7) အပေါ်ထပ်သို့ ဖိတ်ကြားပြီး ဘဏ်လုပ်ငန်းနှင့်

**မူကြမ်း**

ငွေရေးကြေးရေးနှင့်စပ်လျဉ်းသည့်အကြောင်းအရာများကို သိရှိနိုင်ရန်အတွက် ဆွေးနွေးပွဲကို ပြုလုပ်နိုင်ခဲ့ပါသည်။

**လွှတ်တော်တွင်းမေးခွန်းများ မေးမြန်းဆောင်ရွက်မှု**

၂၀။ ကော်မတီဝင်များသည် ၁၉-၂-၂၀၁၇ ရက်နေ့မှ ၁၈-၂-၂၀၁၈ ရက်နေ့ထိ ကြယ်ပွင့်ပြမေးခွန်း ၂၂ ခု မေးမြန်းနိုင်ပြီး၊ အဆို ၃ ခု တင်သွင်းနိုင်ခဲ့ပါသည်။

**ပြည်ပခရီးသွားရောက်မှု**

၂၁။ ကော်မတီမှ ဥက္ကဋ္ဌအပါအဝင် ကော်မတီဝင် ၁၀ ဦးသည် ၁၉-၂-၂၀၁၇ ရက်နေ့မှ ၁၈-၂-၂၀၁၈ ရက်နေ့အတွင်း ပြည်ပခရီး ၄ ကြိမ် သွားရောက်ခဲ့ပါသည်-

| စဉ် | အမည် | မဲဆန္ဒနယ် | နိုင်ငံ | အကြောင်းအရာ | ကာလ |
|---|---|---|---|---|---|
| ၁။ | ဒေါ်ခင်စန်းလှိုင် | ပုလဲ | ဖင်လန် | The Helsinki Parliament Seminor 2017 ၏ အလုပ်ရုံ ဆွေးနွေးပွဲ | ၅-၅-၂၀၁၇ မှ ၁၁-၅-၂၀၁၇ ထိ |
| | ဦးခွန်အောင်ကျော် | ဟိုပုန်း | ။ | ။ | ။ |
| | ဗိုလ်မှူးချုပ်တင်စိုး | | ။ | ။ | ။ |
| | ဒေါ်ခင်မို့မို့အောင် | လသာ | ဖင်လန် | The Helsinki Parliament Seminor 2017 ၏ အလုပ်ရုံ ဆွေးနွေးပွဲ | ၅-၅-၂၀၁၇ မှ ၁၁-၅-၂၀၁၇ ထိ |
| ၂။ | ဦးမျိုးဇော်ဦး | လယ်ဝေး | ဆွစ်ဇာလန် | ဆွစ်ဇာလန်နိုင်ငံ Federal စနစ် တည်ဆောက်ပုံ လေ့လာရေးခရီးစဉ် | ၂၃-၇-၂၀၁၇ မှ ၃၁-၇-၂၀၁၇ |
| ၃။ | ဦးသန်းစိုး | သာစည် | အိန္ဒိယ | လေ့လာရေးခရီးစဉ် | ၃၀-၇-၂၀၁၇ မှ ၁၁-၈-၂၀၁၇ |
| ၄။ | ဦးအောင်စိုး | ယင်းမာပင် | အင်ဒိုနီးရှား | ဥပဒေပြုပြီးနောက် စိစစ်ခြင်း လုပ်ငန်းများအား လေ့လာရေးခရီးစဉ် | ၁၀-၉-၂၀၁၇ မှ ၁၆-၉-၂၀၁၇ |

**မူကြမ်း**

| စဉ် | အမည် | မဲဆန္ဒနယ် | နိုင်ငံ | အကြောင်းအရာ | ကာလ |
|---|---|---|---|---|---|
| | | | | | |
| | ဦးစိုးအောင်နိုင် | ကျုံပျော် | ။ | ဥပဒေပြုပြီးနောက် စိစစ်ခြင်း လုပ်ငန်းများအား လေ့လာရေးခရီးစဉ် | ။ |
| | ဦးစိုင်းထွန်းအောင် | ကျောက်မဲ | ။ | ။ | ။ |
| | ဦးနေစိုးအောင် | ဝန်းသို | ။ | ။ | ။ |

## ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု

၂၂။ ကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံမှု အသေးစိတ်အား နောက်ဆက်တွဲ (က) ဖြင့် တင်ပြအပ်ပါသည်။

## ပြည်တွင်း အခမ်းအနား၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများတက်ရောက်မှု

၂၃။ ကော်မတီဝင်များသည် ပြည်တွင်း၌ကျင်းပပြုလုပ်သော အခမ်းအနား၊ အလုပ်ရုံဆွေးနွေးပွဲ နှင့် သင်တန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်ခဲ့ကြပါသည်။ တက်ရောက်ခဲ့မှု အခြေအနေအသေးစိတ်ကို နောက်ဆက်တွဲ (ခ) ဖြင့် တင်ပြအပ်ပါသည်။

## ရုံးအဖွဲ့၏ အထောက်အကူပြုနိုင်မှု

၂၄။ ရုံးအဖွဲ့၏ လက်ရှိဝန်ထမ်းအင်အားမှာ အရာထမ်း(၁)ဦး၊ အမှုထမ်း (၇) ဦး စုစုပေါင်း (၈) ဦး ဖြင့် ကော်မတီလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂၅။ ရုံးအဖွဲ့သည် အစည်းအဝေးများစီစဉ်ခြင်း၊ ဧည့်သည်များဖိတ်ကြားခြင်း၊ ဥပဒေ၊ နည်းဥပဒေ နှင့် အထောက်အကူပြုစာရွက်စာတမ်းများ စုဆောင်းဖြန့်ဝေခြင်း၊ အစည်းအဝေးမှတ်တမ်းများ ပြုစုခြင်း၊ တိုင်ကြားစာ၊ တင်ပြစာ၊ ဖိတ်ကြားစာများကို လက်ခံခြင်း၊ အစီရင်ခံစာ၊ တင်ပြစာ၊ ပြန်ကြားစာများ တင်ပြပေးပို့နိုင်ရေးဆောင်ရွက်ခြင်း၊ လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်း အကြံဉာဏ်များပေးခြင်း၊ ကော်မတီဝင်များ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ရုံးနှင့် ညှိနှိုင်းဆက်သွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

## နိဂုံး

၂၆။ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေဖြင့် ကော်မတီဆိုင်ရာ လုပ်ငန်းဆောင်တာ အတွေ့အကြုံများကို ပြန်လည်သုံးသပ်ပြီး ဘဏ်လုပ်ငန်းနှင့်

ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထု အကျိုးစီးပွားနှင့် ပြည်သူ့လွှတ်တော်၏ ဂုဏ်သိက္ခာမြင့်မားစေရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**နောက်ဆက်တွဲ(က)**

**ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

**၁၉-၂-၂၀၁၇ ရက်နေ့မှ ၁၈-၂-၂၀၁၈ ရက်နေ့ထိ ပြည်တွင်း/ ပြည်ပ ပုဂ္ဂိုလ်/အဖွဲ့အစည်းများ တွေ့ဆုံမှုမှတ်တမ်း**

| စဉ် | ရက်စွဲ | ဥက္ကဋ္ဌ/ အဖွဲ့ဝင် အမည်အရေအတွက် | အကြောင်းအရာ | တွေ့ဆုံသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း | | နေရာ |
|---|---|---|---|---|---|---|
| | | | | ပြည်တွင်း | ပြည်ပ | |
| ၁။ | ၂၇.၂.၂၀၁၇ | ဒေါ်ခင်စန်းလှိုင်၊ ဥက္ကဋ္ဌ<br>ဒေါက်တာသက်သက်ခိုင်၊အဖွဲ့ဝင်<br>ဦးစိုးအောင်နိုင်၊ အဖွဲ့ဝင်<br>ဦးမျိုးဇော်ဦး၊ အဖွဲ့ဝင်<br>ဦးသက်နိုင်ဦး၊ အဖွဲ့ဝင်<br>ဦးစိုင်းထွန်းအောင်၊ အဖွဲ့ဝင်<br>ဦးသန်းစိုး၊ အဖွဲ့ဝင်<br>ဗိုလ်မှူးချုပ်တင်စိုး၊ အဖွဲ့ဝင်<br>ဒေါ်ခင်မို့မို့အောင်၊ အဖွဲ့ဝင်<br>ဦးနေစိုးအောင်၊ အဖွဲ့ဝင်<br>ဗိုလ်မှူးကြီးမြင့်ချို၊ လေ့လာသူ<br>ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင်<br>ဦးတင်ထွန်းနိုင်၊အတွင်းရေးမှူး | မြပန်ဝါ၏ မိတ်ဖက်ကုမ္ပဏီဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ငွေကြေးထုတ်လုပ်မှု စီးဆင်းမှုတွင် ပါဝင်ဆောင်ရွက်နေသော Julong Company Limited မှ CEO နှင့် Vice President တို့ တွေ့ဆုံခြင်း | | Julong Company Limited မှ CEO နှင့် Vice President | (I-7) အပေါ်ထပ် |
| ၂။ | ၂၇.၂.၂၀၁၇ | ဒေါ်ခင်စန်းလှိုင်၊ ဥက္ကဋ္ဌ<br>ဒေါ်ပြုံးကေသီနိုင်<br>ဦးဇော်သိန်း | အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့ရှိ State Department ဌာနချုပ်၊ အရှေ့တောင်အာရှကုန်းတွင်းပိုင်း ဆိုင်ရာ ညွှန်ကြားရေးမှူးမှ Ms. Paticia Mohoney မြန်မာနိုင်ငံ အစိုးရ၏ လုပ်ငန်းများတွင် လွှတ်တော် ၏ အခန်းကဏ္ဍကို သိရှိလိုခြင်း | | အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့ရှိ State Department ဌာနချုပ်၊ အရှေ့တောင် အာရှ ကုန်းတွင်းပိုင်း ဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Paticia Mohoney | |

**မူကြမ်း**

| စဉ် | ရက်စွဲ | ဥက္ကဋ္ဌ/ အဖွဲ့ဝင် အမည်အရေအတွက် | အကြောင်းအရာ | တွေ့ဆုံသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း | | နေရာ |
|---|---|---|---|---|---|---|
| | | | | ပြည်တွင်း | ပြည်ပ | |
| ၃။ | ၂၄.၅.၂၀၁၇ | ဦးအောင်စိုး၊ အဖွဲ့ဝင်<br>ဦးစိုးအောင်နိုင်၊ အဖွဲ့ဝင်<br>ဦးရဲထွန်းဝင်း၊ အဖွဲ့ဝင်<br>ဦးသက်နိုင်ဦး၊ အဖွဲ့ဝင်<br>ဦးခွန်အောင်ကျော်၊ အဖွဲ့ဝင်<br>ဗိုလ်မှူးချုပ်တင်စိုး၊ အဖွဲ့ဝင်<br>ဦးနေစိုးအောင်၊ အဖွဲ့ဝင်<br>ဗိုလ်မှူးကြီးမြင့်ချို၊ လေ့လာသူ<br>ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင်<br>ဦးတင်ထွန်းနိုင်၊<br>အတွင်းရေးမှူး | မြန်မာနိုင်ငံတွင် Financial Market Centre များ ထူထောင်ရေး နှင့် စပ်လျဉ်းသည့် အကြောင်းအရာ များ၊ | | ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး HE.Mr.Paul Seger | (I-7) အပေါ်ထပ် |
| ၄။ | ၂၆.၅.၂၀၁၇ | ဒေါ်ခင်စန်းလှိုင်၊ ဦးစော၊ ဦးရန်လင်း၊ ဦးခင်အေး၊ ဦးခင်မောင်ဝင်း | ဥရောပပါလီမန် အာဆီယံ ပါလီမန်များ ချစ်ကြည် ရင်းနှီးမှု ပိုမိုမြှင့် တင်ရန်၊ | | ဥရောပပါလီမန် ကိုယ်စားလှယ် အဖွဲ့ | (I-7) အပေါ်ထပ် |
| ၅။ | ၃၀.၅.၂၀၁၇ | ဒေါ်ခင်စန်းလှိုင်၊ ဥက္ကဋ္ဌ<br>ဦးအောင်စိုး၊ အဖွဲ့ဝင်<br>ဒေါက်တာသက်သက်ခိုင်၊ အဖွဲ့ဝင်<br>ဦးစိုးအောင်နိုင်၊ အဖွဲ့ဝင်<br>ဦးမျိုးဇော်ဦး၊ အဖွဲ့ဝင်<br>ဒေါ်ချိုချို၊ အဖွဲ့ဝင်<br>ဦးသက်နိုင်ဦး၊ အဖွဲ့ဝင်<br>ဦးခွန်အောင်ကျော်၊ အဖွဲ့ဝင်<br>ဦးစိုင်းထွန်းအောင်၊ အဖွဲ့ဝင်<br>ဦးသန်းစိုး၊ အဖွဲ့ဝင်<br>ဗိုလ်မှူးချုပ်တင်စိုး၊ အဖွဲ့ဝင်<br>ဒေါ်ခင်မို့မို့အောင်၊ အဖွဲ့ဝင်<br>ဦးနေစိုးအောင်၊ အဖွဲ့ဝင်<br>ဗိုလ်မှူးကြီးမြင့်ချို၊ လေ့လာသူ<br>ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင် | GIZ (ဂျာမန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင် ရွက်ရေး အေဂျင်စီ) နှင့် တွေ့ဆုံခြင်း | | GIZ မှ (Senior National Expert) ဦးစံသိန်းနှင့် Mr. Armin Hofmann (Programme Director) | (I-7) အပေါ်ထပ် |

မူကြမ်း

| စဉ် | ရက်စွဲ | ဥက္ကဋ္ဌ/ အဖွဲ့ဝင် အမည်အရေအတွက် | အကြောင်းအရာ | တွေ့ဆုံသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း | | နေရာ |
|---|---|---|---|---|---|---|
| | | | | ပြည်တွင်း | ပြည်ပ | |
| | | ဦးတင်ထွန်းနိုင်၊ အတွင်းရေးမှူး | | | | |

| စဉ် | ရက်စွဲ | ဥက္ကဋ္ဌ/ အဖွဲ့ဝင် အမည်အရေအတွက် | အကြောင်းအရာ | တွေ့ဆုံသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း | | နေရာ |
|---|---|---|---|---|---|---|
| | | | | ပြည်တွင်း | ပြည်ပ | |
| ၆။ | ၆.၆.၂၀၁၇ | ဒေါ်ခင်စန်းလှိုင်၊ ဥက္ကဋ္ဌ<br>ဦးအောင်စိုး၊ အဖွဲ့ဝင်<br>ဒေါက်တာသက်သက်ခိုင်၊ အဖွဲ့ဝင်<br>ဦးစိုးအောင်နိုင်၊ အဖွဲ့ဝင်<br>ဦးမျိုးဇော်ဦး၊ အဖွဲ့ဝင်<br>ဦးရဲထွန်းဝင်း၊ အဖွဲ့ဝင်<br>ဦးသက်နိုင်ဦး၊ အဖွဲ့ဝင်<br>ဦးစိုင်းထွန်းအောင်၊ အဖွဲ့ဝင်<br>ဦးသောင်းအေး၊ အဖွဲ့ဝင်<br>ဦးသန်းစိုး၊ အဖွဲ့ဝင်<br>ဗိုလ်မှူးချုပ်တင်စိုး၊ အဖွဲ့ဝင်<br>ဒေါ်ခင်မို့မို့အောင်၊ အဖွဲ့ဝင်<br>ဦးနေစိုးအောင်၊ အဖွဲ့ဝင်<br>ဗိုလ်မှူးကြီးမြင့်ချို၊ လေ့လာသူ<br>ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင်<br>ဦးတင်ထွန်းနိုင်၊ အတွင်းရေးမှူး | World Bank အဖွဲ့မှ ပညာရှင် များနှင့် တွေ့ဆုံခြင်း | | World Bank အဖွဲ့မှ<br>Ms. Nagavalli Annamalai ဦးဆောင်သောအဖွဲ့ | (I-7) အပေါ်ထပ် |
| ၇။ | ၂၇-၁၀-၂၀၁၇ | ဦးဦးလှစော၊ အဖွဲ့ဝင် | အမေရိကန်သံအမတ်ကြီး HE. Mr.Scot Marciel နှင့် တွေ့ဆုံခြင်း | | အမေရိကန် သံအမတ် | (I-2) အပေါ်ထပ် |
| ၈။ | ၁၅-၁၁-၂၀၁၇ | ကော်မတီဝင်များအားလုံး | Fiscal Policy, Domestic Revenue Mobolization. Tax Policy Reform, and Pualic Financial Management; Financial Regulation and Supervision; State owned Banks Reforms | | 2017 IMF Article IV Consultation Mission အဖွဲ့မှ တွေ့ဆုံ | (D) ဆောင် |

| စဉ် | ရက်စွဲ | ဥက္ကဋ္ဌ/ အဖွဲ့ဝင် အမည်အရေအတွက် | အကြောင်းအရာ | တွေ့ဆုံသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း | | နေရာ |
|---|---|---|---|---|---|---|
| | | | | ပြည်တွင်း | ပြည်ပ | |
| | | | and Financial Inclusion | | | |
| ၉။ | ၁၆-၁၁-၂၀၁၇ | ဒေါ်ခင်စန်းလှိုင်၊ ဥက္ကဋ္ဌ ဦးတင်ထွန်းနိုင်၊ အတွင်းရေးမှူး | ဂုဏ်ထူးဆောင်တောင်သူလယ်သမား ဖွံ့ဖြိုးရေးဘဏ် (G-Bank) တည် ထောင်ရေး Glory Farmer Development Bank Public Co.Ltd နှင့် စပ်လျဉ်းသည့် အကြောင်းအရာများ | | G-Bank | (I-7) အပေါ်ထပ် |

| စဉ် | ရက်စွဲ | ဥက္ကဋ္ဌ/ အဖွဲ့ဝင် အမည်အရေအတွက် | အကြောင်းအရာ | တွေ့ဆုံသည့်ပုဂ္ဂိုလ်/အဖွဲ့အစည်း | | နေရာ |
|---|---|---|---|---|---|---|
| | | | | ပြည်တွင်း | ပြည်ပ | |
| ၁၀။ | ၁၁.၁.၂၀၁၈ | ဒေါ်ခင်စန်းလှိုင်၊ ဥက္ကဋ္ဌ ဦးတင်ထွန်းနိုင်၊ အတွင်းရေးမှူး ဒေါ်ချိုချို၊ အဖွဲ့ဝင် | မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အတူတကွ ဆက်လက် ဆောင်ရွက်နိုင်ရေး | | တရုတ်နိုင်ငံ၊ Anhui Conch Cement Co.,Ltd | I-7 အပေါ်ထပ် |
| ၁၁။ | ၇-၃-၂၀၁၈ | ဒေါ်ခင်စန်းလှိုင်၊ ဥက္ကဋ္ဌ ဦးတင်ထွန်းနိုင်၊ အတွင်းရေးမှူး အဖွဲ့ဝင်(၈)ဦး | မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင် မှုလုပ်ငန်းများကို လာရောက်တင်ပြ တွေ့ဆုံခြင်း | Digital Money Myanmar Ltd (Wave Money) | | |
| | **စုစုပေါင်း** | | | **၁** | **၁၀** | |

**မှုကြမ်း**

**နောက်ဆက်တွဲ(ခ)**

## ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ

## ၁၉-၂-၂၀၁၇ ရက်နေ့မှ ၁၈-၂-၂၀၁၈ ရက်နေ့ထိ တက်ရောက်ခဲ့သည့် Workshop, Seminar, Training

| စဉ် | ရက်စွဲ | တက်ရောက်သူ အမည် | တာဝန် | Workshop | Seminar | Training | နေရာ |
|---|---|---|---|---|---|---|---|
| ၁။ | ၂၃-၃-၂၀၁၇ | ဦးတင်ထွန်းနိုင် | အတွင်းရေးမှူး | မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာအဆိုပါ စီမံကိန်း၏ သက်တမ်းဝက် ကာလ ဆောင်ရွက်နိုင်မှု များ အပေါ် ဆန်းစစ်သုံးသပ်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲ) | | | Park Royal Hotel၊ နေပြည်တော် |
| ၂။ | ၁၅-၆-၂၀၁၇ ၁၆-၆-၂၀၁၇ ထိ | ဦးမျိုးဇော်ဦး | အဖွဲ့ဝင် | Internationnal IDEA က 'ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု၏ အခြေခံမူဝါဒများ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော အစိုးရစနစ်များ တည်ဆောက်ခြင်း' ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲ | | | ဇမ္ဗူသီရိ ခန်းမဆောင်၊ ပြည်ထောင်စုလွှတ်တော် |
| ၃။ | ၂၄-၆-၂၀၁၇ | ဒေါက်တာ သက်သက်ခိုင် | အဖွဲ့ဝင် | | အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ | | Hilton Hotel ၊ နေပြည်တော် |
| ၄။ | ၄.၇.၂၀၁၇ | ဒေါ်ခင်စန်းလှိုင် ဦးတင်ထွန်းနိုင် | ဥက္ကဋ္ဌ အတွင်းရေးမှူး | WFD ဥပဒေပြုပြီးနောက် စိစစ်ခြင်း၊ နိုင်းယှဉ်လေ့လာမှု အစီရင်ခံစာ တင်ပြခြင်း အလုပ်ရုံဆွေးနွေးပွဲ | | | ဇမ္ဗူသီရိ ခန်းမဆောင်၊ ပြည်ထောင်စုလွှတ်တော် |

| စဉ် | ရက်စွဲ | တက်ရောက်သူ အမည် | တာဝန် | Workshop | Seminar | Training | နေရာ |
|---|---|---|---|---|---|---|---|
| ၅။ | ၅.၇.၂၀၁၇ | ဒေါ်ခင်စန်းလှိုင်<br>ဦးအောင်စိုး<br>ဦးစိုးအောင်နိုင်<br>ဒေါ်သက်သက်ခိုင်<br>ဦးသက်နိုင်ဦး<br>ဦးသန်းစိုး<br>ဦးစိုင်းထွန်းအောင်<br>ဦးသောင်းအေး<br>ဗိုလ်မှူးချုပ်တင်စိုး<br>ဦးနေစိုးအောင်<br>ဒေါ်ခင်မို့မို့အောင် | ဥက္ကဋ္ဌ<br>အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် | WFD ဥပဒေပြုပြီး နောက် စိစစ်ခြင်း၊ နှိုင်းယှဉ် လေ့လာမှု အစီရင်ခံစာ တင်ပြခြင်း အလုပ်ရုံ ဆွေးနွေးပွဲ | | | (I-20)၊ အပေါ်ထပ် |
| ၆။ | ၁၂-၉-၂၀၁၇<br>၁၃-၉-၂၀၁၇ | ဒေါ်ခင်စန်းလှိုင်<br>ဦးတင်ထွန်းနိုင် | ဥက္ကဋ္ဌ<br>အတွင်းရေးမှူး | | Euromoney Myanmar Global Investment Forum တက်ရောက် ဆွေးနွေးခြင်း | | MICC-2 |
| ၇။ | ၁၄-၉-၂၀၁၇ | ဦးတင်ထွန်းနိုင် | အတွင်းရေးမှူး | | Research and Development Center (R & E Center) ၏ ဆွေးနွေးပွဲ(စာတမ်း ဖတ်ပွဲ ၇/၂၀၁၇) | | လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ |
| ၈။ | ၁၈-၉-၂၀၁၇ | ဦးမျိုးဇော်ဦး | အဖွဲ့ဝင် | ကုန်သွယ်ရေးကုစားမှု အစီအမံများဆိုင်ရာ အသိ ပညာမျှဝေခြင်း အလုပ်ရုံ ဆွေးနွေးပွဲ | | | Park Royal Hotel နေပြည်တော် |

| စဉ် | ရက်စွဲ | တက်ရောက်သူ အမည် | တာဝန် | Workshop | Seminar | Training | နေရာ |
|---|---|---|---|---|---|---|---|
| ၉။ | ၆-၉-၂၀၁၇<br>၇-၉-၂၀၁၇<br>၈-၉-၂၀၁၇ | ဒေါ်ခင်စန်းလှိုင်<br>ဦးတင်ထွန်းနိုင် | ဥက္ကဋ္ဌ<br>အတွင်းရေးမှူး | လတ်တလော ရပ်ဆိုင်းထားသည့်နိုင်ငံပိုင်စက်ရုံ/အလုပ်ရုံ(၂၈)ရုံအား ဆက်လက်ဆောင်ရွက်ရန် သင့်/မ သင့်ကို လေ့လာ သုံးသပ်သည့် အလုပ်ရုံ ဆွေးနွေးပွဲ | | | ရုံးအမှတ်(၂၆) စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန |
| ၁၀။ | ၂၅-၉-၂၀၁၇ | ဦးမျိုးဇော်ဦး | အဖွဲ့ဝင် | လူငယ်လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့နှင့် U-Reporter အဖွဲ့တို့ ပူးပေါင်း၍ ဖိုရမ် (UNICEF) | | | Lake Garden Hotel |
| ၁၁။ | ၂-၁၀-၂၀၁၇<br>၃-၁၀-၂၀၁၇ | ဒေါ်ခင်စန်းလှိုင်<br>ဦးတင်ထွန်းနိုင်<br>ဒေါက်တာ သက်သက်ခိုင် | ဥက္ကဋ္ဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင် | အပြည်ပြည်ဆိုင်ရာ ငွေကြေးဆိုင်ရာရန်ပုံငွေအဖွဲ့ (IMF) မှ ငွေကြေးဆိုင်ရာဌာန(FAD)နှင့် ထိုင်းနိုင်ငံနည်း ပညာဆိုင်ရာ အထောက်အကူပေးရေးရုံးနှင့် ပြည်ထောင်စုလွှတ်တော် ငွေစာရင်းပူးပေါင်းကော်မတီတို့၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ | | | ဇမ္ဗူသီရိ ခန်းမဆောင်၊ ပြည်ထောင်စု လွှတ်တော် |
| ၁၂။ | ၂၄-၁၁-၂၀၁၇ | ဦးစိုးအောင်နိုင်<br>ဦးနေစိုးအောင် | အဖွဲ့ဝင်<br>အဖွဲ့ဝင် | မြန်မာလယ်ယာဖွံ့ဖြိုးေရးဘဏ်မှနှစ်စဉ်စိုက်ပျိုးစရိတ်ထုတ်ချေးတောင်သူ လယ်သမားများချေးငွေပေးဆပ်မှုနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ | | | ရုံးအမှတ်-၂၆/ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန |
| ၁၃။ | ၂၄-၁၁-၂၀၁၇ | ဦးမျိုးဇော်ဦး<br>ဦးဦးလှစော | အဖွဲ့ဝင်<br>အဖွဲ့ဝင် | ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် ကြက်ခြေနီလှုပ်ရှားမှု အကြောင်းကို ဆွေးနွေး တင်ပြခြင်း | | | သင်္ဂဟဟိုတယ် နေပြည်တော် |

**မှတ်ချက်**

| စဉ် | ရက်စွဲ | တက်ရောက်သူ အမည် | တာဝန် | Workshop | Seminar | Training | နေရာ |
|---|---|---|---|---|---|---|---|
| ၁၄။ | ၂၁-၁၁-၂၀၁၇ | ဦးစိုးအောင်နိုင်<br>ဦးနေစိုးအောင် | အဖွဲ့ဝင်<br>အဖွဲ့ဝင် | စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်သည့် မြန်မာ လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ နှစ်စဉ်စိုက်ပျိုး စရိတ်ထုတ်ချေး တောင်သူလယ်သမား များ ချေးငွေ ပေးဆပ်မှု နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ | | | ရုံးအမှတ်-၂၆/ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန |
| ၁၅။ | ၁၈-၁-၂၀၁၈ | ဒေါ်ခင်စန်းလှိုင်၊<br>ဦးတင်ထွန်းနိုင်၊<br>ဒေါ်သက်သက်ခိုင်၊ ဒေါ်ချိုချို၊<br>ဒေါ်ခင်မို့မို့အောင်၊<br>ဦးစိုးအောင်နိုင်၊<br>ဦးသောင်းအေး၊<br>ဦးမျိုးဇော်ဦး | ဥက္ကဋ္ဌ<br>အတွင်းရေးမှူး<br>အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင်<br>အဖွဲ့ဝင် | | မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးလျက်ရှိ သောပစ္စည်းခွန်စနစ် (Property Tax) အား လေ့လာ သုံးသပ်ချက် သုတေ သနစာတမ်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ လွှတ်တော် ရေးရာ ကော်မတီဝင်များနှင့် တွေ့ဆုံး ဆွေးနွေးပွဲ<br>- **Renaissance Institute(RI)** | | ပြည်ထောင်စု လွှတ်တော် (D-ဆောင်)၊ ပထမထပ် အစည်းအဝေး ခန်းမ |

**မူကြမ်း**

| စဉ် | ရက်စွဲ | တက်ရောက်သူ အမည် | တာဝန် | Workshop | Seminar | Training | နေရာ |
|---|---|---|---|---|---|---|---|
| ၁၆။ | ၂၉-၁-၂၀၁၈ | ဒေါ်ခင်စန်းလှိုင်၊ ဒေါ်ချိုချို၊ ဒေါ်ခင်မို့မို့အောင် | ဥက္ကဋ္ဌ အဖွဲ့ဝင် အဖွဲ့ဝင် | | ဒုတိယ အကြိမ် အမျိုးသမီးလွှတ်တော် အမတ်များအ တွက် လက်တွဲလမ်းပြ အကြံပေးခြင်း အစီအစဉ် မိတ်ဆက်ပွဲ **-အခရာအမျိုးသမီးအဖွဲ့** | | Park Royal Hotel (နေပြည်တော်) |
| ၁၇။ | ၈-၂-၂၀၁၈ | ဦးသောင်းအေး၊ ဦးနေစိုးအောင် | အဖွဲ့ဝင် အဖွဲ့ဝင် | | လူမှုမီဒီယာ အသုံးပြုခြင်းဆိုင်ရာ ဆွေးနွေးပွဲ **-Hanns Seidel Foundation** | | ဇမ္ဗူသီရိခန်းမ-၃ |
| ၁၈။ | ၂၄-၂-၂၀၁၈ ၂၅-၂-၂၀၁၈ | ဦးစိုးအောင်နိုင် | အဖွဲ့ဝင် | | လုံခြုံရေးကဏ္ဍ အုပ်ချုပ်မှုနှင့် လွှတ် တော်၏ အခန်းကဏ္ဍဆွေး နွေးပွဲ | | ဥတ္တရသီရိဟိုတယ် |
| ၁၉။ | ၁၈.၁.၂၀၁၈ | ဦးအောင်စိုး | အဖွဲ့ဝင် | အလုပ်ရှင် အလုပ်သမား စုပေါင်းတောင်းဆို ဆွေးနွေးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ **- Solidarity Center** | | | KEMPINSKI Hotel နေပြည်တော်၊ |

| စဉ် | ရက်စွဲ | တက်ရောက်သူ အမည် | တာဝန် | Workshop | Seminar | Training | နေရာ |
|---|---|---|---|---|---|---|---|
| ၂၀။ | ၁၄-၂-၂၀၁၈ | ဦးမျိုးဇော်ဦး | အဖွဲ့ဝင် | အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှုများ | | | အမျိုးသား |

**မူကြမ်း**

| စဉ် | ရက်စွဲ | တက်ရောက်သူ အမည် | တာဝန် | Workshop | Seminar | Training | နေရာ |
|---|---|---|---|---|---|---|---|
| | | | | မူဘောင်အကြိုဆွေးနွေးပွဲ | | | ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန |
| | စုစုပေါင်း | | | ၁၃ | ၇ | | |

## ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၈-၁၂-၂၀၁၈ ရက်(အင်္ဂါနေ့) ညနေ ၄း၀၀ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ၁၂-၁၂-၂၀၁၈ ရက်နေ့က တင်သွင်းခဲ့တဲ့ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် လေးဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေးကို ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းအေး(မိုင်းရှူးမဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီရဲ့လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ်မှာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ အပြုသဘောဆောင်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ယနေ့အချိန်မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ခြေလှမ်းမှန်မှန်နဲ့

လျှောက်လှမ်းလျက်ရှိပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရကလည်း ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ ပြည်တွင်းငြိမ်းချမ်းရေးဟာ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်ထောင်စု တစ်ခုလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရေး ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက် ရေးတို့နဲ့လည်း ဆက်စပ်ပတ်သက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရခဲ့တာ ကြာပြီဖြစ် သလို ပြည်တွင်းငြိမ်းချမ်းရေးမရနိုင်သေးတာကလည်း ကြာမြင့်နေပြီဖြစ်ပါတယ်။ ဒီနေရာမှာ စစ်ပွဲတွေ ယာယီအခိုက်အတန့်အားဖြင့် ရပ်တန့်နေတဲ့ငြိမ်းချမ်းရေးမျိုးမဟုတ်ဘဲ ရေရှည်တည်တံ့မယ့်ငြိမ်းချမ်း ရေးကို ကျွန်တော်တို့ အတူတကွတည်ဆောက်သွားကြရမှာ ဖြစ်ပါတယ်။ အသွင်သဏ္ဌာန်ငြိမ်းချမ်းရေး မျိုးမဟုတ်ဘဲ အနှစ်သာရပြည့်ဝတဲ့ငြိမ်းချမ်းရေးပေါ်ထွန်းလာစေဖို့အတွက် ကြိုးပမ်းသွားကြရမှာ ဖြစ် ပါတယ်။ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရခြင်းရဲ့အရင်းခံအကြောင်းတရားဖြစ်တဲ့ နိုင်ငံရေးပြဿနာတွေ ကို ပြေလည်အောင် ဖြေရှင်းနိုင်ဖို့အတွက် အဓိကလိုအပ်ချက်တစ်ရပ်ကတော့ အပြန်အလှန်နားလည် မှု၊ ယုံကြည်မှုတို့ဖြင့် ညှိနှိုင်းဆွေးနွေးပြီး ပူးပေါင်းအဖြေရှာနိုင်ရေးပဲ ဖြစ်ပါတယ်။ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဘောထားကြီးခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ အပြန်အလှန်လေးစားအသိအမှတ် ပြုခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းတို့နဲ့ ဝိုင်းဝန်းအဖြေရှာသွားကြရမှာ ဖြစ်ပါတယ်။ အားကြီးတဲ့သူက အားနည်းတဲ့သူကို လက်ညှိုးထိုးပြစ်တင် စွပ်စွဲနေခြင်းဟာ ပြဿနာ ဖြေရှင်းနည်းတစ်ရပ်မဟုတ်သလို စိုးရိမ်မှုနဲ့ သံသရစိတ်တွေကို ယုံကြည်မှုတည်ဆောက်ခြင်းနဲ့ ဖယ်ရှားပေးနိုင်ရေးက အလွန်ပဲအရေးကြီးပါတယ်။

လေးစားအပ်တဲ့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းတွေဟာ ပြည်ထောင်စုသားအားလုံးနဲ့ သက်ဆိုင်ပါတယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ရာစုနှစ်တစ်ဝက်ကျော်မက ပြည်တွင်းစစ်ဖြစ်ပွားနေရခြင်းရဲ့ အရင်းအမြစ်ကို ဆန်းစစ်ကြည့်တဲ့အခါမှာ တိုင်းရင်းသားအရေးပြဿနာဟာ အဓိကနေရာက ပါဝင်လျက်ရှိတယ်ဆိုတာ ကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်းကြား ချစ်ကြည်စည်းလုံးရေး၊ ရေရှည်တည်တံ့တဲ့ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေးနိုင်မှသာလျှင် တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို စိတ်ချလက်ချဆောင်ရွက်နိုင်ပြီး ခေတ်မီတိုးတက်တဲ့နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် စဉ်းစားကြတဲ့နေရာမှာ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များရဲ့အောင်မြင်ဖြစ်ထွန်းမှုဟာ အရေးပါတဲ့အခန်းကဏ္ဍကို ရောက်ရှိလာပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ရွေးကောက်ပွဲကနေတစ်ဆင့် ဒီမိုကရေစီအစိုးရကို ရွေးချယ်တင်မြှောက်နိုင်ပြီဖြစ်သလို ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင် သုံးရပ်ဟာ အပြန်အလှန်ထိန်းကျောင်းလျက်ရှိပါတယ်။ ဒါကြောင့် အစိုးရပိုင်းကလည်း အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားအရေးတွေကို စိတ်အား ထက်သန်စွာနဲ့ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသလို ကျွန်တော်တို့ရဲ့လွှတ်တော်ပိုင်းကလည်း ပြည်တွင်းငြိမ်းချမ်းရေးတိုးတက်ဖြစ်ထွန်းလာစေဖို့အတွက် နည်းလမ်းရှာဖွေပြီး တက်ကြွစွာအကောင် အထည်ဖော်ဖို့ လိုအပ်နေပါတယ်။ ဒီနေရာမှာ လွှတ်တော်ကဖွဲ့စည်းပေးထားတဲ့ တိုင်းရင်းသားရေးရာ

**မူကြမ်း**

နှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအနေနဲ့လည်း အရေးပါတဲ့အခန်းကဏ္ဍကနေပြီး ဒီထက်မက ဦးဆောင်ပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်တယ်လို့ ရိုးသားစွာထင်မြင်ယူဆပါတယ်။ ကော်မတီရဲ့အစီရင်ခံစာကို လေ့လာကြည့်တဲ့အခါမှာ မနှစ်ကအစီရင်ခံစာလိုပဲ ဒီနှစ်မှာလည်း ထင်သာမြင်သာတဲ့ကြိုးပမ်းဆောင်ရွက်မှုမတွေ့ရဘဲ သာမန်အခမ်းအနားတက်ရုံမျှသာ တွေ့ရှိရပါတယ်။ မြို့နယ်တိုင်းကိုချပေးတဲ့ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးလုပ်ငန်းရန်ပုံငွေနဲ့ အကောင်အထည်ဖော်တဲ့လုပ်ငန်းတွေကိုလည်း တခုတ်တရဖော်ပြထားတာကို စိတ်ပျက်ဖွယ်တွေ့ရပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးမရသေးခြင်းရဲ့သားကောင်တွေဖြစ်နေရှာတဲ့ စစ်ဘေးရှောင်ပြည်သူတွေအပေါ် ကူညီစောင့်ရှောက်ခြင်း၊ စာနာထောက်ထားခြင်းကို ဆောင်ရွက်ပေးဖို့လည်း ပျက်ကွက်နေဆဲဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအရေးကြီးတဲ့အခန်းကဏ္ဍကို ဆောင်ရွက်နေတဲ့တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအနေနဲ့ ကော်မတီအဖြစ် အမည်ခံရပ်တည်နေရုံမျှမဖြစ်စေဘဲ တိုင်းပြည်ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမယ့် ကော်မတီတစ်ရပ်အဖြစ် ထိုးထွင်းကြံဆပုံဖော်ကာ လွှတ်တော်အပိုင်းကနေပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ပေးဖို့လိုအပ်နေပါတယ်။

ပြည်တွင်းပဋိပက္ခချုပ်ငြိမ်းရေး၊ တိုင်းရင်းသားအချင်းချင်းကြား ယုံကြည်မှုပိုမိုတိုးတက်ခိုင်မာလာစေရေးနဲ့ နိုင်ငံတော်ရဲ့ရည်မှန်းချက်တစ်ရပ်ဖြစ်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး စည်းလုံးညီညွတ်သော ဖက်ဒရယ်ဒီမိုကရက်တစ်ပြည်ထောင်စုကြီးဖြစ်တည်လာစေရေးကို အထောက်အပံ့ဖြစ်စေဖို့အတွက် ကျယ်ကျယ်ပြန့်ပြန့်ကြိုးပမ်းဆောင်ရွက်ပေးကြပါလို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးကို ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့အစီရင်ခံစာအပေါ်မှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တိုင်းရင်းသားရေးရာကိစ္စနှင့်ပတ်သက်ပြီးတော့ အကြံပြုတင်ပြဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။ ကော်မတီရဲ့တာဝန်(၈)ချက်မှာရော၊ ကော်မတီရဲ့ဆောင်ရွက်ချက်တွေမှာရော တိုင်းရင်းသားများရဲ့ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတွေ မပျောက်မပျက်အောင် ဆွေးနွေးမှုတွေနဲ့ ပြန်လည်ဖော်ထုတ်မှုတွေကို ကြိုးစားဆောင်ရွက်နေတာကို တွေ့နေရပါတယ်။ အထူးသဖြင့် ကော်မတီရဲ့ဆောင်ရွက်မှုတွေမှာ ကယားပြည်နယ်၊ လွိုင်ကော်မြို့နှင့် ဒီမော့ဆိုမြို့နယ် ပအိုးဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာဆင်းပြီးတော့မှသော်လည်းကောင်း၊ ညောင်ရွှေ၊ အင်းလေးဒေသမှာရှိတဲ့ တိုင်းရင်းသားဒေသတွေထံ အရောက်သွားပြီး ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတွေ မပျောက်မပျက်အောင်ဒေသခံတွေနဲ့ ဆွေးနွေးညှိနှိုင်းပြီး ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို တွေ့ရတာဝမ်းသာပါတယ်ခင်ဗျား။ အဲဒီမှာ ဘာတွေတွေ့ရသလဲဆိုတော့ အမြင်နှစ်မျိုးကွဲလွဲနေတာတွေ၊ လူမျိုးအမည်

ကွဲလွဲနေတာတွေအပြင် တိုင်းရင်းသားတွေရဲ့အခွင့်အရေးဆုံးရှုံးနေတာတွေနဲ့ တိုင်းရင်းသားစိစစ်ရေးကတ်ပြားတွေမှာ အမြင်မှားနေတာတွေ အဲဒီလိုကိစ္စတွေကို အကောင်းဆုံးဖြစ်နိုင်အောင်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်ထားတာတွေကို တွေ့ရပါတယ်။ နောက်အရေးကြီးတဲ့ လုပ်ငန်းတစ်ခုဆောင်ရွက်ချက်ကတော့၊ အဲဒါတွေကတော့ လက်ရှိတိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးရဲ့ အမည်မှန်နဲ့ စာရင်းမှန်ရရှိရေးဆိုတဲ့အချက်နဲ့ ကွယ်ပျောက်လုနီးပါးဖြစ်နေတဲ့ တိုင်းရင်းသားများစွာ ရှိနေတာကို မှတ်တမ်းတင်သုတေသနပြုပြီး ကူညီစောင့်ရှောက်ပေးရန် တင်ပြခြင်းဆိုတဲ့အချက် ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့မူဝါဒ၊ ရည်မှန်းချက်၊ ရှေ့လုပ်ငန်းစဉ်မှာလည်း ကွယ်ပျောက်လုနီးပါးဖြစ်နေတဲ့တိုင်းရင်းသားတွေရဲ့စကား၊ စာပေ၊ ယဉ်ကျေးမှုနဲ့ မူလဝိသေသ လက္ခဏာတွေ ပြန်လည်သုတေသနပြုပြီး မှတ်တမ်းတင်ဖော်ထုတ်မယ်ဆိုတာတွေကိုလည်း တွေ့ရပါတယ်။ အခုကော်မတီရဲ့အစီရင်ခံစာမှာပါတဲ့၊ ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ရင်းတလဲလူမျိုးနဲ့ ဝန်ကြီးဌာနရဲ့စာရင်းမှာပါတဲ့ ထနော့လူမျိုး၊ သစ်လူမျိုးတို့အပြင် ကျွန်တော်တို့ ယောဒေသမှာလည်းပဲ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးထဲမှာ အမည်မပါသေးဘဲ တဖြည်းဖြည်းကွယ်ပျောက်တော့မယ့် လူမျိုးစု တစ်စု ရှိနေပါတယ်။ အဲဒါကတော့ တောင်သားလူမျိုးစုပဲ ဖြစ်ပါတယ်။ တောင်သားလူမျိုးစုတွေဟာ ပျူလူမျိုးနွယ်ဝင်တွေဖြစ်တယ်လို့လည်း သမိုင်းအထောက်အထားများအရ သိရပါတယ်။ တောင်သားလူမျိုးစုတွေကို ထီးလင်းမြို့နယ်၊ ဆောမြို့နယ်တို့မှာ အများဆုံးတွေ့ရပြီး ဂန့်ဂေါမြို့နယ်၊ စေတုတ္တရာမြို့နယ်နဲ့ မင်းတပ်မြို့နယ်တွေမှာလည်း တွေ့ရပါတယ်။ ယခင်က တောင်သားလူမျိုးစုတွေဟာ ကျေးရွာပေါင်း ၆၀ ကျော်မှာရှိပြီး ယခုအခါမှာ ၅၄ ကျေးရွာသာရှိတော့ပြီး လူဦးရေအားဖြင့် ၂၅၀၀၀ ကျော်ရှိနေပါတယ်။ သီးခြားဘာသာစကားရှိသော်လည်းပဲ သီးခြားစာပေကိုတော့ မတွေ့ရပါဘူးခင်ဗျား။ ယခုအချိန်မှာဆိုရင် တောင်သားကျေးရွာတွေဟာ သူတို့ရဲ့ဘာသာစကားကို သိပ်မပြောကြတော့ဘဲ ဗမာစကားကိုသာ ပြောဆိုနေကြတာကို တွေ့ရပါတယ်။ ကြာလာရင် ဘာသာစကားကွယ်ပျောက်မှာ စိုးရိမ်နေရမယ့်အခြေအနေဖြစ်နေပါတယ်ခင်ဗျား။ ဝတ်စားဆင်ယင်မှုအနေနဲ့လည်း သီးခြားရိုးရာဝတ်စုံ ရှိသော်လည်းပဲ ယခုခေတ်လူငယ်များကတော့ အခမ်းအနားတွေ၊ ပွဲလမ်းတွေမှာသာ ဝတ်ဆင်ကြတာကို တွေ့ရပါတယ်။ သက်ကြီးရွယ်ကြီးတွေကတော့ ယခုထိ ဝတ်နေကြဆဲပဲဖြစ်ပါတယ်။ ကိုးကွယ်ယုံကြည်မှုအနေနဲ့ ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သားလူမျိုးစုနွယ်ဝင်တွေဟာ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ဝတ်စားဆင်ယင်မှု၊ ကိုယ်ပိုင်ဓလေ့စရိုက်၊ ကိုယ်ပိုင်ယဉ်ကျေးမှုတွေနဲ့ နေထိုင်ကြတဲ့လူမျိုးစုတစ်စုပဲ ဖြစ်ပါတယ်။ လူမျိုးစုနွယ်ဝင်တွေအနေနဲ့လည်း သူတို့လူမျိုးစုရဲ့ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်တွေကွယ်ပျောက်မသွားအောင် ပြန်လည်ထိန်းသိမ်းနိုင်ဖို့ ကြိုးစားနေကြပြီဖြစ်ပါတယ်။ ပထမအကြိမ် တောင်သားလူမျိုးစုတွေ့ဆုံပွဲကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့က ထီးလင်းမြို့နယ်၊ ဝက်သက်ကျေးရွာမှာပြုလုပ်ခဲ့ပြီး တောင်သားလူမျိုးစုကော်မတီကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အဲဒီ တွေ့ဆုံပွဲကို မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါတယ်ခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

**မူကြမ်း**

ဒါကတော့ ဒီနေ့ပြုလုပ်မယ့် တောင်သားလူမျိုးစုရဲ့ဖိတ်စာဖြစ်ပါတယ်။ ဒါကတော့ ပင်လုံမှာ ပြည်ထောင်စုနေ့အခမ်းအနားတက်ရောက်တဲ့ပုံဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ မကွေးမှာ အခမ်းအနား တက်ရောက်တဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ တောင်သားလူမျိုးစု မနှစ်ကလုပ်ခဲ့တဲ့ ပထမအကြိမ် တွေ့ဆုံပွဲ ဖြစ်ပါတယ်။ ဒါကတော့ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ အမှာစကားပြောကြားနေတာ ဖြစ်ပါတယ်။ ဒါကတော့ တောင်သားလူမျိုးစုရဲ့အဖွဲ့ခေါင်းဆောင်ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ အခမ်းအနားကျင်းပတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ တောင်သားလူမျိုးစုတွေရဲ့ရိုးရာဓလေ့စရိုက်အရ ဆွမ်းပို့နေတဲ့ပုံဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ဝတ်စုံအပြည့်နဲ့ ဆွမ်းပို့တဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ တောင်သားလူမျိုးစုတွေရဲ့ ရိုးရာအိုးစည်အကဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ဆွမ်းပွဲ ပြင်နေတာဖြစ်ပါတယ်။ ဒါက တောင်သားလူမျိုးစုတွေရဲ့ရိုးရာကိုးကွယ်တဲ့ဘာသာဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

ဒီနှစ်မှာလည်းပဲ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ ဒုတိယအကြိမ် တွေ့ဆုံပွဲကို ဝက်သက်ကျေးရွာ မှာပဲ ပြုလုပ်မှာဖြစ်ပါတယ်။ တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌတွေ တက်ရောက်မယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ တောင်သားလူမျိုးစု မျိုးနွယ်ဝင်တွေအနေနဲ့လည်း ပင်လုံမှာကျင်းပတဲ့ ပြည်ထောင်စုနေ့အခမ်းအနားတွေ၊ တိုင်းဒေသကြီးမှာကျင်းပတဲ့ အခမ်းအနားတွေ မှာလည်းပဲ ကြိုးစားပမ်းစားတက်ရောက်ပြီး သူတို့လူမျိုးစုရဲ့ဘာသာစကား၊ ယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုတွေကို ဖော်ထုတ်ပြသလေ့ပဲရှိပါတယ်။ ဒါကြောင့်မို့လို့ နောက်ဆုံးအနေနဲ့တင်ပြလိုတာကတော့ တိုင်းရင်းသားရေးရာယဉ်ကျေးမှုတွေ၊ ဓလေ့စရိုက်တွေ မကွယ်ပျောက်ဖို့အတွက် တိုင်းရင်းသားလူမျိုးစုတွေရဲ့ အမည်စာရင်းမှာ မပါသေးတာတွေကို ကျွန်တော်တို့ကော်မတီအနေနဲ့လေ့လာပြီးတော့မှ၊ ဝန်ကြီးဌာနတွေနဲ့ညှိနှိုင်းပြီးတော့မှ အဆင်ပြေအောင် ဆောင်ရွက်ပေးစေလိုတယ်ဆိုတဲ့ အကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းကို ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာအပေါ်မှာ အပြုသဘောမျိုးနဲ့ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဟာ လုပ်ပိုင်ခွင့်လည်းရှိမယ်၊ တာဝန်ခံမှု၊ တာဝန်ယူမှုလည်း အပြည့်အဝရှိမယ်ဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ အရေးပါတဲ့ လွှတ်တော်ကော်မတီတစ်ခုဖြစ်ပါမယ်။ ကော်မတီရဲ့အစီရင်ခံစာ အပိုဒ် ၁၀ မှာ ကော်မတီရဲ့တာဝန်ခံနှစ်ယောက်ကို ဖော်ပြထားပါတယ်။ အချက်တိုင်းမှာ ဆောင်ရွက်ရမည်ဟု လုပ်ပိုင်ခွင့်ပေးထားတာ တွေ့ရပါတယ်။ အချက်(င)မှာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ဆွေးနွေးခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ခြင်း ဒါတွေကိုလုပ်မယ်ဆိုရင် လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့် လွှတ်တော်ကိုတင်ပြဆောင်ရွက်ရမယ်လို့ ဖော်ပြထားပါတယ်။ လုပ်ပိုင်

ခွင့်ကို ကန့်သတ်ထားတယ်လို့ထင်ရပေမယ့် ဒီလိုလုပ်ရင် ရတယ်ဆိုပြီးတော့ လမ်းညွှန်ထားတာလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ကော်မတီဟာ ဒီအခွင့်အရေးကိုအသုံးပြုပြီး ပြည်တွင်းငြိမ်းချမ်းရေး ဖြစ်စဉ်တွေမှာ ရှေ့တမ်းကပါဝင်လုပ်ဆောင်ဖို့ အားနည်းခဲ့ပါတယ်။ တိုင်းရင်းသားပါတီ၊ နိုင်ငံရေးပါတီ တွေ၊ NCA လက်မှတ်ထိုးထားတဲ့အဖွဲ့တွေ၊ တစ်ခုတလေကို တစ်ခါတလေမှ တွေ့ဆုံခဲ့တာမရှိပါဘူး။ ငါတို့မှာလုပ်ပိုင်ခွင့်အားနည်းတယ်ဆိုပြီး မျှော်လင့်နေမယ်ဆိုရင် ဘာမှဖြစ်လာမှာ မဟုတ်ဘူးလို့ မြင်ပါတယ်။ နောက်တစ်ချက်က တာဝန်ရှိရင် တာဝန်ကိုအကောင်အထည်ဖော်ဖို့ လုပ်ပိုင်ခွင့်လိုပါ တယ်။ အခုအစီရင်ခံစာမှာ ဖော်ပြထားတဲ့ လုပ်ပိုင်ခွင့်ဆိုတာ အစီရင်ခံစာတင်ပုံ၊ တင်နည်းသာဖြစ်လို့ လွဲမှားနိုင်တယ်လို့ ထောက်ပြလိုပါတယ်။

လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာအပိုဒ် ၁၂၊ ၁၃၊ ၁၄ မှာ ကော်မတီရဲ့ငြိမ်းချမ်းရေးကိစ္စတွေကို ဆောင်ရွက်ချက်များကို ဖော်ပြထားပေမဲ့ ကော်မတီရဲ့ ဆောင်ရွက်ချက်တစ်ခုတလေကိုမှ ဖော်ပြထားခြင်းမပါဘဲ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့က UPDJC မှာ အဖွဲ့ဝင်အဖြစ် ပါဝင်နေခြင်းကိုသာ ဇောင်းပေးဖော်ပြထားတာဖြစ်လို့ အစီရင်ခံစာကို အားနည်းစေပါတယ်။ အစီရင်ခံစာအပိုဒ် ၁၈ မှာဖော်ပြထားတဲ့ ကော်မတီမှ ကွင်းဆင်းလေ့လာရေး ခရီးစဉ်သွားရောက်ခြင်း၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကိုကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရှင်းလင်းပြောကြားခြင်း၊ ဖြန့်ဝေခြင်းစတဲ့ လုပ်ဆောင်ချက်တွေအပေါ်မှာ ကြိုဆိုပါတယ်။ ဒေသဆိုင်ရာ တိုင်းရင်းသားရေးရာဝန်ကြီးများကိုလည်း ဖိတ်ခေါ်ပြီး ဆွေးနွေးဖို့ အကြံပြုလိုပါတယ်။ ဒီလိုတွေ့ဆုံတဲ့အခါမှာ ဒေသတစ်ခု၊ အဖွဲ့အစည်း တစ်ခုခုကို အပြုသဘော၊ အသိသဘော၊ တွေ့ဆုံခြင်းမျိုးမဟုတ်ဘဲ ပဋိပက္ခဖြစ်တဲ့နေရာတွေကို စစ်ဘေးကြောင့်ဒုက္ခရောက်နေတဲ့ပြည်သူတွေဆီကို သွားရောက်ပြီး အကူအညီပေးဖို့လိုပါတယ်။ အဖြေရှာဖို့လိုပါတယ်။ မိမိတို့ရခိုင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ အစွန်းရောက်ဘင်္ဂါလီများရဲ့ အကြမ်းဖက် မှုဖြစ်စဉ်တွေ၊ နောက်ဆုံးမှဖြစ်ပေါ်နေတဲ့ နိုင်ငံသားမဟုတ်တဲ့သူတွေကို ကမန်တိုင်းရင်းသားအဖြစ် မှတ်ပုံတင်လုပ်ပေးနေခြင်းကိစ္စတွေ၊ တိုင်းရင်းသားရေး၊ ပြည်တွင်းရေး၊ ငြိမ်းချမ်းရေးအတွက် အရေးကြီးတဲ့ကိစ္စရပ်တွေဖြစ်လို့ ကော်မတီအနေနဲ့ သတိထားပြီး စောင့်ကြည့်သင့်ပါတယ်။ အနည်းဆုံး ဒေသခံလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီးတော့ ဆွေးနွေးပွဲတွေလုပ်သင့်တယ်လို့ အကြံပြု လိုပါတယ်။

လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာမှာ ကော်မတီဟာ တိုင်းရင်းသားလူမျိုးများရဲ့ ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့နဲ့ တွေ့ဆုံပြီးတော့ တိုင်းရင်းသားတွေရဲ့တင်ပြချက်တချို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့တယ်လို့ ဖော်ပြထား ပါတယ်။ ဘယ်လိုဆောင်ရွက်ပေးခဲ့တာလဲ ဖော်ပြနိုင်ရင်ကောင်းမှာပါ။ ဥပမာ တိုင်းရင်းသား ၁၃၅ မျိုးရဲ့စာရင်းအမှန်ကို ရရှိရေးကိစ္စ၊ နိုင်ငံသားစိစစ်ရေးကတ်တွေမှာ လူမျိုးအမည် နှင့် အမှန်နှင့် မှတ်ပုံတင်တင်နိုင်ရေးကိစ္စစတဲ့ တချို့ကိစ္စတွေဟာ မြေပြင်မှာပြဿနာရှိနိုင်တဲ့ကိစ္စတွေ ဖြစ်ပါတယ်။ အခြားတိုင်းရင်းသားရေးရာ သက်ဆိုင်တဲ့ဝန်ကြီးဌာနတွေနဲ့လည်း တွေ့ဆုံဆွေးနွေးဖို့ အကြံပြုလိုပါ

တယ်။ အစီရင်ခံစာအပိုဒ် ၁၉ မှာ ဖော်ပြထားတာကတော့ ကော်မတီဟာ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ပြည်ပလေ့လာရေးခရီးစဉ်တွေ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေနဲ့ တွေ့ဆုံမှုတွေ ဒါတွေကို အကြိမ်ပေါင်းများစွာ တက်ရောက်ဆွေးနွေးခဲ့ခြင်းဖြစ်ပါတယ်။ ကော်မတီဟာ အဲဒီလိုအတွေ့အကြုံ ရရှိပိုင်ဆိုင်ထားတာဖြစ်လို့ တိုင်းရင်းသားအရေးနဲ့ ပြည်တွင်းအရေးမှာ မိမိတို့ရဲ့ အခန်းကဏ္ဍ လုပ်ပိုင်ခွင့်ဘောင်ကို ပိုမိုကျယ်ပြန့်အောင် လုပ်ဆောင်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ အစီရင်ခံစာပါ ကော်မတီရဲ့သုံးသပ်အကြံပြုချက်ဟာလည်း ကော်မတီရဲ့စေတနာကို မြင်တွေ့ရပါတယ်။ ဒါပေမဲ့ အဲဒီစေတနာတွေဟာ စာရွက်ပေါ်မှာ တစ်နှစ်တစ်ခါပေါ်လာရုံနဲ့ တာဝန်မကျေနိုင်ပါဘူး။ ထာဝရတည်တံ့တဲ့ ပြည်ထောင်စုကြီးပေါ်ပေါက်လာရေးအတွက် အထောက်အကူပြု တွန်းအားတွေ ဖြစ်လာအောင် ဆောင်ရွက်ရပါမယ်။ လူမျိုးရေးအစွန်းရောက်ဝါဒနှင့် မဟာလူမျိုးကြီး ဝါဒကို ရှင်သန်ခွင့်မရနိုင်အောင် တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ ဥပဒေကို ပြည့်စုံကောင်းမွန်အောင် ပြဋ္ဌာန်းပေးဖို့လိုပါတယ်။ ရှေ့တမ်းကမားမားမတ်မတ် ကာကွယ် စောင့်ရှောက်ပေးဖို့လည်း လိုပါတယ်။

လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာရဲ့ နိဂုံးအပိုင်းမှာ ဖော်ပြထားတဲ့ ကိုလိုနီစနစ်ဟောင်းနဲ့ ခေတ်အဆက်ဆက်ထားရစ်ခဲ့တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ် ရေးကို ပျက်ပြားစေသော အမွေဆိုးကိုဖယ်ရှားနိုင်မှသာလျှင် နိုင်ငံသားအားလုံး၏ဆန္ဒဖြစ်သော တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရရှိနိုင်မယ်ဟု ယုံကြည်ပါသည်ဆိုတဲ့ စာပိုဒ်ကို အလေးအနက်ထောက်ခံပါတယ်။ ခေတ်အဆက်ဆက် အုပ်ချုပ်သူများအနေနဲ့ တိုင်းရင်းသားအချင်းချင်း တန်းတူညီမျှမှုရရှိအောင် မလုပ်ဆောင်နိုင်ခဲ့ကြလို့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်လာရတယ်ဆိုတာ ဘယ်သူမှမငြင်းနိုင်ပါဘူး။ ဒီအတွက်လည်း ပေးဆပ်ရတဲ့ ဆိုးကျိုးတွေက ကြီးမားလွန်းလှပါတယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဒို့အရေး ဆိုပြီး ဆိုင်းဘုတ်တွေထောင်ထားရုံနဲ့ စစ်မှန်တဲ့ပြည်ထောင်စုဖြစ်လာမှာ မဟုတ်ပါဘူး။ တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးရဖို့၊ ပြည်ထောင်စုမပြိုကွဲဖို့ အဓိကသော့ချက်ဟာ တိုင်းရင်းသားအချင်းချင်း တန်းတူညီမျှရေးဖြစ်ပါတယ်။ တန်းတူညီမျှရေးရဲ့ အခြေခံတရားက ကိုယ်ချင်းစာစိတ်ဖြစ်ပါတယ်။ အုပ်ချုပ်သူတွေအနေနဲ့ ဒေသတစ်ခုနဲ့တစ်ခုခြား၊ လူမျိုးတစ်မျိုးနဲ့တစ်မျိုးခြားမှာ အခွင့်အရေးမညီမျှမှု၊ ဖွံ့ဖြိုးတိုးတက်မှုမညီမျှမှု ဒါတွေကို မသိကျိုးကျွံပြုနေမယ်၊ မျက်လုံးစုံမှိတ်ပြီးတော့ ဒါတွေ မဟုတ်ပါဘူးလို့ ငြင်းနေမယ်၊ ဒါတွေကို စိတ်ထဲမှာ မသိမသာသဘောကျလက်ခံကျေနပ်နေမယ်ဆိုရင် ငြိမ်းချမ်းရေးဆိုတာ ပိုပြီးအလှမ်းဝေးလာပါပြီ။ စစ်ပွဲတွေဘယ်တော့မှ ရပ်ဆဲသွားမှာမဟုတ်ပါဘူး။ တန်းတူညီမျှမှုကို ဖော်ဆောင်နိုင်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိလာမှသာလျှင် ငြိမ်းချမ်းရေးဆိုတာ အလိုအလျောက် နောက်က လိုက်ပါလာမှာဖြစ်ပါတယ်။ ဒီအခြေအနေမျိုးတွေ ရောက်လာတဲ့အခါမှာ ဒို့တာဝန်အရေးသုံးပါးဆိုတာလည်း သတိပေးစရာတောင်မလိုပဲ ပျော်စရာကောင်းတဲ့ ပြည်ထောင်စု ကြီးကို တိုင်းရင်းသားအားလုံးက အပျက်စီးမခံဘဲ အသက်ပေးကာကွယ်သွားကြမှာ ဖြစ်ပါကြောင်း ကော်မတီရဲ့အစီရင်ခံစာကို ထောက်ခံအကြံပြုရင်း ဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးလုံဂျုံဆန်မိုင်ကို ဆွေးနွေးရန် ဖိတ်ခေါ်ဖြစ်ပါတယ်။

**ဦးလုံဂျုံဆန်မိုင်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လေ့လာသူများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဆွမ်မရာဘွမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလုံဂျုံဆန်မိုင် ဖြစ်ပါတယ်။ တိုင်းရင်းသားရေးရာနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာကို အပြုသဘောပါဝင်ဆွေးနွေးမှာဖြစ်ပါတယ်။ အစီရင်ခံစာရဲ့ ကော်မတီ၏တာဝန်များ ခေါင်းစဉ်အောက်မှာ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်း ဆွေးနွေးခြင်း၊ ပူးပေါင်းအကောင်အထည်ဖော်ခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်ဟု ဆိုထားတာတွေ့ရပါတယ်။ ဤအချက်ကို အခြေပြုပြီး ဆွေးနွေးမှာဖြစ်ပါတယ်။ ကော်မတီ၏တာဝန်ခံခြင်းအဖြစ် နှစ်ပိုင်းရှိနေတာကို တွေ့ရ ပါတယ်။ ဥပဒေပြုရေးမှာ လေ့လာတွေ့ရှိချက်များကို လွှတ်တော်သို့ တင်ပြဖို့အပါအဝင် တည်ဆဲ ဥပဒေများအရ တိုင်းရင်းသားအခွင့်အရေးနဲ့ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် အစိုးရကို ထောက်ပြအကြံပြုထိန်းကျောင်းခြင်းလုပ်ငန်းနှင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များတွင် လွှတ်တော်၏အခန်းကဏ္ဍအပိုင်းမှာနေပြီး တာဝန်တွေကို ဆောင်ရွက်စရာတွေကို အကောင် အထည်ဖော်လုပ်ဆောင်ခြင်းတို့ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင် ရေးကို အဓိကဆွေးနွေးမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းဟာ တစ်တိုင်းပြည်လုံးရှိ ပြည်သူတွေ စိတ်ပူနေတဲ့ လိုလားမျှော်လင့်တောင့်တနေတဲ့ လက်ရှိတိုင်းပြည်ရဲ့ အရေးကြီးဆုံးကိစ္စတွေထဲက တစ်ခုဖြစ်ပါတယ်။ နှစ်ပေါင်း ၇၀ ကျော်ကြာခဲ့တဲ့ ကျွန်တော်တို့တိုင်းပြည်ရဲ့ ပြည်တွင်းစစ်ရပ်လက္ခဏာ ဟာ အရင်တုန်းကလို တစ်ပြည်လုံးလက္ခဏာမဆောင်တော့ဘဲ လူနည်းစုတိုင်းရင်းသားတွေနေတဲ့ ပြည်နယ်ဒေသတွေမှာ အဓိကအားဖြင့် တည်ရှိနေတဲ့ လက်နက်ကိုင်ပဋိပက္ခဖြစ်ပါတယ်။ အခြေခံနိုင်ငံ ကြီးရဲ့ အကြောင်းအချက်အရ ပြည်တွင်းပြဿနာဖြစ်ပါတယ်။ ညီနောင်တိုင်းရင်းသားအချင်းချင်း ပြဿနာ၊ မိသားစုပြဿနာဖြစ်ပါတယ်။ ဒီကိစ္စကို နိုင်ငံတော်အစိုးရအနေဖြင့် NCA လမ်းကြောင်းက နေပြီး ဖြေရှင်းဖို့၊ အဖြေကောင်းရရှိဖို့ ပို့ဆောင်အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ ရှေ့ခရီး ဆက်နေဆဲလည်းဖြစ်ပါတယ်။ ကော်မတီရဲ့အစီရင်ခံစာအရ ဒီလုပ်ငန်းဖြစ်စဉ်ဟာ ကျွန်တော်တို့ လွှတ်တော်ရဲ့အခန်းကဏ္ဍပိုင်းအရ ပိုမိုထိရောက်အောင် ဘယ်လိုလုပ်ဆောင်မလဲဆိုတာကို အဖြေရှာ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်အပါအဝင် ဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်ဟာ ပြည်သူတွေကို ကိုယ်စားပြုတဲ့နေရာမှာ အပီဆုံးနဲ့ဂုဏ်အင်္ဂါ အပြည့်အစုံဆုံး Institution ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ကော်မတီ ရဲ့ အမြင်သဘောထားနဲ့ လုပ်ဆောင်ချက်တွေဟာ အရေးပါပြီး ထိရောက်မှုရှိနိုင်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားရေးရာနဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအနေဖြင့် လွှတ်တော်ဥက္ကဋ္ဌရဲ့ လမ်းညွှန်မှုကိုခံယူပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ သက်ဆိုင်ပတ်သက်နေတဲ့ သက်ဆိုင်ရာ

အဖွဲ့အစည်းများနဲ့ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ လက်တွေ့မြေပြင်မှာဖြစ်နေတဲ့ အခြေအနေအဖြစ်အပျက်များနဲ့ပတ်သက်၍ စဉ်ဆက်မပြတ်ကွင်းဆင်းလေ့လာခြင်းများပြုလုပ်ပြီး ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့တင်ပြသင့်တယ်လို့ ကော်မတီရဲ့တာဝန်နဲ့သဘောထားမှာ ဖော်ပြထားတဲ့အတိုင်း ထောက်ခံအကြံပြုလိုပါတယ်။

ဒုတိယအပိုင်းအနေဖြင့် အကြံပြုလိုတာကတော့ ကော်မတီရဲ့အစီရင်ခံစာအရ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေတွေနဲ့ပတ်သက်၍ ပိုမိုထိရောက်စေမည့်နည်းဥပဒေအမြန်ဆုံး အတည်ပြုသင့်ဖို့ ပေါ်လာရန်လိုအပ်ကြောင်း သုံးသပ်အကြံပြုထားတာတွေ့ရပါတယ်။ ဤအချက်ကို အပြည့်အဝထောက်ခံကြောင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်အောက်မှ အတတ်နိုင်ဆုံးပါဝင်အကြံပြု ဝိုင်းရံပေးမည်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီမှ ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးခွန်မောင်သောင်း(ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့အစီရင်ခံစာကို ဆွေးနွေးပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်လေးဦးနဲ့ ပတ်သက်ပြီးတော့မှ ဒီတိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ငြိမ်းချမ်းရေးကိစ္စနဲ့ပတ်သက်ပြီးတော့မှ အောင်မြင်မှုပိုရရှိဖို့နဲ့ တိုင်းရင်းသားရေးရာနဲ့ပတ်သက်ပြီးတော့မှ ပိုမိုဆောင်ရွက်နိုင်ဖို့ကို မေတ္တာစိတ်ထားပြီးတော့ စေတနာနှင့်နွေးထွေးစွာ ဆွေးနွေးပေးကြတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအနေနဲ့ အထူးပဲကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။

ဥက္ကဋ္ဌကြီးကို ကျွန်တော့်အနေနဲ့ ကြိုတင်ပန်ကြားလိုတာက ကျွန်တော်တို့ပြန်လည်ဆွေးနွေးရမယ့်အပိုင်းနဲ့ပတ်သက်ပြီးတော့မှ ဆွေးနွေးထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ဆွေးနွေးချက်တွေဟာ အရှိကိုအရှိအတိုင်းဆွေးနွေးထားတာတွေ့တဲ့အပြင် သဘောတရားနှင့်ဆွေးနွေးထားတဲ့အချက်အလက်တွေလည်း ကျွန်တော့်အနေနဲ့ သုံးသပ်မိတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ပြန်လည်ဆွေးနွေးတဲ့အချိန်မှာ အချိန်များမလုံလောက်လို့ရှိရင် အနည်းအကျဉ်းကျွန်တော့်အနေနဲ့ ပြန်လည်ခွင့်ပြုပေးနိုင်ဖို့အတွက် ကျွန်တော်အနေနဲ့ ကြိုတင်မေတ္တာရပ်ခံပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ တိုင်းရင်းသားရေးရာ နှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့အစီရင်ခံစာကို ဆွေးနွေးတဲ့နေရာမှာ ကျွန်တော်နှစ်ပိုင်းတွေ့ရတာဖြစ်ပါတယ်။ ပထမပိုင်းနဲ့ပတ်သက်ပြီးတော့မှ တိုင်းရင်းသားနဲ့ပတ်သက်တဲ့ အရေးအရာကိစ္စရပ်တွေကို ဆွေးနွေးတာဖြစ်ပြီးတော့မှ ဒုတိယအပိုင်းမှာတော့ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ ဆွေးနွေးချက်ကို ကျွန်တော်နှစ်မျိုးတွေ့ကြုံရတာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ကျွန်တော်အနေနဲ့ပြန်လည်ဆွေးနွေးမယ့်အပိုင်းနဲ့ပတ်သက်ပြီးတော့မှ၊ တိုင်းရင်းသားရေးရာကိစ္စနဲ့ပတ်သက်ပြီးမှ ကျွန်တော်ပြန်လည်ဆွေးနွေးတင်ပြဖို့ရှိတာဖြစ်ပါ

တယ်။ ပထမဆုံးဖြစ်တဲ့ ဆွေးနွေးတဲ့လွှတ်တော်ကိုယ်စားလှယ်များထဲမှ တိုင်းရင်းသား ၁၃၅ မျိုးရဲ့ကိစ္စကို တောင်သားလူမျိုးများမပါဝင်တဲ့ကိစ္စနဲ့ပတ်သက်ပြီးမှ ဆွေးနွေးတင်ပြထားတာ။ ဒါ ၁၃၅ မျိုးမှာ ဒီထဲ ဒီစာရင်းဇယားဝင်ဖို့အတွက်ကို ဦးတည်ဆွေးနွေးတယ်ဆိုတဲ့အပေါ်ကိုတော့ ကျွန်တော့်အနေနဲ့ ပြန်လည်ဆွေးနွေးမှာဖြစ်ပါတယ်။ ဒီနေရာမှာဟုတ်ပါတယ်။ ကျွန်တော်တို့လေ့လာတွေ့ရှိချက်အရ ဆိုရင်တော့ ကျွန်တော်တို့တိုင်းရင်းသား ၁၃၅ မျိုးထဲမှာ ကချင်လူမျိုးက ၁၂ မျိုး၊ ကယားလူမျိုးက ၉ မျိုး၊ ကရင်လူမျိုးက ၁၁ မျိုး၊ ချင်းလူမျိုးက ၅၄ မျိုး၊ ဗမာလူမျိုးက ၉ မျိုး၊ မွန်လူမျိုးက ၁ မျိုး၊ ရခိုင်လူမျိုးက ၇ မျိုး၊ ရှမ်းလူမျိုးက ၃၃ မျိုး ကျွန်တော်တို့လေ့လာသိရှိရပါတယ်။ အားလုံးစုစုပေါင်း ၁၃၅ မျိုးထဲမှာကတော့ ဒီတောင်သားလူမျိုး မပါဘူး။ စာသားတော့ ကျွန်တော်တို့မတွေ့ခဲ့ရပါဘူး။ သို့သော်လည်းပဲ ဒီ တောင်သားလူမျိုးဆိုတဲ့နေရာမှာတော့ ယောနယ်နဲ့ဆောနယ်မှာ ဒီ ကျွန်တော်တို့တွေ့ကြုံရတဲ့ ၁၉၃၁ ခုနှစ် ကိုလိုနီခေတ်ကကောက်ခံခဲ့တဲ့ သန်းခေါင်စာရင်း၊ ၁၉၅၃-၁၉၅၄ ခုနှစ်ကပြုစုတဲ့ လူဦးရေစာရင်း၊ ၁၉၆၀ ခုနှစ် ယဉ်ကျေးမှုဝန်ကြီးဌာနသမိုင်းကောင်စီကနေ အကြံပြုထားတဲ့စာရင်း၊ ၁၉၇၂ ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကနေ ညှိနှိုင်းအကြံပြုပေးတဲ့စာရင်း၊ ၁၉၈၃ ခုနှစ်၊ သန်းခေါင်စာရင်းတွင် အသုံးပြုတဲ့ ဒီစာရင်းနဲ့ ၁၉၇၂ ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကနေ ညှိနှိုင်းပေးတဲ့စာရင်းထဲမှာဆိုရင်တော့ တောင်သားလူမျိုးမပါတာကို ကျွန်တော်တွေ့ရတာဖြစ်ပါတယ်။ သို့သော် အဲဒီနေရာဒေသကို ဆောနဲ့ယောကိုဖော်ပြထားတာတွေ့ရမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီနေရာမှာ တခြားစာပေနဲ့ပတ်သက်ပြီးတော့မှရေးထားတဲ့ အကြောင်းအရာကိုလေ့လာကြည့်လိုက်တဲ့ အချိန်မှာဆိုရင်တော့ တိုင်းရင်းသားရဲ့အဘိဓာန်(မောင်ပုဆိုးကြမ်း)ရေးသားတဲ့ထဲမှာတော့ ဗမာလူမျိုး ၁၀ မျိုးထဲမှာ တောင်သားလူမျိုးပါနေတယ်ဆိုတဲ့အပိုင်းကိုတော့ တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် ဘာအကြံပြုချင်သလဲဆိုတော့ ဒီတိုင်းရင်းသား ၁၃၅ မျိုးစတင်ဖြစ်ပေါ်လာတဲ့ အခြေအနေက ၁-၁၀-၂၀၁၁ ခုနှစ်ကနေ ခန့်မှန်းလူဦးရေစာရင်းကိုပြုစုတဲ့နေရာကစပြီးတော့မှ ဒီ ၁၃၅ မျိုးနဲ့မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကနေ ညှိနှိုင်းပေးချက်အရ ၁၃၅ မျိုးပေါ်လာခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့် တောင်သားလူမျိုးများအနေနဲ့ ဒီ ၁၃၅ မျိုးတွင် မပါဝင်ခဲ့သော်လည်း ဘယ်လိုဆောင်ရွက်ကြမယ်ဆိုတဲ့အပိုင်းကိုတော့ ကျွန်တော်တို့ရဲ့အမြင်၊ ကျွန်တော်တို့ကော်မတီရဲ့ယူဆချက်ကတော့ ဒီကနေ့တွက် တိုင်းရင်းသားဟာ တိုင်းရင်းသားအမည်မှန်ကို ပါဝင်တယ်လို့ဆိုရင်တော့ နိုင်ငံတော်အစိုးရအဖွဲ့ကို တင်ပြပေးရမယ့်တာဝန်ဖြစ်ပါတယ်။ အဲဒီနိုင်ငံတော်အစိုးရအနေနဲ့ကတော့ သက်ဆိုင်ရာအဆင့်ဆင့်ဆောင်ရွက်ပြီးတော့မှ ယဉ်ကျေးမှုဌာနနဲ့ သတင်းကောင်စီတွေကို ညှိနှိုင်းပြီးတော့မှ ဘယ်လိုဆက်လက်ဆောင်ရွက်ရမယ်ဆိုတဲ့အပိုင်းကိုတော့ ဖော်ပြရမယ့်အနေအထားမျိုးမှာရှိတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ဒီအချက်ကိုထည့်သွင်းတင်ပြခြင်းပဲဖြစ်ပါတယ်။

နောက်တစ်ချက်နဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့တိုင်းရင်းသားကိစ္စနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းကိစ္စရပ်တွေကို ဆက်လက်ပြီးတော့မှ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ တိုင်းရင်းသားနဲ့ပတ်သက်ပြီးတော့မှ တိုင်းရင်းသားတွေရဲ့ အဲဒီလိုအထူးလိုအပ်နေတဲ့ စာပေ၊ ယဉ်ကျေးမှုအနုပညာနဲ့ပတ်သက်ပြီးတော့မှ ဒါတွေကိုကလည်းပဲ ဆောင်ရွက်နိုင်ဖို့အပိုင်းကိုတော့ ကျွန်တော်တို့ကော်မတီအနေနဲ့ သက်ဆိုင်ရာဘက်ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့တယ်

ဆိုတာလည်းပဲ တိုင်းရင်းသား ၃၁ မျိုးမှာလည်း ကျွန်တော်တို့စာအုပ်တွေထုတ်ဝေပြီးတော့မှ မနှစ်တုန်းက ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၃၁ မျိုးပုံနှိပ်ပြီးတော့မှ ၂၀၁၇-၂၀၁၈ ခုနှစ်မှာကတော့ ၅၁ မျိုး ပုံနှိပ်ထားပြီးတော့မှ။

**ဥက္ကဋ္ဌ**။ ။ အကျဉ်းချုံးပြီးတော့မှ တင်ပြပါ။

**ဦးခွန်မောင်သောင်း(ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ)**။ ။ ဆက်လက်ပြီးတော့မှ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးကိစ္စနဲ့ပတ်သက်ပြီးတော့မှ ဆက်လက်ဆွေးနွေးမှာဖြစ်ပါတယ်။ ဆိုတော့ ဒီငြိမ်းချမ်းရေးကိစ္စနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ တင်ပြဆွေးနွေးတဲ့အပိုင်းမှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အကျဉ်းချုံးပြီးပြန်လည်ဆွေးနွေးချင်တာက မြန်မာမှုနယ်ပယ်မှာ မေတ္တာဟာ အသွားအပြန်ရှိပေမဲ့ အလျားအနံမရှိဘူးလို့ဆိုကြတာဖြစ်ပါတယ်။ ဒါကို ကျွန်တော်ဘာကိုဆိုလိုချင်လဲဆိုတော့ ငြိမ်းချမ်းရေးကိစ္စနဲ့ပတ်သက်ပြီးမှဆွေးနွေးတဲ့နေရာမှာ သုံးပွင့်ဆိုင်ကို စားပွဲပေါ်တွင်မေတ္တာတရားနဲ့ထိုင်ပြီးတော့မှ အပြန်အလှန်အကြိတ်အနယ်ဆွေးနွေး ကြတယ်ဆိုတာလည်း သဘောသဘာဝပါ။ ဒါကြောင့် ငြိမ်းချမ်းရေးကိစ္စနဲ့ပတ်သက်တဲ့ဟာမှာက နောက်ဆုတ်တာရှိမယ်၊ ရှေ့တိုးတာရှိမယ်။ ဒါ ဖြစ်တတ်တဲ့သဘောသဘာဝဖြစ်တဲ့အတွက်ကြောင့် နောက်ဆုတ်တဲ့အချိန်မှာက ဆောင်ရွက်မှုတွေအားနည်းမှုဖြစ်သလို၊ ရှေ့တိုးတဲ့အချိန်မှာလည်း ဆောင်ရွက်မှုက ပေါ်လွင်နေတဲ့အနေအထားမျိုးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီကျွန်တော်တို့ ကော်မတီရဲ့ ပေးအပ်တဲ့တာဝန်ဝတ္တရားဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့မှ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်၍ ဖိတ်ခေါ်ဆွေးနွေးခြင်း၊ တွေ့ဆုံဆွေးနွေးခြင်း၊ နောက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းစတဲ့နည်းလမ်းများဖြင့် ဆောင်ရွက်ဖို့ဆိုတဲ့ဟာနဲ့ပတ်သက်ပြီးတော့မှတာဝန်လုပ်ပိုင်ခွင့် တွေရှိပါတယ်။ ဒီတာဝန်လုပ်ပိုင်ခွင့်တွေအရ ကျွန်တော်တို့တိုင်းရင်းသားရေးရာ ကော်မတီအနေနဲ့ ဆောင်ရွက်နိုင်တဲ့အနေအထားမျိုးဖြစ်ပါတယ်ဆိုတဲ့အကြောင်းကိုတော့ ကျွန်တော့်အနေနဲ့တင်ပြခြင်းပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ ကျွန်တော်တို့ကော်မတီကို အခုလို ဆက်လက်ပြီးတော့မှ ပိုမို ဆောင်ရွက်နိုင်ဖို့အတွက်နဲ့ ပိုပြီးတော့မှအားစိုက်ဖို့ဆိုတဲ့အတိုင်း တင်ပြအကြံပြုချက်အားလုံးကို တိုင်းရင်းသားရေးရာကဏ္ဍမှာရော၊ ငြိမ်းချမ်းရေးကဏ္ဍမှာပါ ကျွန်တော်တို့ကော်မတီအနေနဲ့ အထူး တလည်ကြိုးစားဆောင်ရွက်ပါမယ်ဆိုတဲ့အကြောင်းနဲ့ပြန်လည်ဆွေးနွေးရင်းနဲ့ ကျွန်တော်အဆုံးသတ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကော်မတီက လွှတ်တော်ကို တင်သွင်း သွားတဲ့အစီရင်ခံစာအပေါ်မှာ ဆွေးနွေးသွားတဲ့ကိုယ်စားလှယ်လေးဦးဟာဆိုလို့ရှိရင် မှန်ကန်တဲ့အမြင်၊ မှန်ကန်တဲ့စေတနာနဲ့ အပြုသဘောမျိုးဝေဖန်ထောက်ပြပြီးဆွေးနွေးသွားတာကို တွေ့ရှိရပါတယ်။ ကော်မတီမှလည်း ထောက်ပြသွားတဲ့အားနည်းချက်များကို ဖြည့်ဆည်းဆောင်ရွက်သွားမယ်လို့လည်း ပြောကြားသွားပါတယ်။ အမှန်မှာတော့ ဒီကော်မတီရဲ့လုပ်ငန်းဆိုတဲ့နေရာမှာ မိမိတို့လွှတ်တော် ကိုယ်စားလှယ်များအားလုံးက ဝိုင်းဝန်းပါဝင်ပြီးမှ ကြိုးစားဆောင်ရွက်သွားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

**မူကြမ်း**

နိုင်ငံတော်အစိုးရကဦးဆောင်ကျင်းပနေတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ လွှတ်တော်ကကိုယ်စားလှယ် ၇၅ ဦး အစုအဖွဲ့အသီးသီးမှာပါဝင်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းလည်း အသိပေး ပြောကြားလိုပါတယ်။

## ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းလှသိန်း(အဖွဲ့ဝင်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီ ၏တာဝန်ပေးချက်အရ ကော်မတီအဖွဲ့ဝင်ဖြစ်သော ချမ်းမြသာစည်မဲဆန္ဒနယ်က ကျွန်တော်ဒေါက်တာ စိုင်းလှသိန်းကနေ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ သို့ပါ၍ ပြည်သူ့လွှတ်တော် တိုင်းရင်း သားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ၏အစီရင်ခံစာကို ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၉၁ အရ သဘောတူလက်ခံပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါ့မယ်။ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၂၀၁၈ ခုနှစ်၊ လောင်းကစား ဥပဒေကြမ်းကိုလက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့်လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့

ထားသော ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်းကို ၃၀-၁၁-၂၀၁၈ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ဆွေးနွေးလိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၁၉-၁၂-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှစတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး(၁၁)ရက်မြောက်နေ့ ၇-၁၂-၂၀၁၈ ရက်နေ့တွင် လွှတ်တော်သို့ လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်တို့ကို တိကျစွာရေးသားဖော်ပြ၍ ၁၁-၁၂-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ ပညာရေးဝန်ကြီးဌာနက ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က တင်သွင်းသည့် ကမ္ဘာ့အမွေအနှစ်၊ အာရှအမွေအနှစ် အသိအမှတ်ပြုခံသဘာဝထိန်းသိမ်းရေးနယ်မြေများအပါအဝင် နိုင်ငံတစ်ဝန်း သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များအား ဒေသခံပြည်သူတို့၏ အခွင့်အရေးထိခိုက်မှုအနည်းဆုံးဖြင့် ပိုမိုအင်အားဖြည့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်စေရန်အတွက် သက်ဆိုင်ရာသစ်တောဦးစီးဌာန၏ ဝန်းကျင်/သားငှက်ဌာနခွဲအား ဦးစီးဌာနကြီးတစ်ရပ်အဖြစ် မြှင့်တင်တိုးချဲ့လျက် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲကာ အနာဂတ်မြန်မာတိုင်းရင်းသားသားသမီးမြေးမြစ်တို့ အကျိုးအတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန်လည်းကောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအား ဝိုင်းဝန်းကူညီ ထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ သဘာဝအလှအပအရင်းအမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲ စေရန်အတွက်လည်းကောင်း၊ ဂေဟခရီးသွားစနစ်တိုးတက်စေရန်အတွက်လည်းကောင်း၊ စီမံချက်များချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ပဉ္စမနေ့(၂၀-၁၁-၂၀၁၈ ရက်နေ့)တွင် တင်သွင်းသွားတဲ့ ကမ္ဘာ့အမွေအနှစ်၊ အာရှအမွေအနှစ် အသိအမှတ်ပြုခံသဘာဝထိန်းသိမ်းရေးနယ်မြေများအပါအဝင် နိုင်ငံတစ်ဝန်း သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ကမ္ဘာ့ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များအား ဒေသခံပြည်သူတို့၏အခွင့်အရေးထိခိုက်မှုအနည်းဆုံးဖြင့် ပိုမိုအင်အားဖြည့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်စေရန်အတွက် သက်ဆိုင်ရာသစ်တောဦးစီးဌာန၏ ဝန်းကျင်/သားငှက်ဌာနခွဲအား ဦးစီးဌာနကြီးတစ်ရပ်အဖြစ် မြှင့်တင်တိုးချဲ့လျက် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲကာ အနာဂတ်မြန်မာတိုင်းရင်းသား သားသမီးမြေးမြစ်တို့ အကျိုးအတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန်လည်းကောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအား ဝိုင်းဝန်းကူညီ ထိန်းသိမ်းနိုင်ရန်အတွက်လည်းကောင်း၊ သဘာဝအလှအပအရင်းအမြစ်များကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက်လည်းကောင်း၊ ဂေဟခရီးသွားစနစ် တိုးတက်စေရန်အတွက်လည်းကောင်း၊ စီမံချက်များချမှတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ အင်းလေးဒေသ၊ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ဖြစ်ပါတယ်။ အဆိုရှင်က ကမ္ဘာကြီးအတွက်၊ အနာဂတ် သားသမီးမြေးမြစ်တွေအတွက် သစ်တောတွေ၊ သဘာဝအရင်းအမြစ်တွေ၊ တောရိုင်းတိရစ္ဆာန်တွေကို အမွေအဖြစ်ထားခဲ့ချင်တဲ့ရည်ရွယ်ချက်နဲ့ ဒီအဆိုတင်သွင်းခြင်း ဖြစ်ပါတယ်။ ထို့အတူပဲ ပြည်သူနှင့် အတူ သဘာဝပတ်ဝန်းကျင်ကို လက်တွဲထိန်းသိမ်းစောင့်ရှောက်ဖို့၊ အသိပညာတွေပေးဖို့ ဌာနခွဲအဆင့် ကနေ ဌာနကြီးဖြစ်အောင် အဆိုတင်သွင်းထားတာ ဖြစ်ပါတယ်။ ဒီဌာနဟာ တချို့ဒေသတွေမှာ မရှိပါ ဘူး။ သဘာဝတောရိုင်းတိရစ္ဆာန်တွေရှိတဲ့ဒေသတွေမှာသာ ရှိတာပါ။ အထူးသဖြင့် ကျွန်တော်တို့လို တိုင်းရင်းသားဒေသတွေမှာ ဒီဌာနတွေ ရှိပါတယ်။ လူအများဆန္ဒနဲ့၊ ဒီမိုကရေစီနည်းနဲ့ သဘာဝ ပတ်ဝန်းကျင်သစ်တောတွေ ထိန်းပါတယ်။ ထို့အတူပဲ ရှိတဲ့ဥပဒေတွေနဲ့၊ အာဏာစက်နဲ့ ထိန်းပါတယ်။ ဒါပေမဲ့ ပိုမိုထိရောက်တာကတော့ ဆရာတော်၊ သံဃာတော်တွေရဲ့ဓမ္မစက်နဲ့ သစ်တောတွေ၊ ရေထွက် တွေ ထိန်းတယ်။ ဌာနေတိုင်းရင်းသားတွေ၊ ဒေသခံများရဲ့ရိုးရာဓလေ့ထုံးတမ်းအရ ထိန်းသိမ်း စောင့်ရှောက်တာတွေ အဲဒါတွေဟာ အရမ်းထိရောက်ပါတယ်။ ကျွန်တော်တို့အင်းလေးဒေသဟာဆိုရင် အဆိုရှင်တင်ပြခဲ့သလို ကမ္ဘာ့အမွေအနှစ်၊ အာဆီယံအမွေအနှစ်၊ Ramsar Site ရေဝပ်ဒေသထိန်းသိမ်း ရေးနယ်မြေ၊ အာရှ-ဩစတြေးလျှ‌ငှက်ပျံသန်းဇုန်ထဲမှာရှိတဲ့အတွက် ဂုဏ်ယူရပါတယ်။ အမွေရတဲ့ ရွှေလက်ကောက်တစ်ခုလို ခံစားရပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

ဒါကတော့ ဒေသခံပြည်သူတွေနဲ့၊ ဆရာတော်တွေနဲ့ ထိန်းထားတဲ့ သစ်တောတွေ၊ တောတောင် တွေ၊ ကျွန်းမျောတွေ၊ ကန်ရေပြင်တွေ ဖြစ်ပါတယ်။ ဒါကတော့ ရေပေါ်စိုက်ခင်းလို့ပြောတဲ့ ကျွန်းမျော စိုက်ခင်းပါ။ အဲဒီ ကျွန်းမျောစိုက်ခင်းတချို့နေရာတွေဟာ သစ်တောနယ်မြေတွေ၊ သဘာဝနယ်မြေတွေ ကို ကျူးကျော်ထားတာပါ။ တချို့လည်း လုပ်စရာမရှိလို့၊ ဆင်းရဲလို့ ချဲ့မိသလို၊ တချို့ကလည်း စီးပွား ဖြစ် ကျူးကျော်ထားတာပါ။ နောက်မကြာမီမှာ ကျွန်တော်တို့အင်းလေးကန်ကြီးဟာ ကျွန်းမျောတွေနဲ့ ပြည့်ပြီး ဘုရားသွားတဲ့လမ်းကြောင်းလေးသာ ကျန်တော့မှာပါ။ ကံကောင်းစွာ ကျွန်တော်တို့ဒေသဟာ ထေကြီးဝါကြီးဝိနည်းနဲ့နေတဲ့ ဆရာတော်ဘုရားတွေက ဒီသစ်တောတွေ၊ ရေထွက်တွေကို ထိန်းသိမ်း ထားတာပါ။ အဆိုရှင်ပြောခဲ့သလိုပဲ ဒေသခံပြည်သူတို့ရဲ့အခွင့်အရေးထိခိုက်မှု အနည်းဆုံးလို့ ပြောပေမဲ့ အခုတကယ့်လက်တွေ့ဖြစ်နေတာကတော့ ကျွန်တော်တို့အင်းသားတွေအတွက် တကယ့် အကျဉ်းအကျပ်ပါ။ ကျူးကျော်ဘဝ ရောက်နေရပါတယ်။ အိမ်တွေ၊ ဆိုင်တွေဆောက်ပြီးမှ တရားစွဲခံရ တာ။ တရားစွဲခံရမှ သဘာဝနယ်မြေထဲ ရောက်နေတာ။ သစ်တောနယ်မြေထဲ ရောက်နေတာပါ။ အဲဒီ အတွက်ကြောင့် ဘယ်ဟာတွေဟာ သဘာဝနယ်မြေ၊ ဘယ်ဟာတွေက သစ်တောနယ်မြေ၊ ဘယ်ဟာ တွေက မြေလွတ်၊ မြေရိုင်းလို့ ပြည်သူတွေကို ချပြဖို့ လိုအပ်နေပါတယ်။ နောက်တစ်ချက်က အမှိုက်စုပုံ ကွင်းတွေ၊ အမှိုက်ကျင်းတွေအတွက် နေရာမရှိပါဘူး။ သစ်တောကြိုးဝိုင်းအတွင်းမှာရှိတဲ့ သစ်ပင်မရှိတဲ့ ကျောက်တောင်ဆင်ခြေလျှောတွေမှာ အမှိုက်စုပုံကွင်း တောင်းပေမဲ့လည်း သစ်တောပယ်ဖျက်ဖို့ ပြည်ထောင်စုဝန်ကြီးဌာနကနေတစ်ဆင့် ပြည်ထောင်စုအစိုးရက ဆုံးဖြတ်မှရမယ်ဆိုတဲ့အခက်အခဲတွေ လည်း ရှိပါတယ်။ နောက်တစ်ခါ ထေကြီးဝါကြီးဆရာတော်ကြီးများဟာ တောရဆောက်တည်တဲ့အခါမှာ သူတို့ရဲ့ဒေသလေးတွေကို၊ ကျောင်းကျဉ်းလေးကို သာသနာ့နယ်မြေအဖြစ် အသိအမှတ်ပြုစေချင်ပါတယ်။ ဥပဒေအရလည်း အခွန်လွတ်သာသနာ့နယ်မြေဆိုတဲ့ဥစ္စာရှိပါတယ်။ ဒါပေမဲ့ အခု ဒီဥပဒေတွေအရ

ဒါယိကာတွေဖွဲ့စည်းပြီး CF လို့ခေါ်တဲ့ အစုအဖွဲ့ပိုင်သစ်တောလျှောက်ပြီးတော့ သစ်တောအနေနဲ့ ထားစေချင်ပါတယ်။ ဆရာတော်တွေက မုသာ၀ါဒကံကျူးလွန်အောင် တွန်းပို့သလိုဖြစ်နေတဲ့အတွက် စိတ်နှလုံးညှိုးနွမ်းနေရပါတယ်။ လွန်ခဲ့တဲ့နှစ်နှစ်ကတည်းက ကျောင်းများကို ပုံစံ(၁၀၅) ရရှိရေး ဆောင်ရွက်ပါတယ်။ ပညာရေး၀န်ကြီးဌာနကလည်း ပုံစံ(၁၀၅) လျှောက်ထားဆဲဆိုတဲ့အပိုဒ်လေးပါရင် ကို Sanction ချပေးမှာပါ။ ဒါပေမဲ့ ကျွန်တော်တို့ မြေစာရင်းဌာနကိုသွားပါတယ်။ ပုံစံ(၁၀၅) လျှောက်ထားဆဲ။ ဘော်လီဘောပုတ်လွတ်ပါတယ်။ သစ်တောဌာန၊ တခြားဌာနတွေ။ ဒီလျှောက်ထားဆဲ ဆိုတဲ့စာသားလေးပါဖို့တောင်မှ ဌာနပေါင်းစုံက မဆုံးဖြတ်နိုင်ဘဲနဲ့ မြို့နယ်မြေစာရင်း၊ ပြည်ထောင်စု အဆင့် ဆုံးဖြတ်နိုင်တဲ့အဆင့်အထိ ရွှေလက်ကောက်ဘ၀ကနေ ကျဉ်းကြပ်တဲ့လက်ထိပ်ဘ၀ကို ရောက်နေပါတယ်။

အခုဆိုရင် ကျွန်တော်တို့အင်းလေးဒေသဟာ ငါးရှော့တိုက်လို့ ငါးမျိုးတွေတုန်း၊ ဇီ၀မျိုးစိတ်တွေ မရှိတော့ပါဘူး။ အခုဆိုရင် ငှက်တွေတောင်မှ ရှော့တိုက်တဲ့အထိ ဖြစ်နေပါပြီ။ ဒါတွေကို ဘယ်သူတွေ ထိန်းမှာလဲ။ အင်အားနည်းတဲ့ ဌာနဆိုင်ရာတွေပဲလား။ ယခင်က နော်ဝေးက ၁.၄ သန်း ကူညီခဲ့ဖူးပါ တယ်။ လက်ညှိုးထိုးပြစရာ ဘာအကောင်အထည်မှမရှိသလို အင်းလေးကန်ကြီးက ပိုတောင်ပျက်စီး သွားသေးပါတယ်။ အခုဆိုရင် နော်ဝေးတို့၊ ဖင်လန်တို့က ၄ ဘီလီယံ၊ JICA တို့ ကူညီနေတာပါ။ နိုင်ငံခြားက ပညာရှင်ဆိုပြီးတော့ သူတို့လုပ်တာတွေကို ဘယ်သူကထိန်းကျောင်းမှာလဲ။ ဘယ်သူတွေ အိတ်ထဲထည့် တာကို စောင့်ကြည့်မှာလဲ။ ကျွန်တော်တို့အင်းလေးကန်ကို ခေတ်ခွဲခန်းထဲက ဖားသူငယ်လို အင်းလေးပြ ဒေါ်လာသုံးလိုလိုလုပ်နေတာတွေကို ဘယ်သူတွေ ထိန်းကြမှာလဲ။ ပြည်သူတွေကလည်း အနေအထိုင် ကျဉ်းကြပ်၊ ကျွန်တော်တို့မြို့နယ်က ဌာနဆိုင်ရာတွေကလည်း အမုန်းခံ၊ အ၀ေဖန်ခံ ဆောင်ရွက်နေရပါ တယ်။ ဒါကြောင့် တာ၀န်ယူ၊ တာ၀န်ခံမှုမရှိတဲ့၊ ကျဉ်းကြပ်တဲ့လက်ထိပ်ဘ၀ကနေ တာ၀န်ယူမှု၊ တာ၀န်ခံမှုရှိတဲ့ ဂုဏ်ယူစရာလက်ကောက်ဘ၀ကို ဆောင်ရွက်ပေးဖို့ ဒီအဆိုကို ထောက်ခံဆွေးနွေး အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသက်နောင်(လဟယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်ရဲ့အဆိုနဲ့ပတ်သက်ပြီး အပြုသဘောဆောင် အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အဆိုရှင် ရဲ့အဆိုကို လေ့လာကြည့်တဲ့အခါမှာ အချက်ပေါင်းများစွာ ပါ၀င်နေပေမဲ့ အဓိကကျတဲ့ ရည်ရွယ်ချက် သုံးခုကိုသာ တိုက်တွန်းထားကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပထမအချက်ကတော့ ၀န်းကျင်/သားငှက်ဌာနခွဲကို ဦးစီးဌာနကြီးတစ်ရပ်အဖြစ် မြှင့်တင်ပေးဖို့ဖြစ်ပြီး ဒုတိယအချက်ကတော့ နိုင်ငံတော်နှင့် ဒေသခံတွေအကျိုးရှိစေမယ့် သဘာ၀အခြေခံခရီးသွားနယ်မြေအဖြစ် စီမံချက်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့နဲ့ တတိယအချက်ကတော့ သဘာ၀နယ်မြေနှင့် ဇီ၀မျိုးစုံမျိုးကွဲ

များကို ပိုမိုထိရောက်စွာ ထိန်းသိမ်းပေးဖို့စတဲ့ ရည်ရွယ်ချက်ကောင်းတွေနဲ့ တင်သွင်းထားတာ တွေ့ရှိရပါတယ်။ အဆိုရှင်ရဲ့တိုက်တွန်းချက်တွေဟာ လက်ရှိအခြေအနေတွေအရ သင့်လျော်ပြီး လုပ်သင့်လုပ်ထိုက်တဲ့ အချက်တွေဖြစ်နေတာမို့လို့ နိုင်ငံတော်နှင့် ပြည်သူတို့ရဲ့အကျိုးကို မျှော်ကိုးပြီးတော့ ဟူးကောင်းဘေးမဲ့တောကို အခြေခံပြီး အပြုသဘောဆောင် ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ ကမ္ဘာ့လူဦးရေတိုးတက်လာခြင်းနှင့်အတူ ပြန်လည်ဖြစ်ထွန်းနိုင်တဲ့ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲများလည်း သိသိသာသာလျော့နည်းကျဆင်းလာပြီး အစိုးရအနေနဲ့ လိုအပ်တဲ့ဇီဝမျိုးစုံမျိုးကွဲများနဲ့ သဘာဝနယ်မြေရေရှည်တည်တံ့နိုင်ရေးအတွက် ဖော်ပြပါ In Secure Conservation နဲ့ Ex Secure Conservation စတဲ့ သမားရိုးကျနည်းလမ်းနှစ်သွယ်နဲ့ ၁၉၂၀ ခုနှစ်ကတည်းက စတင်ထိန်းသိမ်းလာခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ လာအို၊ ထိုင်းနှင့် အိန္ဒိယနိုင်ငံတွေမှာ အစိုးရ၊ ဒေသခံပြည်သူနဲ့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများ ပူးပေါင်းပြီးတော့ သဘာဝအခြေခံခရီးသွားလုပ်ငန်းစီမံချက်တွေ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပြီး သဘာဝနယ်မြေနှင့်ဇီဝမျိုးစုံမျိုးကွဲများကို ပိုမိုထိရောက်စွာ ထိန်းသိမ်းနေကြကြောင်းနဲ့ ဒေသခံပြည်သူတွေ ဝင်ငွေတိုးပွားလာပြီး သက်ဆိုင်ရာနိုင်ငံရဲ့ GDP လည်း တိုးပွားလာကြောင်း လေ့လာသိရှိရပါတယ်။ ဒါကြောင့်လည်း အဆိုရှင်က ဒေသခံနှင့် နိုင်ငံတော်အတွက် အကျိုးရှိစေမယ့် သဘာဝအခြေခံခရီးသွားလုပ်ငန်းတွေကို စီမံချက်ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ တိုက်တွန်းထားခြင်းပဲ ဖြစ်ပါတယ်။ ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တောကို ၂၀၀၄ ခုနှစ်မှာ တရားဝင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၀ ခုနှစ်မှာတော့ တိုးချဲ့ဖွဲ့စည်းခဲ့ပြီးတော့ ဧရိယာစတုရန်းမိုင်ပေါင်း ၆၇၀၇.၉၇ ရှိကြောင်း သိရှိရပါတယ်။ သို့သော်လည်း UNESCO World Heritage ရဲ့စာမျက်နှာမှာ ဖော်ပြထားတဲ့ တည်ထောင်တဲ့ခုနှစ်တွေနဲ့ အကျယ်အဝန်းတွေကတော့ အနည်းငယ်ကွဲလွဲနေတာကို သတိပြုမိပါတယ်။ ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တောဟာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှာ တည်ရှိပြီး လှပတဲ့ တောင်ကုန်း၊ လျှိုမြောင်၊ သစ်ပင်၊ ပန်းမန်၊ မြစ်ချောင်း၊ အင်းအိုင်နှင့် တောရိုင်းတိရစ္ဆာန်မျိုးစုံ ပေါကြွယ်ဝစွာနေထိုင်ကျက်စားတဲ့ဒေသတစ်ခုပါ။ ကျား၊ ဆင်၊ ကျားသစ်၊ ပြောင်၊ ဆတ်စတဲ့ တောရိုင်းတိရစ္ဆာန်နဲ့ အခြားရှားပါးမျိုးစိတ်တွေကို အဓိကထိန်းသိမ်းဖို့ ရည်ရွယ်ပြီး ဖွဲ့စည်းခဲ့ကြောင်း သိရှိရပါတယ်။ ဒါကတော့ တန်ဖိုးမဖြတ်နိုင်တဲ့ အင်မတန်မှလှပတဲ့ ဟူးကောင်းချိုင့်ဝှမ်းရဲ့အလှအပတွေနဲ့ သဘာဝအမွေအနှစ်တွေပဲ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ဒီလိုလှပပြီး ပြန်လည်ဖြစ်ထွန်းမြဲ သဘာဝသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲတွေကို လျော့နည်းကျဆင်းသွားစေနိုင်တဲ့၊ ပျောက်ကွယ်သွားစေနိုင်တဲ့ ခြိမ်းခြောက်မှုတွေလည်း ရှိနေကြောင်း ၂၀၁၇ ခုနှစ်မှာ ထုတ်ပြန်တဲ့ The Scientific In front မှာ ဖော်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။ အစီရင်ခံစာအရ ဟူးကောင်းဘေးမဲ့တောအတွင်း ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၀ ပြည့်နှစ်တွေမှာ ရွှေအလွန်အကျွံတူးဖော်ခြင်းအပါအဝင် စီးပွားဖြစ် ပုဂ္ဂလိက စိုက်ပျိုးရေးလုပ်ငန်းတွေကြောင့် သစ်တောနှင့် အခြားသဘာဝမျိုးစိတ်များရဲ့ဖုံးလွှမ်းမှုအခြေအနေဟာ သိသိသာသာလျော့နည်းပြောင်းလဲသွားကြောင်း ဖော်ပြထားပါတယ်။ ဒီပုံကတော့ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားပြောင်းလဲလာမှုနှင့် ဂေဟစနစ်အပေါ်မှာ မှီခိုမှုပုံစံပြောင်းလဲလာခြင်း ဖြစ်ပါတယ်။

**မူကြမ်း**

ဖော်ပြပါ Graph အရဆိုရင် ၂၀၀၀ ပြည့်နှစ်အစောပိုင်းထက် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း ဂေဟစနစ်အပေါ် မှီခိုသဟဲပြုမှုဟာ၊ ပျက်စီးမှုတွေဟာ ပိုမိုမြင့်မားလာတာကို တွေ့ရှိရမှာဖြစ်ပြီးတော့ ဒေသခံပြည်သူတွေရဲ့လူမှုစီးပွားအပေါ် သက်ရောက်မှုတွေလည်း ပြောင်းလဲလာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် တရားဝင်ဖွဲ့စည်းစဉ် ဖွဲ့စည်းပြီး နောက်ပိုင်းကာလတွေမှာ သဘာဝနယ်မြေအတွင်း သဘာဝသယံဇာတနှင့်ဇီဝမျိုးစိတ်တွေကို တရားမဝင်ထုတ်ယူသုံးစွဲဖို့၊ လုပ်ဆောင်ဖို့ လက်ယက်ဖိတ်ခေါ်လိုက်သလိုပါပဲ။ ဒါကြောင့် ဟူးကောင်းဘေးမဲ့တောရဲ့အခြေအနေကို လက်တွေ့ကျကျသုံးသပ်ပြီး ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ထိထိရောက်ရောက်ထိန်းသိမ်းစောင့်ရှောက်နိုင်မယ့် ဒေသခံပြည်သူတို့ရဲ့အသက်မွေးဝမ်းကျောင်းစနစ်ကို ပြန်လည်ကုစားနိုင်မယ့် စီမံချက်တွေရေးဆွဲချမှတ်ပြီးတော့ ပြောင်းလဲသင့်တာတွေကို ပြောင်းလဲပြုပြင်ယူပြီး ထိရောက်စွာဖော်ဆောင်ပေးဖို့ အရေးတကြီးလိုအပ်နေပြီဖြစ်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

ကောင်းမွန်မှုတတဲ့မူဝါဒ၊ ဥပဒေတွေရှိနေပေမဲ့ နှစ်ပေါင်းများစွာ ဥပဒေအသက်ဝင်မှုအားနည်းခြင်း၊ ဝန်ထမ်းစီမံအုပ်ချုပ်နိုင်မှုအားနည်းခြင်း၊ နယ်မြေလွှမ်းခြုံနိုင်မှုအားနည်းခြင်းနဲ့ အောက်ခြေမှာလုပ်နည်းလုပ်ဟန်နည်းခြင်း၊ မှားယွင်းခဲ့ခြင်းတွေကြောင့် သဘာဝနယ်မြေနှင့် ဇီဝမျိုးစုံမျိုးကွဲများထိရောက်စွာမထိန်းသိမ်းနိုင်ခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒီ့အပြင်မှာ ဒေသခံပြည်သူတွေမှာတကယ့်ရိုးရာဓလေ့ထုံးတမ်းတွေ၊ လူမှုစီးပွားဘဝတွေကလည်း အတိုင်းအတာတစ်ခုအထိ ဆုံးရှုံးနစ်နာခဲ့ကြရပါတယ်။ နန်းယွန်းမြို့နယ်အတွင်းက ပြည်သူတွေရဲ့ရိုးရာဓလေ့အရ လုပ်ကိုင်စားသောက်ခဲ့ကြတဲ့ရေမြေဧရိယာအချို့ဟာဆိုလို့ရှိရင် ဒေသခံတွေကိုယ်တိုင် မသိလိုက်ရဘဲ၊ ဆွေးနွေးချပြမှုမရှိဘဲဟူးကောင်းဘေးမဲ့တောတိုးချဲ့ဖွဲ့စည်းစဉ်ပါဝင်သွားခဲ့ရလို့ သက်ဆိုင်ရာတာဝန်ရှိသူတွေကို ပြန်လည်စိစစ်ပေးဖို့နဲ့ ရိုးရာအခွင့်အရေးနှင့် လူမှုစီးပွားရေး မနစ်နာရလေအောင် ပြန်လည်ကုစားပေးဖို့တောင်းဆိုနေပေမဲ့ ယနေ့အထိ တစ်စုံတစ်ရာလုပ်ဆောင်ပေးခြင်း မရှိသေးပါဘူး။ ဒီလိုအခြေအနေတွေကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဆောလျင်စွာကွင်းဆင်းဆောင်ရွက်ပေးဖို့ အကြံပြုဆွေးနွေးလိုပါတယ်။ ဒီအပြင် သဘာဝထိန်းသိမ်းရေးနယ်မြေနှင့် ဇီဝမျိုးစုံမျိုးကွဲတွေ ရေရှည်တည်တံ့ရေးကိုအဟန့်အတားဖြစ်စေတဲ့၊ ခြိမ်းခြောက်နေတဲ့ တရားမဝင်လုပ်ငန်းတွေ လုပ်ဆောင်မှုတွေကိုလည်းသက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဆက်စပ်အဖွဲ့အစည်းများ၊ ဒေသခံများနှင့် ပူးပေါင်းပြီး ထိရောက်စွာတားဆီးကာကွယ်ပေးဖို့လည်း အလေးအနက်အကြံပြုဆွေးနွေးလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ဆွေးနွေးလိုတာကတော့ ဟူးကောင်းချိုင့်ဝှမ်းဘေးမဲ့တောအတွက် ခွင့်ပြုဝန်ထမ်းအင်အားနဲ့ တာဝန်ယူထိန်းသိမ်းရမယ့် ဧရိယာအကျယ်အဝန်းကို ကြည့်ရှုခြင်းအားဖြင့် ထိရောက်နိုင်မှုရှိ/မရှိ၊ ဖြစ်နိုင်ချေရှိ/မရှိ၊ လွှမ်းခြုံစီမံအုပ်ချုပ်နိုင်မှုရှိ/မရှိ စတဲ့အချက်တွေကို သုံးသပ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြုပြင်သင့်တာတွေကို ရဲရဲဝံ့ဝံ့၊ လက်တွေ့ကျကျ ပြုပြင်နိုင်မှသာ သဘာဝထိန်းသိမ်းရေးနယ်မြေနှင့် ဇီဝမျိုးစုံမျိုးကွဲတွေကို ဥပဒေနှင့်အညီ ထိရောက်စွာ ထိန်းသိမ်းကာကွယ်လာနိုင်ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းက ခြိမ်းခြောက်မှုတွေကိုလည်း အချိန်မီတားဆီးနိုင်

မှာဖြစ်ပါကြောင်း ဆွေးနွေးရင်း အဆိုရှင်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လည်စာသုံးဆောင်နိုင်ရန်အတွက် အစည်းအဝေးကို တစ်နာရီခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့် ခေတ္တခဏရပ်နားပါသည်။]

**အချိန်၊ ၁၄း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၁၄ ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က ဦးအေးနိုင်တင်သွင်းထားတဲ့အဆိုနှင့်ပတ်သက်ပြီးတော့မှ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ကတော့ ဝန်းကျင်သားငှက်ဌာနခွဲကို ဌာနကြီးအဖြစ်နဲ့ တိုးမြှင့်ပေးဖို့ကို အဓိကဦးတည်ပြီးတော့မှ ဆွေးနွေးသွားတာကို တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အဆိုရှင်တင်ပြတဲ့အထဲမှာပါတဲ့ သားငှက်တွေကို ထိန်းသိမ်းပေးဖို့နဲ့ တော၊ တောင်၊ ရေ၊ မြေတွေကို ထိန်းသိမ်းပေးဖို့အဆိုကို အဓိကအားဖြင့် လုပ်ငန်းစဉ်၊ ရည်ရွယ်ချက်ကို အဓိကဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ ကျွန်တော့် ကောလင်းမြို့နယ်အကြောင်းလေးကို ပြောပြပါရစေ။ ကောလင်းမြို့နယ်ဟာဆိုလို့ရှိရင် ကျွန်တော်တို့ငယ်ငယ်ကဆိုလို့ရှိရင် တော၊ တောင်၊ ရေ၊ မြေ ပေါများပြီးတော့မှ သား၊ ငှက်တိရစ္ဆာန်တွေ အရမ်းပေါများပါတယ်။ ကျွန်တော်တို့ ကောလင်းမြို့ရဲ့ မြို့ပြင်ကိုထွက်လိုက်မယ်ဆိုလို့ရှိရင် ဂျီဟောက်သံလေးတွေကို ညနေပိုင်းဆိုလို့ရှိရင် ကျွန်တော်တို့ ကြားနေရပါတယ်။ ပြီးတဲ့အခါကျတော့ တော၊ တောင်၊ ရေ၊ မြေထူထပ်တဲ့အတွက်ကြောင့်မို့လို့လည်းပဲ ကျွန်တော်တို့ ကောလင်းမြို့ဟာ အရင်တုန်းကဆိုလို့ရှိရင် မြူနှင်းတွေကျပါတယ်။ မြူနှင်းတွေကျလို့လည်းပဲ စာရေးဆရာ ဆရာနွမ်ဂျာသိုင်းက အခုတော့လည်း နှင်းတွေ ဝေနေဆဲပါပဲဆိုတဲ့

ဝတ္ထုကြီးကို ကျွန်တော်တို့ ကောလင်းမြို့နယ်ကို နောက်ခံထားပြီးတော့ ရေးသွားပါတယ်။ ဒါပေမဲ့ အခုအချိန်မှာဆိုလို့ရှိရင် ညနေပိုင်းတွေမှာ ဂျီဟောက်သံလည်း မကြားရတော့ပါဘူး။ မြူနှင်းတွေလည်း မမြင်ရတော့တာ တော်တော်ကြာပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒီ ပထမပုံဟာဆိုလို့ရှိရင် ကျွန်တော်တို့ ကောလင်းမြို့နယ်နဲ့ ကန့်ဘလူမြို့နယ် နှစ်မြို့နယ်ပိုင်ဆိုင်တဲ့ ချပ်သင်းဘေးမဲ့ကြိုးဝိုင်းဖြစ်ပါတယ်။ ချပ်သင်းဘေးမဲ့ကြိုးဝိုင်းဟာ ကန့်ဘလူမှာတည်ရှိတယ်ဆို ပြီးတော့မှ အများအားဖြင့် သိကြပေမဲ့ ချပ်သင်းကြိုးဝိုင်းကြီးရဲ့အလယ်ကောင်တည့်တည့်ကနေမှ ကျွန်တော်တို့ နှစ်မြို့နယ်ရဲ့ နယ်စပ်စည်းမျဉ်းက သွားပြီးတော့မှ ကျွန်တော်တို့ဘက်က တစ်ခြမ်း၊ ကန့်ဘလူဘက်ကတစ်ခြမ်း တည်ရှိတာဖြစ်ပါတယ်။ ချပ်သင်းဘေးမဲ့တောဟာဆိုလို့ရှိရင် ရွှေသမင် တို့ရဲ့ မူလဌာနေ နေရာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၁၉၄၁ ခုနှစ်မှာစတင်ပြီးတော့မှ ကြိုးဝိုင်းအဖြစ်နဲ့ သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ စတုရန်းမိုင်ပေါင်း ၁၀၀ ကျော်ရှိပါတယ်။ အဲဒီချပ်သင်းကြိုးဝိုင်းထဲမှာပဲ ကျေးအင်းဆိုတဲ့ အင်းကြီးတစ်ခုရှိပါတယ်။ ဆောင်းခိုငှက်တို့ အများကြီးပဲ အရင်တုန်းဆိုလို့ရှိရင် ကျပါတယ်။ အခုကတော့ သိပ်မကျတော့ပါဘူး။ ရွှေသမင်လေးတွေ ရေသောက်ဆင်းတဲ့နေရာဖြစ်ပါ တယ်။ ကျွန်တော်တို့ ရွေးကောက်ခံပြီးတော့မှ သိပ်မကြာခင် ပထမနှစ်အတွင်း ၂၀၁၆ ခုနှစ်တည်းမှာပဲ တိုင်းဒေသကြီးဝန်ကြီးချုပ်ရယ်၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တွေရယ်၊ သက်ဆိုင်ရာဌာန အကြီးအကဲတွေရယ်၊ ချပ်သင်းဘေးမဲ့တောထဲကိုသွားကြပါတယ်။ သွားပြီးတော့မှ နယ်မြေဒေသ အခြေအနေတွေကို လေ့လာကြပါတယ်။ လေ့လာကြတဲ့အခါမှာ ကျွန်တော်တို့မမျှော်မှန်းခဲ့တဲ့ ရင်ထိပ်ဖွယ်သတင်းတစ်ခုကို ကြားခဲ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတဲ့အခါကျတော့ ချပ်သင်းဘေးမဲ့တော ထဲမှာ ရွှေသမင်ဟာ အဲဒီအချိန်မှာဆိုလို့ရှိရင် အကောင်ရေ ၃၀၀ ကျော်ပဲကျန်ပါတော့တယ်။ ဒီတောရိုင်းတိရစ္ဆာန်လေးတွေဟာ အကောင်ရေ ၄၀၀ အောက်ရောက်ပြီဆိုလို့ရှိရင် ဒါဟာ မျိုးသုဉ်း ပျောက်ကွယ်မယ့်အန္တရာယ်ရှိနေပြီလို့ သုတေသနပညာရှင်တွေက ဒါ ဆိုထားပါတယ်။ အဲဒီတော့ ၃၀၀ ကျော်ပဲရှိနေတယ်ဆိုတော့ တော်တော်စိုးရိမ်ရတဲ့အခြေအနေဖြစ်ပါတယ်။ ဖြစ်တဲ့အခါကျတော့ ကျွန်တော်တို့တွေ ဆက်ပြီးတော့မှ အစည်းအဝေးထိုင်ကြပါတယ်။ အစည်းအဝေးထိုင်ပြီးတော့မှ ကျွန်တော်တို့အားလုံးရဲ့ တင်ပြချက်၊ အဆင့်မြင့်အရာရှိတွေရဲ့ တင်ပြချက်၊ ဒေသဆိုင်ရာဝန်ထမ်းတွေရဲ့ တင်ပြချက်တွေကိုမူတည်ပြီးတော့မှ ဝန်ကြီးချုပ်က မူဝါဒသုံးချက်ချပါတယ်။ (၁)ကတော့ ဘေးပတ်ဝန်းကျင်က ဆိုင်တွေအကုန်လုံး တောကောင်သားမရောင်းရဆိုတဲ့ ဆိုင်းဘုတ်ကပ်ရမယ်။ တကယ်လို့ရောင်းမယ်ဆိုလို့ရှိရင် သတင်းပို့ပြီးတော့မှ အရေးယူမယ်ဆိုတဲ့ မူဝါဒတစ်ချက်။ ဒုတိယ တစ်ချက်ကကျတော့ ကျွန်တော်တို့ဒေသမှာရှိနေတဲ့ တူမီးသေနတ်တွေ၊ အမဲလိုက်တဲ့တူမီးသေနတ်တွေ အကုန်လုံးအပ်ရမယ်။ မအပ်လို့ရှိရင် အရေးယူမယ်ဆိုတဲ့မူဝါဒတစ်ချက်။ တတိယတစ်ချက်ကကျတော့ သမင်တွေကို သားဖောက်တဲ့စနစ်သုံးပြီးတော့မှ တောထဲပြန်လွှတ်မယ်။ သမင်ကိုပိုပြီးတော့မှ တိုးပွားအောင် လက်ရှိ တောထဲကသမင်ကိုလည်းထိန်းမယ်။ နောက်ထပ်လည်းပဲ သားဖောက်တဲ့စနစ်နဲ့ လည်းလုပ်မယ်ဆိုပြီးတော့မှ မူဝါဒသုံးချက်ကို ချမှတ်ကြပါတယ်။ ချမှတ်ပြီးတော့မှ ဆောင်ရွက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတဲ့အခါကျတော့ သမင်က တစ်နှစ်ကို သုံးသားမွေးပါတယ်။ သုံးသား မွေးတဲ့အခါကျ

တော့ သုံး၊ လေးနှစ်လောက်သာ သမင်ပစ်တာကို ရပ်ခိုင်းပြီးတော့မှ တကယ်လည်းမွေးမြူလိုက်မယ်ဆိုလို့ရှိရင် အကောင်ရေများစွာတိုးပွားနိုင်မှာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ကနေမှ ထိန်းလိုက်တာ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်ကျတော့ အကောင်ရေတိုးပွားလာတယ်ဆိုတာတော့ သတင်းရပါတယ်။ ဒါပေမဲ့လည်းပဲ အကောင်ရေဘယ်လောက်ရတယ်ဆိုတာ ကျွန်တော်တို့မသိပါဘူး။

နောက်တစ်ခုက ဘာလဲဆိုတော့ ကောလင်းနဲ့ ကန့်ဘလူရဲ့နယ်စပ်မှာပါပဲ။ ကန့်ဘလူနယ်ထဲမှာ ဘောကြိုးဝိုင်းဆိုတာရှိပါတယ်။ ဘောကြိုးဝိုင်းဆိုလို့ရှိရင် ကျွန်တော်တို့ငယ်ငယ်တုန်းကဆိုလို့ရှိရင် ဘောကြိုးဝိုင်းထဲမှာ တောဆင်အကောင် ၆၀ လောက်ရှိပါတယ်။ ကားလမ်းမကြီးနဲ့ ဧရာဝတီမြစ်ကမ်းကြားမှာနေတာဖြစ်ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ အကောင်ဘယ်လောက်ရှိသလဲဆိုတာ မသိတော့ပါဘူး။ တော်တော်နည်းသွားပြီလို့တော့ ကျွန်တော်တို့ ကြားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စားကျက်မြေ ရှားပါးမှုပြဿနာတက်လာလို့ပါ။ အဓိက ကျွန်တော် ဒါတွေ ဘာလို့တင်ပြရသလဲဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံမှာရှိနေတဲ့ တောရိုင်းတိရစ္ဆာန်လေးတွေရဲ့ အန္တရာယ်ဟာ၊ သူတို့မှာ ကြုံနေရတဲ့ အန္တရာယ်ဟာ နေ့စဉ်နဲ့အမျှဖြစ်ပြီးတော့မှ မျိုးသုဉ်းပျောက်ကွယ်သွားမယ့်အန္တရာယ်ဟာ နှစ်စဉ်နဲ့အမျှ ကြုံနေရတယ်။ နေ့စဉ်နဲ့အမျှ ကြုံနေရတယ်။ သက်ဆိုင်ရာဝန်ကြီးချုပ်တွေ၊ သက်ဆိုင်ရာဒေသအာဏာပိုင်တွေက ကြိုးစားသော်လည်းပဲ တကယ်အောင်မြင်မှုမရပါဘူး။ ဘာဖြစ်လို့လဲဆိုတဲ့အခါကျတော့ အလုပ်ရမယ့်လုပ်ငန်းစဉ်က အရမ်းများလို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအနေနဲ့ မူဝါဒတစ်ရပ်ကို သေချာချမှတ်ပြီးတော့မှ တကယ်ကိုပဲ စောင့်ရှောက်ရမယ့်၊ ကာကွယ်ရမယ့်တောရိုင်းတိရစ္ဆာန်လေးတွေကို ကာကွယ်ပေးဖို့ရာအတွက်ကို အဆိုရှင်တင်ပြသလို စီမံချက်တွေချဖို့ ကျွန်တော်တို့က ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ အဲဒီလိုပဲ ဒီလိုကူညီတဲ့နေရာမှာလည်းပဲ ဒေသခံတွေရဲ့ အခွင့်အရေးတွေမဆုံးရှုံးရအောင်ကိုလည်းပဲ ကျွန်တော်တို့ ဂရုပြုမိဖို့ လိုအပ်တာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင် (ခ) ဦးနိုင်ငံကျော် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော်(မိုးကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုးကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်(ခ)ဦးနိုင်ငံကျော် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် တင်သွင်းတဲ့အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ လက်ရှိတည်ထောင်ထားတဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၂ ခုရှိပြီးမှ နိုင်ငံဧရိယာရဲ့ ၅.၇၉ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရပါတယ်။ ဒါအပြင် ထပ်မံတိုးချဲ့ဖွင့်လှစ်ဖို့ ရည်ရွယ်ထားတဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၉ ခုရှိပြီး ပါရီသဘောတူညီချက်အရ နိုင်ငံဧရိယာရဲ့ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ဖို့ရည်မှန်းထားတယ်လို့ သိရပါတယ်။ ကျွန်တော်တို့မိုးကုတ်မြို့နယ်ဟာဆိုရင် သဘာဝထိန်းသိမ်းရေးနယ်မြေများစွာရှိတဲ့ထဲကမှ ရွှေဥဒေါင်းတိရစ္ဆာန်ဘေးမဲ့တောဧရိယာထဲမှာ ပါဝင်နေပါ

တယ်။ ဒီရွှေဥဒေါင်း တိရစ္ဆာန်ဘေးမဲ့တောကို ၁၉၂၇ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ဧရိယာ ၃၂၆ စတုရန်းကီလိုမီတာရှိတယ်လို့ သိရပါတယ်။ ဒီဘေးမဲ့တောကြီးထဲမှာ မန္တလေးတိုင်းဒေသကြီးထဲက မိုးကုတ်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)က မိုးမိတ်မြို့နယ်တို့ရဲ့ အစိတ်အပိုင်းတွေ ဆက်စပ်ပါဝင်နေပါတယ်။ ဒီတောကြီးဟာ အမြဲစိမ်းတောနှင့် ရွက်ကြွေတော ပေါင်းစပ်နေတဲ့တောဖြစ်ပြီး ဆင်နဲ့ အခြားတောရိုင်းတိရစ္ဆာန်များ ကျက်စားရာသဘာဝတောကြီး ဖြစ်ပါတယ်။ အဖိုးတန်ကျွန်းသစ်တွေ၊ တခြားသစ်၊ ဝါးနဲ့ အပါအဝင် ဇီဝမျိုးစုံမျိုးကွဲများစွာရှိတဲ့တောကြီး ဖြစ်ပါတယ်။ အထူးသဖြင့် ဆင်ရိုင်းများထိန်းသိမ်းရာနယ်မြေအဖြစ် သတ်မှတ်ထားပါတယ်။ မြန်မာနိုင်ငံမှာ တောဆင်ရိုင်းကောင်ရေ ၅၀၀၀ ခန့်ရှိတယ်လို့ ခန့်မှန်းထားပါတယ်။ ဒါပေမဲ့လည်း ဆင်သတ်မုဆိုးတွေနဲ့ အခြားအကြောင်းများကြောင့် ခုနစ်ရက်တစ်ပတ်မှာ ဆင်တစ်ကောင်နှုန်းသေဆုံးမှု ရှိတယ်လို့ မှတ်တမ်းများက ဆိုထားပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံကဆင်တွေ မျိုးသုဉ်းပျောက်ကွယ် မသွားရအောင် ဆင်ထိန်းသိမ်းရေးနယ်မြေတွေ တရားဝင်သတ်မှတ်ပြီး ကြိုးစားထိန်းသိမ်းနေပါတယ်။ သဘာဝနယ်မြေများဖြစ်တဲ့ ရွှေဥဒေါင်း၊ မျောက်ဇာမဏီ၊ ဟူးကောင်းချိုင့်ဝှမ်း၊ အင်းတော်ကြီး၊ ထမံသီ၊ အလောင်းတော်ကဿပ၊ ရခိုင်ရိုးမ စတဲ့ဒေသတွေမှာ ဆင်များကို ထိန်းသိမ်းထားလျက်ရှိကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပခရီးသွားများ အပန်းဖြေလေ့လာနိုင်ရန်အတွက် ဆင်စခန်း ၁၈ ခုဖွင့်ပြီး ဆင်အကောင်ရေ ၂၀၀ ကျော်နဲ့ ဖွင့်လှစ်ထားပေးတယ်လို့ သိရပါတယ်။ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနကလည်း ဆင်ရိုင်းများ ကျက်စားပျံ့နှံ့ရာနေရာအနှံ့ပျံ့နှံ့တည်ရှိနေမှုကို အထူးလေ့လာမှတ်တမ်းတင်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဆင်များအပြင် အခြားတောရိုင်းတိရစ္ဆာန်များနှင့် ဇီဝမျိုးစုံမျိုးကွဲများကို လည်း တစ်ပါတည်း ထိန်းသိမ်းနေကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့တတွေ ဒီလိုသဘာဝနယ်မြေ တွေနဲ့တောရိုင်းသားငှက်တိရစ္ဆာန်တွေကို ထိန်းသိမ်းဖို့ ပိုမိုလုပ်ဆောင်လာတဲ့အခါမှာ သတ်မှတ်ထားပြီး ဖြစ်တဲ့ သဘာဝနယ်မြေအတွင်းနဲ့ ထပ်မံတိုးချဲ့သတ်မှတ်မယ့်သဘာဝနယ်မြေအတွင်းမှာ နေထိုင်နေကြ တဲ့ ဌာနေတိုင်းရင်းသားများနဲ့ ဒေသခံများရဲ့ဓလေ့ထုံးစံများကိုလည်း အလေးအနက်ထားစဉ်းစားပေးဖို့ လိုအပ်ပါတယ်။ ဒေသခံများရဲ့အကျိုးစီးပွားနဲ့စားဝတ်နေရေးကိုလည်း မထိခိုက်မိအောင် ဆောင်ရွက် ပေးရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝတောတွေသတ်မှတ်ပြီး တောရိုင်းတိရစ္ဆာန်နဲ့ ဇီဝမျိုးစုံမျိုးကွဲတွေကို ကြိုးစားထိန်းသိမ်းနေပေမဲ့လည်း လူဦးရေတိုးတက်များပြားလာခြင်း၊ လယ်ယာမြေများတိုးချဲ့လာခြင်း၊ ရွှေ့ပြောင်းတောင်ယာနဲ့ သစ်အလွန်အကျွံခုတ်ယူခြင်း၊ ရှားပါးအပင်နဲ့ တိရစ္ဆာန်များကို စီးပွားဖြစ် ထုတ်ယူဖမ်းဆီးရောင်းဝယ်မှုများ များပြားလာတာကြောင့် သဘာဝနယ်မြေနဲ့ ဇီဝမျိုးစုံမျိုးကွဲများ တဖြည်းဖြည်းလျော့နည်းပျောက်ကွယ်လာပါတယ်။ ဒီလိုကျယ်ပြောများပြားလှတဲ့ သဘာဝထိန်းသိမ်း ရေးနယ်မြေ ၄၂ ခုအတွင်းမှာရှိတဲ့ တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲတွေကို ထိန်းသိမ်းနိုင်ဖို့နဲ့ ရေရှည်တည်တံ့နိုင်ဖို့အတွက် သစ်တောဦးစီးဌာနအောက်မှာ သဘာဝပတ်ဝန်းကျင်နှင့်သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနခွဲတစ်ခုအဖြစ် ဖွဲ့စည်းထိန်းသိမ်းနေရတယ်ဆိုတာ သိရပါတယ်။ ဒီဌာနမှာ

အရာထမ်း ၃၂ ဦး၊ အမှုထမ်း ၅၆၈ ဦးစုစုပေါင်း ၆၀၀ ဦးနဲ့သာ ထိန်းသိမ်းနေရတာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒီလောက်ကျယ်ပြောလှတဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေတွေကို လူ ၆၀၀ ထဲနဲ့ ကာကွယ်စောင့်ရှောက်ဖို့ဆိုတာ ဘယ်လိုမှမလွယ်ကူပါဘူး။ ဒါ့အတွက်ကြောင့်လည်း အဆိုရှင်က သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဦးစီးဌာနအသစ်တစ်ခုအဖြစ် တိုးချဲ့ဖွင့်လှစ်ပြီး ဝန်ထမ်းဦးရေတိုးချဲ့ခန့်ထားကာ ပိုမိုထိန်းသိမ်းစေလိုတဲ့ရည်ရွယ်ချက်နဲ့ ဒီအဆိုကို တင်သွင်းခဲ့ကြောင်း လေ့လာသုံးသပ်မိပါတယ်။ အထက်ပါရည်ရွယ်ချက်ဟာဆိုရင် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်နေတဲ့အချက်ဖြစ်တဲ့အတွက် ဦးစီးဌာနအသစ်တစ်ခုအဖြစ် တိုးမြှင့်သတ်မှတ်ရန်နှင့် ရန်ပုံငွေပိုမိုခွင့်ပြုကာ ထိန်းသိမ်းသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်းနဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမင်းနောင်(ပင်လည်ဘူးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လယ်ဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်တင်သွင်းတဲ့ အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယခုကျွန်တော်ဆွေးနွေးမည့်အပိုင်းကတော့ သဘာဝနယ်မြေနှင့်သစ်တောတို့ကို ပိုမိုထိရောက်စွာထိန်းသိမ်းနိုင်ရေးအတွက် သစ်တောဦးစီးဌာနကို အရည်အသွေးပြည့်ဝသော ဝန်ထမ်းများတိုးချဲ့ခန့်ထားရေးနှင့် သစ်တောဦးစီးဌာနလက်အောက်ရှိ ဝန်းကျင်သားငှက်ထိန်းသိမ်းရေးဌာနခွဲကို ဦးစီးဌာနကြီးတစ်ခုအဖြစ် မြှင့်တင်တိုးချဲ့ရေးအပိုင်းတို့ကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ သယံဇာတပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်ပါတယ်။ သဘာဝကမျက်နှာသာပေးတယ်လို့ ယူဆရမယ်ဆိုရင် ယူဆလို့ရတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါပေမဲ့ တကယ့်အရှိတရားမှာတော့ သဘာဝမျက်နှာသာပေးသော၊ ပေါကြွယ်ဝသော သယံဇာတတွေကို တိုင်းပြည်နှင့်ပြည်သူအကျိုးစီးပွား ပိုမိုဖြစ်ထွန်းအောင်၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အသက်သာဆုံးဖြစ်အောင် တာဝန်ရှိသူများက ထိန်းကျောင်းတည့်မတ်နိုင်စွမ်းမရှိသေးတာ အားလုံးအမြင်ပဲ ဖြစ်ပါတယ်။ တိုင်းပြည်က အကျိုးစီးပွားမဖြစ်ဘဲ ဥပဒေချိုးဖောက်သူ သူခိုးတွေပဲ အကျိုးစီးပွားဖြစ်ပြီး ပြည်သူအများစုမှာတော့ မြေပြို၊ ရေကြီး၊ မုန်တိုင်းကြီးများနှင့်သာ သယံဇာတ ထုတ်လုပ်ခြင်းရဲ့ ဆိုးကျိုးကျိန်စာတွေကို အကြိမ်ကြိမ်ခံစားနေရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ သစ်ပင်၊ သစ်တောနှင့် သားငှက်မျိုးစုံ စုံလင်လှပါတယ်။ ဒီသတ္တဝါတွေ မျိုးစိတ်တွေနဲ့အပင်များဟာ လူဦးရေတိုးပွားလာခြင်းနှင့်အတူ လူ့ပရောဂများကြောင့် ပျက်စီးလာပါတယ်။ ဒါကြောင့် ပြည်သူလူထု ပိုမိုပူးပေါင်းရန် သဘာဝပတ်ဝန်းကျင်ကို ပိုမိုလေးစားတန်ဖိုးထားရန် ကျောင်းပညာရေးသင်ခန်းစာများမှာ ထိရောက်သောအသိပညာပေးမှုများအားနည်းခြင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုအားနည်းခြင်းတို့ကြောင့် ယခင်ကထက် တိုးတက်မှုအနည်းငယ်ရှိခဲ့သော်လည်း ဝန်ကြီး

ဌာနအနေဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်စွမ်း အားနည်းနေသေးတာကို မြင်တွေ့ရပါတယ်။ သဘာဝလောကကြီးဟာ ဟန်ချက်ညီညီ အချိတ်အဆက်ကောင်းမွန်စွာနဲ့ ဂေဟစနစ်ကြီးတစ်ခုကို ဖြစ်တည်ခဲ့တာ ဖြစ်ပါတယ်။ အားလုံးဟာ လိုအပ်လို့တည်ရှိခဲ့တာဖြစ်ပါတယ်။ ဘယ်မျိုးစိတ်မှ ပျောက်ကွယ်သွားလို့မရပါဘူး။ ဒါကြောင့် အဆင်ပြေသလို၊ တော်သလို ထိန်းသိမ်းနေလို့လည်း မရပါဘူး။ လူသားနှင့်ဇီဝဝန်းနယ်မြေအတွက် အမှန်တကယ် ထိန်းသိမ်းနယ်မြေတွေ၊ ကြားကနယ်မြေတွေ၊ ဖွံ့ဖြိုးရေးဇုန်နယ်မြေတွေ၊ သုတေသနလုပ်ငန်းတွေ၊ ဘက်ပေါင်းစုံကအားထည့်ပြီးစနစ်တကျ လုပ်ကြပါမယ်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မည်ကာမတ္တ ဟန်ပြမဟုတ်ဘဲ စနစ်တကျချိတ်ဆက်ပြီးအောင်မြင်အောင်ကြိုးစားအားထုတ်ကြရပါမယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ဥပမာအနေနဲ့ အင်းတော်ကြီးဒေသမှာရှိတဲ့ ရှားပါးငှက်မျိုးစိတ်ဖြစ်တဲ့ ရေကြက်၊ ငုံး၊ ဝိုင်းငှက်နှင့် အခြားဆောင်းခိုငယ်များ၊ ကျား၊ အာရှဆင်၊ မြန်မာ့နှာလန်မျောက်မျိုးစိတ်၊ မြင်းကျား၊ ကြံ့သူတော်၊ ရွှေရောင်သမင်၊ မျက်ခုံးဖြူငှက်ပြာခြောက်၊ မြန်မာ့ကြယ်လိပ်စတဲ့ သတ္တဝါတွေဟာ မြန်မာနိုင်ငံမှာရှိပြီး ကမ္ဘာလုံးဆိုင်ရာ မျိုးတုန်းမှုအန္တရာယ်နှင့် ရင်ဆိုင်နေကြရပါတယ်။ ဒါတွေဟာ မျိုးသုဉ်းပျောက်ကွယ်တော့မည့် မြန်မာ့အလှသဘာဝ တန်ဖိုးတွေပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုအနေနဲ့ကတော့ဝန်နှင့်အား လေးနှင့်မြားဆိုသလို ချထားတဲ့ဘတ်ဂျက်နှင့် ဝန်ထမ်းအင်အားကလည်း ချမှတ်တဲ့မူဝါဒအောင်မြင်ဖို့အတွက် အရေးကြီးလှပါတယ်။ လွှတ်တော်ထဲမှာမေးတဲ့ မေးခွန်းများကို သယံဇာတဝန်ကြီးကလာရောက်ရှင်းလင်းတဲ့အခါမှာ သစ်တောဝန်ထမ်းတစ်ဦးကို သစ်တောမြေဧက ရှစ်ထောင်ခန့် တာဝန်ပေးစေခိုင်းနေရတယ်လို့ ပြောဆိုပါတယ်။ တကယ်တော့ ကျွန်တော်တို့မြို့နယ်မှာ သစ်တောမြေဧရိယာဧက ရှစ်သိန်းလောက်ရှိပြီး တကယ်တမ်းတာဝန်ထမ်းဆောင်နေတာတော့ ၁၆ ဦးရှိပါတယ်။ အဲဒီတော့ တစ်ဦးကို ဧကငါးသောင်းလောက် ထမ်းဆောင်နေတဲ့အတွက် ဒီကိန်းဂဏန်းဟာ ဝန်ထမ်းတစ်ယောက်အတွက် မကြားဝံ့မနာသာကိန်းဂဏန်းတစ်ခုဖြစ်ပါတယ်။ ငါကိုယ်တိုင်ကလည်း ဒီတာဝန်ကိုကျေပွန်အောင်ထမ်းဆောင်မယ်ဆိုတဲ့ ကိုယ်ချင်းစာနာစိတ်နဲ့စဉ်းစားမယ်ဆိုရင်တောင် ငါလည်း မဖြစ်နိုင်ဘူးလို့ စာနာနားလည်မိပါတယ်။ စားဝတ်နေရေးကမပြေလည် တာဝန်ပေးတဲ့မြေက ကျယ်လွန်းတော့တာဝန်ယူထိန်းသိမ်းဖို့ထားအပ်တာနဲ့မတူဘဲ နယ်ပယ်အပိုင်စားပေးအပ်ပြီး လုပ်စားစေတာနဲ့အတူတူပါပဲ။ နယ်စပ်ဒေသအချို့မြို့များမှာဆိုရင် ဝန်ထမ်းတစ်ဦးမှတောင် ချထားတာဝန်မပေးနိုင်ပါဘူး။ ဒါတွေကို တိုင်းပြည်တိုးတက်အဆင်ပြေမှ အင်အားပြည့်စုံအောင်ခန့်ထားမယ်ဆိုရင်တော့ မြန်မာ့သားရိုင်း၊ သစ်တွေက ကျန်ရှိတော့မှာမဟုတ်ပါဘူး။ မိုးလွန်မှထွန်ချသလိုဖြစ်နေမှာပါ။ ဒါကြောင့် သဘာဝပတ်ဝန်းကျင်နဲ့သားရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာနခွဲကို ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိတဲ့ဦးစီးဌာနကြီးတစ်ခုအဖြစ် တိုးချဲ့ဖွဲ့စည်းထောက်ပံ့ပေးဖို့ အရေးတကြီးလိုအပ်နေပါတယ်။ ဒါမှသာနိုင်ငံတော်ကချမှတ်တဲ့ သစ်ပင်သစ်တော၊ သဘာဝပတ်ဝန်းကျင်နဲ့ သားငှက်ဇီဝမျိုးစုံထိန်းသိမ်းရေးမူဝါဒရည်မှန်းချက်တွေကို လိုက်နာဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဥပဒေစည်းမျဉ်းစည်းကမ်း၊

ကတိကဝတ်တွေကို စာအုပ်ထဲမှာသာထားရှိပြီး ပြည်သူလူထုနှင့်အစိုးရကမလိုက်နာဘူးဆိုရင် မင်းမဲ့တိုင်းပြည်နဲ့မခြားလှပါဘူး။ တာဝန်ထိန်းသိမ်းတဲ့ဌာနက အင်အားကောင်းပြီး ဥပဒေကိုလေးစားရမှာဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ရင် မုဆိုးက သားကောင်၊ သားကောင်က မုဆိုးဆိုသလို တာဝန်ရှိဝန်ထမ်းကအားနည်းနေတဲ့အတွက်အသက်တွေဆုံးရှုံးခဲ့ကြပါတယ်။ ဥပဒေချိုးဖောက်တဲ့မှောင်ခိုကုန်သည်တွေကိုဝန်ထမ်းတွေကပြန်ကြောက်နေရပြီး မထူးဇာတ်ခင်းပေါင်းစားသွားနိုင်ပါတယ်။ ထို့အတူ ဝန်ထမ်းများကလည်း ပြည်သူလူထုအသက်မွေးစီးပွားရှာကြတဲ့အခါ ဥပဒေနဲ့အညီ ထိန်းကျောင်းကြပ်မတ်ကူညီဖို့လိုအပ်ပါတယ်။ ဌာနဆိုင်ရာတော်တော်များများရဲ့ဖြစ်ပျက်နေတဲ့အနေအထားကတော့ ဥပဒေဘောင်အတွင်းနေထိုင်ချင်သူတွေ၊ ဥပဒေစည်းကမ်းနှင့်အညီ အသက်မွေးနေသူတွေကို စိတ်မပျက်အောင်၊ စိတ်မပျက်ပျက်အောင်၊ မခက်ခက်အောင်၊ မကြာကြာအောင် ဆောင်ရွက်နေသလားလို့မြင်မိပါတယ်။ ပေါင်းစားပေးစားရင် ဘာသံမှမထွက်ပါဘူး။ ရှိသမျှကုန်မှသိလိုက်ရတာဖြစ်ပါတယ်။ ဒီအခြေအနေအနေအထားတွေကို ပြုပြင်ပေးဖို့လိုအပ်လှပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါအချက်များကို ဆွေးနွေးတင်ပြရင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ဦးဝင်းနိုင်တင်သွင်းတဲ့ သဘာဝနယ်မြေနှင့်သစ်တောတို့ကို ပိုမိုထိရောက်စွာ ထိန်းသိမ်းနိုင်ရေးအတွက် သစ်တောဦးစီးဌာနကို အရည်အသွေးပြည့်ဝသောဝန်ထမ်းအင်အားတိုးချဲ့ခန့်ထားရေးနှင့် သစ်တောဦးစီးဌာနလက်အောက်ရှိ ဝန်းကျင်သားငှက်ထိန်းသိမ်းရေးဦးစီးဌာနခွဲကို ဦးစီးဌာနကြီးတစ်ခုအဖြစ် မြှင့်တင်ပေးနိုင်ဖို့အတွက် ဒီအဆိုကိုလေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်အောင်လွင်(စေတုတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ စေတုတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်ပါ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာပါ။ ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့က လကမ္ဘာလေ့လာရေးလုပ်နေတဲ့ Apollo Ship မှ အာကာသယာဉ်မှူးတစ်ဦး၊ လရဲ့မိုးကုတ်စက်ဝိုင်းမှ ကမ္ဘာကြီးထွက်ပြူလာတဲ့ အာကာသထဲမှာ အထီးကျန်လွင့်မျှောနေတဲ့ ကမ္ဘာရဲ့ရင်သပ်ရှုမောဖွယ်ရှုခင်းကို ဓာတ်ပုံရိုက်ပေးပို့ခဲ့ပါတယ်။ အဲဒီရှုခင်းကိုမြင်ရတဲ့ မနုဿဗေဒပညာရှင်မာဂရက်နိစ်က ဒီကမ္ဘာဟာ ဘယ်လောက်ငယ်သလဲ။ ဘယ်လောက်အကူအညီမဲ့နေသလဲ။ ဒီကမ္ဘာဟာကျွန်မတို့ရဲ့ လက်မောင်းတွေကြားထဲမှာ တယုတယ ထွေးပိုက်ထားဖို့ကောင်းတဲ့အရာလို့ မှတ်ချက်ပြုခဲ့ဖူးပါတယ်။ ဒီနေ့ကမ္ဘာမြေဟာ ဘေးတွေ၊ ရန်တွေ၊ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေပါတယ်။ အတိုင်းအဆမဲ့ထုတ်လွှတ်လိုက်တဲ့ စက်ရုံအလုပ်ရုံတွေကမီးခိုးငွေ့တွေ၊ လောဘတကြီးခုတ်လှဲခံရလို့ပြုန်းတီးသွားတဲ့သစ်တောတွေ၊ ရေနံရုပ်ကြွင်းလောင်စာ အလွန်အကျွံသုံးစွဲမှုတွေ၊ မိမိမှီတည်ရာသဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးနေမှုတွေ၊ အပြိုင်အဆိုင်ထုတ်လုပ်လာတဲ့ ဈေးကလီးယားလက်နက်တွေ၊ အိုဇုန်းလွှာပေါက်မှုနှင့်အတူ အပူချိန်လွန်ကဲတာ၊ ရာသီဥတုဖောက်ပြန်တာ၊ ပင်လယ်ရေ

မျက်နှာပြင်မြင့်တက်လာတာ၊ သဘာဝဘေးအန္တရာယ်တွေကြုံလာတာ၊ ရောဂါဘယဆိုးတွေ ကြုံလာတာစသဖြင့် ကမ္ဘာကြီးအတွက် ခေါင်းလောင်းထိုးသံတွေ ကြားနေရပါပြီ။ ဒီအချက်ပေးခေါင်းလောင်းသံတွေကို သတိမူပြီးတော့ အချိန်မီကာကွယ်တားဆီးကြရပါမယ်။ ကျွန်တော်တို့ကမ္ဘာ၊ ကျွန်တော်တို့ ပတ်ဝန်းကျင်ကို ကယ်တင်ကြရပါမယ်။ ကမ္ဘာဦးက မျိုးသုဉ်းပျောက်ကွယ်သွားတဲ့ ဒိုင်နိုဆောသတ္တဝါတွေဟာ ကျွန်တော်တို့အတွက် သင်ခန်းစာပါ။ ကျွန်တော်တို့နိုင်ငံဟာ အာရှနှင့်ပစိဖိတ်ဒေသအတွင်းမှာ ဇီဝမျိုးစုံ အကြွယ်ဝဆုံးပါ။ ဇီဝမျိုးစုံမျိုးကွဲတွေဟာ သက်ရှိများကိုထောက်ပံ့ပေးတဲ့ အဓိကအစိတ်အပိုင်းဖြစ်ပြီးတော့ အခြေခံလိုအပ်ချက်များပံ့ပိုးပေးကာ ရာသီဥတုကို တည်ငြိမ်မျှတအောင် ထိန်းညှိပေးပါတယ်။ ဂေဟစနစ်ကိုလည်း ထိန်းညှိပေးပါတယ်။ ဂေဟစနစ်ဆိုတာ ကမ္ဘာကြီးရဲ့ ပတ်ဝန်းကျင်အတွင်း သက်ရှိနဲ့သက်မဲ့အချင်းချင်းချိတ်ဆက်ကာ အပြန်အလှန်အကျိုးပြုတဲ့စနစ်ပါ။ ကျွန်တော်တို့နိုင်ငံဟာ ဟိမဝန္တာရဲ့ အရှေ့ဘက်အစိတ်အပိုင်းဖြစ်တဲ့ အရှေ့တောင်အာရှရဲ့ တစ်ခုတည်းသော ဆီးနှင်းဖုံးလွှမ်းရာ ခါကာဘိုရာဇီအမျိုးသားဉယျာဉ်၊ ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွေ၊ ရခိုင်ရိုးမ၊ ပဲခူးရိုးမ၊ ရှမ်းရိုးမနဲ့ နတ်မတောင်အမျိုးသားဉယာဉ်၊ အလောင်းတော်ကဿပအမျိုးသားဉယာဉ်စတဲ့ တောတောင်ဂေဟစနစ်တွေ၊ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်စတဲ့ ရေချိုမြစ်ချောင်းတွေနဲ့ မိုးယွန်းကြီးရမ်ဆာဒေသ၊ အင်းတော်ကြီး၊ အင်းလေးလို ဇီဝအဝန်းနယ်မြေစတဲ့ ဆောင်းခိုငှက်တွေပျော်စံတဲ့ ရေချိုဂေဟစနစ်တွေ၊ ကီလိုမီတာ ၂၈၃၁ ရှည်လျားတဲ့ ကမ်းရိုးတန်းနဲ့သန္တာကျောက်တန်းတွေပေါ်များလှတဲ့ ကျွန်းပေါင်း ၈၀၀ ကျော်ရှိတဲ့ မြိတ်ကျွန်းစုနဲ့ ပုလဲကျွန်းလို၊ မိန်းမလှကျွန်းလို၊ လန်ပိကျွန်းလို အဏ္ဏဝါဂေဟစနစ်တွေ၊ ဧရာဝတီ၊ ရခိုင်၊ တနင်္သာရီဒီရေတောတွေ၊ ရွှံ့နယ်မြေတွေနဲ့ ဆောင်းခိုငှက်တွေအတွက် အရေးပါလှတဲ့ မုတ္တမကွေ့လို ရေငန်ဂေဟစနစ်တွေ စတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ ပေါကြွယ်လှပါတယ်။ အာဆီယံအမွေအနှစ်ဉယျာဉ်တွေအနက်မှာ မြန်မာနိုင်ငံက ခုနစ်ခုနှင့် အများဆုံးပါ။ သဘာဝအမွေအနှစ်များနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေကို ထိန်းသိမ်းဖို့အတွက် သဘာဝနယ်မြေ ၄၂ ခု ထူထောင်ထိန်းသိမ်းလျက်ရှိပါတယ်။ ဒါပေမဲ့ လူဦးရေတိုးတက်များပြားလာတာ၊ လယ်ယာမြေများတိုးချဲ့တာ၊ စက်မှုလုပ်ငန်းတွေချဲ့ထွင်တာ၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်တာ၊ သစ်အလွန်အကျွံထုတ်တာ၊ ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်၊ ချောင်း၊ အင်းအိုင်များမှာ ဓာတုပစ္စည်းများသုံးတာ၊ အဆင့်မြင့်ငါးဖမ်းကိရိယာတွေကို စနစ်တကျသုံးစွဲမှုမပြုတာ၊ ထိန်းချုပ်မှုတွေအားနည်းတာတွေဟာ ဇီဝမျိုးစုံမျိုးကွဲတွေ ပြုန်းတီးပျောက်ကွယ်ခြင်းရဲ့ အကြောင်းအရင်းတွေပါ။ ဇီဝမျိုးစုံမျိုးကွဲတွေကို ထိန်းသိမ်းဖို့အတွက် သဘာဝနယ်မြေများ တည်ထောင်ထိန်းသိမ်းခြင်းဟာ အထိရောက်ဆုံးနည်းလမ်းလို့ဆိုပါတယ်ခင်ဗျား။ အန္တရာယ်ရှိတဲ့ သဘာဝအမွေအနှစ်များနဲ့ သဘာဝမျိုးစုံမျိုးကွဲများထိန်းသိမ်းဖို့ UNESCO၊ ASEAN စတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေသလို ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ Convention၊ မျိုးသုဉ်းရန်အန္တရာယ်ရှိတဲ့ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ Convention ၊ ကမ္ဘာ့အမွေအနှစ် Convention ၊ Ramsar Convention စတဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှာ ပါဝင်လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝအပင်၊ သစ်ခွနဲ့ပရဆေးပင်တွေ၊ တောဆင်ရိုင်း၊ ကျား၊ မြန်မာ့ရွှေသမင်တွေ၊ မိချောင်း၊ ကြယ်လိပ်၊ ငှက်၊ လိပ်ပြာ၊ ကုန်းနေရေနေနဲ့ တွားသွားသတ္တဝါစတဲ့ မျိုးသုဉ်းရန်အန္တရာယ်ရှိနေတဲ့

တောရိုင်းတိရစ္ဆာန်နဲ့ အပင်မျိုးစိတ်များကို သုတေသနပြုခြင်း၊ ထိန်းသိမ်းခြင်းပြုနေသလို အာဆီယံ အမွေအနှစ်ဥယျာဉ်တွေ၊ ရေတိမ်ဒေသထိန်းသိမ်းခြင်းတွေ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းပါဝင်တဲ့ သယံဇာတအရင်းအမြစ်များ စီမံအုပ်ချုပ်ခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝအရင်းအမြစ်များကို မထိခိုက်စေဘဲနဲ့ နိုင်ငံ့ဝင်ငွေရနိုင်တဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းများလည်း သတ်မှတ်ဖော်ဆောင်လျက်ရှိပါတယ်ခင်ဗျား။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ ကြွယ်ဝလှတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ၊ ကမ္ဘာ့အမွေအနှစ်၊ အာရှအမွေအနှစ် သဘာဝထိန်းသိမ်းရေးနယ်မြေတွေ၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွေ၊ အမျိုးသားဥယျာဉ်တွေကို ပိုမိုထိရောက်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ဖို့ ဝန်းကျင်သားငှက်ဌာနခွဲကို ဦးစီးဌာနကြီးတစ်ရပ်အဖြစ် တိုးချဲ့ဖွဲ့စည်းဖို့ ဦးအေးနိုင်ရဲ့အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

**ဥက္ကဋ္ဌ**။ ။ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရည်မွန်(ခ)မောင်တင်သစ်(ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပုဗ္ဗသီရိမဲဆန္ဒနယ်က ဦးရည်မွန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်ပယ်မှာ လူသိများတဲ့စကားတစ်ခုရှိပါတယ်။ ဒီစကားက သစ်ပင်စိုက်တာနဲ့ပတ်သက်ပါတယ်။ သစ်ပင်စိုက်မယ်ဆိုရင် အကောင်းဆုံးအချိန်ကတော့ လွန်ခဲ့တဲ့အနှစ် ၂၀ က စိုက်ဖို့ဖြစ်ပါတယ်။ သို့သော် အကြောင်းကြောင်းကြောင့် လွန်ခဲ့တဲ့အနှစ် ၂၀ က သစ်ပင်မစိုက်ဖြစ်ခဲ့ဘူးဆိုရင်တော့ ဒုတိယသစ်ပင်စိုက်ဖို့အကောင်းဆုံးအချိန်ဟာ ဒီကနေ့ပါပဲလို့ဆိုပါတယ်။ စကားကို နမူနာယူပြီးတော့ ပြောရမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ တောတောင်ရေမြေ၊ သက်ရှိသက်မဲ့ သဘာဝတရားကို အမှန်တကယ် တန်ဖိုးထားကြသလား၊ အမှန်တကယ် ထိန်းသိမ်းစောင့်ရှောက်ချင်တာလား၊ ဒါဆိုရင် ထိန်းသိမ်းစောင့်ရှောက်ဖို့ အကောင်းဆုံးအချိန်ဟာ လွန်ခဲ့တဲ့ အနှစ် ၂၀ ကဖြစ်ပါတယ်။ တကယ်လို့ အနှစ် ၂၀ က ကောင်းကောင်းမစောင့်ရှောက်ဖြစ်ခဲ့ဘူးဆိုရင်တော့ ဒီကနေ့ကစပြီးတော့ ထိန်းသိမ်းစောင့်ရှောက်ကြဖို့ပါပဲ။ ဒီကနေ့ကသာ ကျွန်တော်တို့ အစပြုနိုင်မယ်ဆိုရင် အချိန်အားဖြင့် နောက်မကျသေးဘူး။ ဆေးမီသေးတယ်လို့ပြောလို့ရတဲ့ အခြေအနေပါ။ ကျွန်တော်တို့နိုင်ငံမှာ ကမ္ဘာကတန်ဖိုးထားတဲ့ သက်ရှိသဘာဝဇီဝမျိုးစုံမျိုးကွဲတွေရှိတယ်။ အာရှတိုက်တစ်ဝှမ်းမှာ ပေါက်ရောက်သမျှ သဘာဝတောအားလုံးကို မြန်မာနိုင်ငံမှာ တွေ့နိုင်တယ်လို့ဆိုပါတယ်။ အင်္ဂလိပ်လိုတော့ Architect ပေါ့။ Asian ဂျန်ဂဲဆိုပြီး ပြောပါတယ်။ အာရှတိုက်ရဲ့သဘာဝတောတွေရဲ့ မူလပုံစံ၊ နမူနာပုံစံ၊ မြန်မာပြည်မှာတွေ့နိုင်တယ်ဆိုတဲ့သဘောပါ။ ဒီရေတောတွေ၊ စိမ့်တောတွေ၊ ရွက်ပြတ်ရောနှောတောတွေ၊ ကန္တာရဆန်တဲ့တောခြောက်တွေ၊ အင်တိုင်းတောတွေ၊ တောင်ပေါ်ကိုတက်ကြည့်မယ်ဆိုရင် အမြဲစိမ်းတောတွေ၊ ပေသောင်းနဲ့ချီမြင့်တဲ့ တောင်ထိပ်တွေမှာဆိုရင် ဥရောပဆန်တဲ့ရာသီဥတုနဲ့ ဥရောပတောတွေ ဒါမျိုးတွေ ကျွန်တော်တို့ သစ်တောအမျိုးအစား အစုံအလင်ရှိတဲ့နိုင်ငံမျိုးပါ။ သို့သော် ကျွန်တော်တို့နိုင်ငံအတွက် စိတ်မကောင်းစရာကတော့ ကမ္ဘာပေါ်မှာ

သစ်တောပြုန်းတီးမှု တတိယအများဆုံးဆိုတဲ့နိုင်ငံဖြစ်နေတာပါပဲ။ ဒီတောဒီတောင်ကို အမှီပြုပြီးတော့ ရှင်သန်ကျက်စားတဲ့ သတ္တဝါမျိုးစိတ်တွေလည်း အမြောက်အမြားရှိတယ်။ သို့သော် ကျားဆိုရင် သဘာဝတောထဲမှာ မျိုးသုဉ်းလုလုအခြေအနေ။ ကြံ့ဆိုရင် မျိုးသုဉ်းလောက်ဖြစ်သွားပြီ။ ဆင်နဲ့ ပတ်သက်ရင်တော့ နိုင်ငံတကာပညာရှင်တွေက ဒီနေ့ဒီအချိန်ဟာ မြန်မာဆင်တွေရဲ့ နောက်ဆုံးအချိန်လို့ပြောပါတယ်။ ဘာကြောင့်လဲ။ တစ်ပတ်ကို တစ်ကောင်နှုန်းလောက် အသတ်ခံနေရတဲ့အခြေအနေ။ နောင် ၁၀ နှစ် ၁၅ နှစ်အတွင်းမှာ တောဆင်မျိုးသုဉ်းပျောက်ကွယ်နိုင်တဲ့အခြေအနေမျိုးလို့ ဆိုပါတယ်။ ဒီလို အကောင်ကြီးတွေသာမကဘူး။ ဧရာဝတီလင်းပိုင်လို ရေသတ္တဝါမျိုးစိတ်တွေ၊ နှာလာမျောက်လို မျောက်မျိုးစိတ်တွေ၊ မျက်ခုံးဖြူ ငှက်ပြာခြောက်လို ငှက်မျိုးစိတ်တွေ ဒါမျိုးတွေလည်း ကျွန်တော်တို့နိုင်ငံမှာ ထူးထူးခြားခြားရှိနေတာပါ။ ဒါ့အပြင် ရွှေသမင်တို့၊ ကြယ်လိပ်တို့၊ ပန်ဒါနီတို့၊ ကြံ့သူတော်တို့ ဆိုတဲ့ ကမ္ဘာမှာအင်မတန်ရှားပါးတဲ့သတ္တဝါမျိုးစိတ်တွေကလည်း ကျွန်တော်တို့နိုင်ငံထဲမှာ အခုအချိန်ဆိုရင် ခက်ခက်ခဲခဲရှင်သန်နေရတဲ့အခြေအနေမျိုးပါ။ အဲဒီတော့ ဒီလို အင်မတန်ကြွယ်ဝချမ်းသာတဲ့ ဇီဝမျိုးစုံ၊ မျိုးကွဲတွေကို အကောင်းဆုံး ကျွန်တော်တို့ ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ကြမလဲ။ နည်းလမ်းကတော့ သဘာဝထိန်းသိမ်းရေးနယ်မြေတွေ သတ်မှတ်ပြဋ္ဌာန်းပြီးတော့မှ စောင့်ရှောက်ကြဖို့။ ကျွန်တော်တို့နိုင်ငံမှာ အခု သဘာဝနယ်မြေ ၄၂ ခုရှိတယ်။ ဧရိယာအားဖြင့် တစ်နိုင်ငံလုံးကုန်းမြေဧရိယာရဲ့ ၅.၇၉ ရာခိုင်နှုန်း၊ ဧကအားဖြင့် ကိုးသန်းကျော်လောက်ရှိတယ်လို့ ဆိုပါတယ်။ နိုင်ငံတကာနဲ့ နှိုင်းယှဉ်ကြည့်တော့ အင်မတန်ကို နည်းနေသေးတဲ့ပမာဏပါ။ အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံတွေနဲ့ပဲယှဉ်ကြည့်၊ ကမ္ဘောဒီးယားဆို သူ့နိုင်ငံဧရိယာရဲ့ ၂၆ ရာခိုင်နှုန်း၊ ထိုင်းဆိုရင် ၁၈ ရာခိုင်နှုန်း၊ ဒီလောက်ထိ သဘာဝနယ်မြေတွေထိန်းသိမ်းထားနိုင်တဲ့အခြေအနေတွေ။ ကျွန်တော်တို့နိုင်ငံက ရေရှည်မှာကတော့ ကုန်းမြေဧရိယာရဲ့ ၁၀ ရာခိုင်နှုန်းလောက်ထိ သဘာဝနယ်မြေတိုးချဲ့ဖွဲ့စည်းဖို့ အစီအစဉ်ရှိတယ်လို့ သိရပါတယ်။ သို့သော် ဒီနယ်မြေတွေကို ဧကကိုးသန်းကျော်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့တာဝန်ယူထားတာက သစ်တောဦးစီးဌာနရဲ့အောက်က ဌာနခွဲလေးတစ်ခု။ ဝန်းကျင်သားငှက်ဌာနခွဲ။ ဝန်ထမ်းအင်အားက ၆၀၀ လောက်ရှိတယ်။ ဒီအင်အားနဲ့ ဧကကိုးသန်းလောက်ကို ဘယ်လိုများထိန်းသိမ်းစောင့်ရှောက်မလဲ။ ဒါကြောင့် ဦးအေးနိုင်တင်သွင်းထားတဲ့၊ အဆိုပြုထားတဲ့ ဝန်းကျင်သားငှက်ဌာနခွဲကို သီးခြား ညွှန်ကြားရေးမှူးချုပ်တစ်ဦး ဦးဆောင်တဲ့ဌာနကြီးတစ်ခုအဖြစ် တိုးချဲ့ဖွဲ့စည်းဖို့ဆိုတာက အခြေအနေ အချိန်အခါနဲ့ အင်မတန်ကို ဆီလျော်တဲ့တိုက်တွန်းချက်တစ်ခုဖြစ်တယ်လို့ မြင်ပါတယ်။ အဲဒီတော့ ဖွဲ့စည်းတဲ့အခါမှာလည်း သစ်တောပညာရှင်တွေနဲ့ မလုံလောက်ပါဘူး။ တခြား သတ္တဗေဒပညာရှင်တွေ၊ ရုက္ခဗေဒပညာရှင်တွေ၊ အဏ္ဏဝါဗေဒပညာရှင်တွေ ဒီလို ပညာရှင်ပေါင်းစုံပါဝင်ပြီးတော့မှ သုတေသနနဲ့ တွဲပြီးတော့မှ ထိန်းသိမ်းစောင့်ရှောက်ရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာ့တောတွေထဲမှာ ခုချိန်ထိ ကမ္ဘာကမသိသေးဘူး။ စူးစမ်းလေ့လာမှုမပြုရသေးဘူး။ အမည်ပေးကင်ပွန်းတပ်မလုပ်နိုင်သေးတဲ့ အပင်နဲ့ သတ္တဝါမျိုးစိတ်တွေကလည်း အမြောက်အမြားရှိနေသေးလို့ ဖြစ်ပါတယ်။ သဘာဝနယ်မြေသတ်မှတ်တဲ့အချိန်မှာ အားလုံးစိုးရိမ်ကြတာက ဒေသခံတွေနဲ့ပဋိပက္ခပါ။ ဒါနဲ့ပတ်သက်ရင်လည်း အခုကျွန်တော်တို့ နောက်ဆုံးပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးလိုက်တဲ့ ဇီဝမျိုးစုံ၊ မျိုးကွဲနဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေများ

ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေမှာ အင်မတန်ကောင်းမွန်တဲ့ဖော်ပြချက်တွေပါပါတယ်။ ဒါက ဘာလဲဆိုတော့ ဒေသခံပြည်သူတွေကိုယ်တိုင် ပူးပေါင်းပါဝင်တဲ့သဘာဝထိန်းသိမ်းရေးနယ်မြေစီမံ အုပ်ချုပ်ခွင့်ကို ခွင့်ပြုထားတာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ နောင်လာနောက်သားများအတွက် သဘာဝနယ်မြေ ထိန်းသိမ်းစောင့်ရှောက်မှုကို ပိုပြီးဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းညွန့်သိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမန်းညွန့်သိန်း(ပန်းတနော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင် ဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား။ ကျွန်တော်ကတော့ ပန်းတနော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မန်းညွန့်သိန်း ဖြစ်ပါတယ်။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က ဦးအေးနိုင်အဆိုကို ဆွေးနွေးမှာဖြစ်ပါတယ်။ အဲဒီတော့ မြန်မာ ပြည် တစ်နံတစ်လျားမှာရှိတဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေထဲမှာ အီကွေတာရဲ့ တောင်ဘက်ကျတဲ့ အပူပိုင်းသမဇုန်မှာပါတဲ့ ဒီရေတောတွေအကြောင်း နည်းနည်းပြောချင်ပါတယ်။ ဒီရေတောဟာ လူသိ သိပ်မများပါဘူး။ ဒါပေမဲ့ ၂၀၀၄ ခုနှစ်၊ အိန္ဒိယသမုဒ္ဒရာ ဆူနာမီ၊ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းတွေ ကြောင့် ဒီရေတောတွေရဲ့ အကျိုးကျေးဇူးတွေကို နည်းနည်းလူသိများလာတာဖြစ်ပါတယ်။ သို့သော် လည်းပဲ သက်ဆိုင်ရာအစိုးရတွေဟာ၊ ပညာရှင်တွေဟာ ဒါနဲ့ပတ်သက်ပြီး ၁၉၉၀ ခုနှစ်ကျော်ကတည်းက ဒီနေရာတွေကို ဂရုတစိုက်ထိန်းသိမ်းလာခဲ့တာ ဒီနေ့အထိပါပဲ။ ဒါပေမဲ့ အခုနလိုပေါ့ ပြုပြင်ထိန်းသိမ်း တဲ့နေရာမှာ ရန်ပုံငွေမလုံလောက်မှု၊ လူဦးရေမလုံလောက်မှုနဲ့ ရင်ဆိုင်ရတဲ့အတွက် ထိန်းသိမ်းမှုက တချို့တလေတွေမှာ ထင်သလောက်မပြီးမြောက်တာကို တွေ့ရပါတယ်။ အဲဒီတော့ ဒီ ဦးအေးနိုင်ရဲ့ အဆိုမှာပါတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးမှာ ဒီရေတောတွေရဲ့အကြောင်းကို ပြောရင်းနဲ့ မိန်းမလှကျွန်းဒီရေတောအကြောင်းကို ပြောချင်ပါတယ်။ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါ။

အဲဒီတော့ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဒီရေတောဟာ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်အတွင်းမှာရှိပါတယ်။ ဘိုကလေးမြို့ရဲ့တောင်ဘက် ရေမိုင် ၁၆ မိုင်အကွာမှာ ရှိပါတယ်။ ဘိုကလေးမြစ်နဲ့ သလွန်ခွေကြီးမြစ်နဲ့အကြား ဧရိယာအားဖြင့် ၃၃၇၇၆ ဧကရှိတယ်။ အဲဒီ မိန်းမလှဒီရေတောမှာ သစ်မျိုး ၂၉ မျိုးရှိပါတယ်။ အဲဒီတော့ အဲဒီမှာကတော့ ဇီဝမျိုးစုံမျိုးကွဲပေါ့လေ။ ဗျူးခြေထောက်ဆိုတာကတော့ အခုလို ညနေပိုင်းဆိုရင် အမျိုးသမီးတွေရေခပ်ဆင်းသလို ဖြစ်တဲ့ အတွက် အဲဒီဗျူးခြေထောက်အပင်တွေရဲ့ အပင်အမြစ်တွေကြားမှာ မိန်းမလှလေးတွေ တန်းစီသလို ဖြစ်တဲ့အတွက် မိန်းမလှကျွန်းလို့ ခေါ်တယ်လို့ ကျွန်တော်တို့ ကြားရပါတယ်။ အဲဒီတော့ အရေးကြီးတဲ့ ဟာကတော့ ကျွန်တော်တို့ ဒီနေရာကို အာဆီယံအမွေအနှစ်ဆိုပြီးတော့ ၂၀၀၃ ခုနှစ်မှာ အသိအမှတ်ပြု ခံရတယ်။ ၂၀၁၇ ခုနှစ်မှာ ကမ္ဘာ့ရေကြီးရေဝပ်ဒေသ(Ramsar Site) အဖြစ် အသိအမှတ်ပြုခြင်းခံ ရပါတယ်။ အဲဒီတော့ ဒီမှာရှိလာတဲ့ ဧရာဝတီလင်းပိုင်၊ ရေချိုရေငန်စပ်၊ ကမ္ဘာ့အကြီးဆုံးမိချောင်းတွေ၊ ဖျံ၊ ကြောင်တံငါ၊ မြောက်တံငါနဲ့ ဆောင်းခိုငှက်တွေ၊ ရေပျော်ငှက်တွေ၊ သစ်တောငှက်တွေ အဲဒီတော့

အခုနကလိုပေါ့။ ကမ္ဘာ့အကြီးဆုံးမိချောင်းတွေလည်းရှိပါတယ်။ အဲဒီတော့ ဒီနေရာက ဘယ်လိုဖြစ်လာသလဲဆိုတော့ အခုနကလိုပေါ့။ တချို့ဒေသခံတွေရဲ့ ကိုးကွယ်ယုံကြည်မှုအရလည်း သွယ်ဝိုက်ပြီးတော့ အကျိုးကျေးဇူးပေးတဲ့ဟာတွေလည်းရှိပါတယ်။ နတ်ကိုးကွယ်မှုပေါ့လေ။ ဒါတွေလည်း။ ဒီမိန်းမလှကျွန်းကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားခြင်းအားဖြင့် ရာသီဥတုညီညွတ်မျှတခြင်း၊ ရေစီးရေလာ၊ ရေတိုက်စားမှုကာကွယ်ပေးခြင်း၊ ပင်လယ်ရေငန်ဝင်ရောက်မှုကို လျှော့ချပေးနိုင်ခြင်း၊ နုန်းအနည်အနှစ်ပို့ချမှုကို ထိန်းပေးခြင်းတို့စတဲ့ သွယ်ဝိုက်တဲ့အကျိုးကျေးဇူးတွေ ရှိလာသလို တိုက်ရိုက်အကျိုးကျေးဇူးအနေနဲ့တော့ သဘာဝအခြေခံသယံဇာတများဖြစ်တဲ့ သစ်၊ ထင်း၊ မျှောနဲ့ သား၊ ငါး၊ ပုစွန်စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ပါတယ်။ လက်ရှိနဲ့အနာဂတ်မှာ ဒီရေတောစနစ်အတွင်း ဇီဝမျိုးစုံမျိုးကွဲ သဟဇာတမျှတပြီး ရေရှည်တည်တံ့ဖို့အတွက်၊ သဘာဝအခြေခံခရီးသွားလာမှု အတွက်လည်း ကောင်းလာဖို့ဖြစ်ပါတယ်။

ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်လျှော့ချရန်အတွက် သဘာဝတံတိုင်းတွေအဖြစ် ဒီရေတောနှင့် ဇီဝမျိုးစုံမျိုးကွဲများပျက်သုဉ်းပျောက်ကွယ်မသွားခင် မိမိတို့နောင်လာနောက်သားမျိုးဆက်များအတွက် သဘာဝအမွေအနှစ် လက်ဆင့်ကမ်းပေးနိုင်ရေးကို ရေရှည်တည်တံ့ဖို့ ကျွန်တော်တို့က လက်ရှိအနေအထားက ကြိုးစားနေရတာဖြစ်ပါတယ်။ အဲဒီမှာတော့ ကျွန်တော်တို့က အခုနက ကျွန်တော်ပြောသလိုပဲ ဒီရေတော သစ်မျိုးစိတ် ၂၉ မျိုး၊ ဆေးဘက်ဝင်မျိုးစိတ် ၅၄ မျိုး၊ သစ်ခွမျိုးစိတ်ခြောက်မျိုး၊ နို့တိုက်သတ္တဝါမျိုးစိတ် ၁၈ မျိုး၊ ကုန်းနေရေနေသတ္တဝါငါးမျိုး၊ တွားသွားသတ္တဝါ ၃၃ မျိုး၊ ငှက်မျိုးစိတ် ၁၉၂ မျိုး၊ ငါးမျိုးစိတ် ၁၁၂ မျိုး၊ ကဏန်းမျိုးစိတ်ခြောက်မျိုး၊ ပုစွန်မျိုးစိတ် ၁၄ မျိုးတို့ကိုလည်း လက်ရှိမှတ်တမ်းတင်ထားပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်နောက်ဆုံးပြောချင်တာကတော့ ဦးအေးနိုင်ရဲ့အဆိုဖြစ်တဲ့ ကမ္ဘာ့အမွေအနှစ်၊ အာရှအမွေအနှစ်၊ အာဆီယံအမွေအနှစ်ဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတဲ့နေရာမှာ သက်ဆိုင်ရာဦးစီးဌာနဖြစ်တဲ့ သစ်တောဦးစီးဌာနရဲ့လက်အောက်မှာရှိတဲ့ သဘာဝဝန်းကျင်နဲ့ သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနကို ဦးစီးဌာနတစ်ခုအဖြစ် ဒီလိုပြောင်းလဲခြင်းအားဖြင့် အခုနက ကျွန်တော်တို့ ရည်မှန်းထားတဲ့ဟာတွေဟာ အောင်မြင်ပေါက်ရောက်မှာဖြစ်တဲ့အတွက် အခု လာမယ့် ၂၀၁၈ ခုနှစ်ကလည်း ကမ္ဘာ့အပူဆုံးနှစ်ဖြစ်တော့ သဘာဝအန္တရာယ်တွေကလည်း အချိန်မရွေးကျရောက်နိုင်တဲ့အနေအထားမှာရှိလို့ မဖြစ်မနေ ဦးစီးဌာနကြီးအဖြစ် ပြောင်းလဲပေးဖို့ ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးလာမာလေး(ဆော့လော်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆော့လော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး ဖြစ်ပါတယ်။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုမှာပါဝင်တဲ့ သဘာဝနယ်မြေနှင့် တောရိုင်းတိရစ္ဆာန်များကို ပိုမိုထိရောက်စွာ ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် အမျိုးသားဥယျာဉ်များ တည်ထောင်ခြင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်းများပြုလုပ်ရာတွင် ဒေသခံပြည်သူတို့၏အခွင့်အရေးထိခိုက်မှုအနည်းဆုံးအဖြစ် ပိုမိုအင်အားဖြည့်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်စေရန်ဆိုတဲ့ ရည်ရွယ်ချက်အပေါ် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မိမိအနေဖြင့် ကချင်ပြည်နယ်၊ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့နှင့်ပတ်သက်၍ ဥပမာထား ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အား ၁၉၉၈ ခုနှစ်တွင် ဧရိယာ ၉၄၂၀၈၀ ဧက၊ ၁၄၇၂ စတုရန်းမိုင်ဖြင့် နောင်မွန်းမြို့နယ်အတွင်း တည်ထောင်ခဲ့ကြောင်း ဂေဟစနစ်အားဖြင့် အမြဲစိမ်းတော၊ တောင်ပေါ်တော၊ ထင်းရှူးတော၊ ရေခဲတောင်ဂေဟစနစ်များဖြင့် ပေါက်ရောက်တည်ရှိနေပြီး အဓိကထိန်းသိမ်းကာကွယ်ထားတဲ့ တောရိုင်းတိရစ္ဆာန်မှာ သမင်၊ ပန်ဒါနီ၊ ကတိုးဂျီ၊ တောင်ဆိတ်နှင့် ငှက်ဂျီများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပန်ဒါနီမှာ မြန်မာနိုင်ငံတွင် သာမက ကမ္ဘာလုံးဆိုင်ရာမျိုးသုဉ်းမှုအန္တရာယ်နှင့်ရင်ဆိုင်နေရသည့် ရှားပါးသတ္တဝါမျိုးစိတ်တွင် ပါဝင်နေသည်ကို လေ့လာတွေ့ရှိရပါတယ်။ ထို့အပြင် ယူနက်စကိုကမ္ဘာ့သဘာဝအမွေအနှစ်နယ်မြေအဖြစ် ကချင်ပြည်နယ် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်နှင့် တောင်ပိုင်းတိုးချဲ့သစ်တောနယ်မြေဧရိယာများ ပါဝင်သော မြန်မာ့မြောက်ဖျားဆက်စပ်ဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်မှုဖြင့် လုပ်ငန်းအဖွဲ့တစ်ခု ဖွဲ့စည်းလျက် ဆောင်ရွက်နေကြောင်းလည်း လေ့လာသိရှိရပါတယ်။ သို့သော် သစ်တောမူဝါဒနဲ့ပါဝင်သည့် သစ်တောများ ပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတအသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်ဟု ဖော်ပြပါရှိသည့် မူဝါဒအတိုင်း ကျင့်သုံးမှုအားနည်းခြင်းကြောင့် အခက်အခဲများစွာရှိနေသည်ကိုလည်း တွေ့မြင်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်စတင်တည်ထောင်ခဲ့စဉ် စီမံကိန်းအကောင်အထည်ဖော်မည့် ဧရိယာအတွင်း ရဝမ်တိုင်းရင်းသားမျိုးနွယ်စုများ ရှေးနှစ်ပေါင်းဘိုးဘွားဘီဘင်အဆက်ဆက်နေထိုင်လာခဲ့ကြပြီး ၎င်းတို့လူမှုဘဝရှင်သန်ရပ်တည်နိုင်ရေးအတွက် ပတ်ဝန်းကျင်တောတောင်ရေမြေများကိုသာ အမှီပြုနေထိုင်လာခဲ့ကြောင်း၊ ဌာနဆိုင်ရာမှ ဝန်ထမ်းများနှင့် WCF အဖွဲ့များအနေဖြင့် ထိုဒေသရှိ ဌာနေတိုင်းရင်းသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိသားစုများ၏စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် ကုန်ကျစရိတ်များကို အပြည့်အဝပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ကတိကဝတ်များပေးကာ စည်းရုံးဟောပြောခဲ့သော်လည်း ယခုအချိန်အထိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် WCF အဖွဲ့များမှ ၎င်းတို့ပေးခဲ့သည့် ကတိကဝတ်အတိုင်း ဆောင်ရွက်ပေးခဲ့ခြင်းမရှိဘဲ အမျိုးသားဥယျာဉ်၏ စည်းမျဉ်း၊ စည်းကမ်းများ၊ ဥပဒေများ၊ ကန့်သတ်ချက်များဖြင့် ထိန်းချုပ်ကာ ဒေသခံတိုင်းရင်းသားများ၏ ဘဝရှင်သန်ဖွံ့ဖြိုးရေးအတွက် များစွာထိခိုက်လာကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ရေမြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် သစ်တောမူဝါဒနှင့်အညီ ဆောင်ရွက်သင့်ပြီး အမျိုးသားဥယျာဉ်အတွင်းနေထိုင်ကြသော ဒေသခံတိုင်းရင်းသားများရဲ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးသည့်

ဥပဒေပြဋ္ဌာန်းပေးခြင်း၊ ဥယျာဉ်အတွင်းနေထိုင်နေကြသော ဒေသခံတိုင်းရင်းသားများကိုယ်တိုင် ပါဝင်ဆောင်ရွက်ထိန်းသိမ်းနိုင်သော ဥပဒေများ ပြဋ္ဌာန်းပေးသင့်ကြောင်း အကြံပြုဆွေးနွေးချင်ပါတယ်။ ထို့အပြင် ခါကာဘိုရာဇီသဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနတွင် ဖွဲ့စည်းခွင့်ပြုထားသည့်ဝန်ထမ်းမှာ ၆၃ ဦးရှိသော်လည်း လက်ရှိတွင် အရာထမ်း ကျားတစ်ဦး၊ အမှုထမ်း ကျား ၂၁ ဦး၊ မ နှစ်ဦး စုစုပေါင်း ၂၄ ဦးသာရှိကြောင်း တွေ့ရှိရသည့်အတွက် ဧရိယာဧက ၉၄၀၀၀၀ ကျော်ရှိ သစ်တောဧရိယာအတွင်း ဝန်ထမ်း ၂၄ ဦး အင်အားဖြင့် မည်သို့မျှထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဝန်ထမ်းအင်အားများကိုလည်း ထပ်မံတိုးချဲ့ဖွဲ့စည်းပေးသင့်ပြီး ဒေသခံပြည်သူများ နိုင်ငံတော်၏လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရာတွင် သစ်တောသယံဇာတများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားဆောင်ရွက်သင့်ပါတယ်။

ဆက်လက်ပြီး ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား ၁-၁၂-၂၀၁၃ ရက်နေ့ ဧရိယာ ၆၆၈၁၆၀ ဧက၊ ၁၀၄၄ စတုရန်းမိုင်ဖြင့် ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ မချမ်းဘောမြို့နယ်၊ နောင်မွန်းမြို့နယ်တို့နှင့် ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း၊ ဂေဟစနစ်အားဖြင့် အမြဲစိမ်းတော၊ တောင်ပေါ်တော၊ ထင်းရှူးတော၊ ရေခဲတောင်ဂေဟစနစ်များ ပေါက်ရောက်တည်ရှိနေပြီး အဓိကထိန်းသိမ်းကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်မှာ ဂျီ၊ တောင်ဆိတ်နှင့် မျောက်လွှဲကျော်၊ မြွေပါမျိုးများ၊ ငှက်မျိုးများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဝန်ထမ်းအင်အားစာရင်းအနေဖြင့် ဖွဲ့စည်းခွင့်ပြုဝန်ထမ်း ၂၆ ဦးဖြစ်ပြီး အရာထမ်း ကျားတစ်ဦး၊ အမှုထမ်း ကျားရှစ်ဦး စုစုပေါင်း ကိုးဦးသာရှိကြောင်း လေ့လာတွေ့ရှိရသည့်အတွက် ဝန်ထမ်းအင်အားထပ်မံတိုးချဲ့ဖွဲ့စည်းပေးသင့်ပါတယ်။ ထို့အပြင် မြန်မာနိုင်ငံတွင်တည်ထောင်ရန် ရည်ရွယ်ကြောင်း အဆိုပြုတင်ပြထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် ဆော့လော်မြို့နယ်၊ ချီဖွေမြို့နယ်အတွင်း အိမောမို့အမျိုးသားဥယျာဉ်နှင့် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပူတာအိုမြို့နယ်၊ မချမ်းဘောမြို့နယ်၊ နောင်မွန်းမြို့နယ်တို့အတွင်း ခါကာဘိုရာဇီအမျိုးသားဥယျာဉ်တို့ကိုလည်း ဒေသခံပြည်သူတို့၏အခွင့်အရေးထိခိုက်မှုအနည်းဆုံးဖြင့် ပိုမိုအင်အားဖြည့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အိမောမို့အမျိုးသားဥယျာဉ်တို့သည် မြန်မာနိုင်ငံရဲ့အသက်သွေးကြောသဖွယ်ဖြစ်သော ဧရာဝတီမြစ်ကြီးရဲ့မြစ်ဖျားခံရာ ဒေသဖြစ်၍ ဒေသခံပြည်သူတို့၏အကျိုးစီးပွားထိခိုက်မှုအနည်းဆုံးအဖြစ် မဖြစ်မနေထိန်းသိမ်းကာကွယ်သင့်ပါတယ်။ အမျိုးသားဥယျာဉ်များတည်ထောင်ခြင်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများ ဖွဲ့စည်းတည်ထောင်ရခြင်းရဲ့ရည်ရွယ်ချက်များကို ဒေသခံပြည်သူများ နားလည်လက်ခံနိုင်အောင် စည်းရုံးသင့်သလို ဒေသခံပြည်သူများကိုယ်တိုင်လည်း ပါဝင်ဆောင်ရွက်လာအောင် ဆွဲဆောင်သင့်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ပုံရိပ်အလယ်၊ ကမ္ဘာ့အလယ်၌ ကောင်းမွန်စေရေး၊ ကမ္ဘာ့ရှားပါးတိရစ္ဆာန်များ၊ ဇီဝမျိုးစုံ မြန်မာနိုင်ငံ၌တည်ရှိနေပြီး

သဘာဝသစ်တောများ အစဉ်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကို ထိန်းညှိပေးနိုင်စေရေးစသည့် ကောင်းကျိုးများစွာရှိနေသည့်အတွက် အဆိုရှင်၏အဆိုအား လွှတ်တော်မှ အတည်ပြုသင့်ကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခင်စော(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်စော ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်တင်သွင်းထားတဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် တောရိုင်းတိရစ္ဆာန်များကို အချိန်မီထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအပေါ်မှာ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့တိုင်းပြည်မှာ သစ်တောဖုံးလွှမ်းထားတဲ့ဧရိယာဟာ လွတ်လပ်ရေးမရမီအချိန်ကတည်းက နိုင်ငံဧရိယာရဲ့ ၇၀ ရာခိုင်နှုန်းနီးပါးရှိပါတယ်။ သို့ပေမဲ့လည်း လူဦးရေတိုးတက်များပြားလာခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများချဲ့ထွင်လာခြင်း၊ သစ်တောမူဝါဒများကို မြေပြင်တွင်ထိရောက်စွာ အကောင်အထည်မဖော်နိုင်ခြင်း၊ သစ်မှောင်ခိုထုတ်လုပ်မှုများပြားလာခြင်း၊ ဝန်ထမ်းများ အကျင့်ပျက်ခြစားခြင်း၊ တရားဥပဒေစိုးမိုးမှုအားနည်းခြင်း စတဲ့အကြောင်းတရားများကြောင့် ၂၀၁၄ ခုနှစ်မှာ သစ်တောဖုံးလွှမ်းဧရိယာမှာ ၄၈ ရာခိုင်နှုန်းလောက်သာ ကျန်တော့တာကို တွေ့ရပါတယ်။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်းမှာ စုစုပေါင်းသစ်တောဧရိယာရဲ့ ၁၉ ရာခိုင်နှုန်းတောင် အချိန်တိုအတွင်းမှာ ဆုံးရှုံးသွားခဲ့ရတာကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ထုတ်ပြန်ထားတဲ့စာရင်းအင်းအရ သိရှိရပါတယ်။ အကျိုးဆက်အနေနဲ့ သစ်တောတွေ၊ သစ်ပင်တွေ ပြုန်းတီးကုန်တဲ့အတွက် ရာသီဥတုပြောင်းလဲလာတဲ့ဒဏ်ကို သိသိသာသာခံစားလာခဲ့ရပါတယ်။ ပုံမှန်မဟုတ်တဲ့ လေပြင်းများတိုက်ခတ်ခြင်း၊ မုန်တိုင်းများ မကြာခဏဝင်ရောက်လာခြင်း၊ မိုးသည်းထန်ခြင်း၊ မြေပြိုခြင်း၊ ရေကြီးခြင်းစတဲ့ သဘာဝဘေးအန္တရာယ်များကိုလည်း ပိုမိုခံစားလာခဲ့ရပါတယ်။ သစ်တောအတွင်း အမှီသဟဲပြုနေထိုင်လျက်ရှိတဲ့ တောရိုင်းတိရစ္ဆာန်များ၊ အဖိုးတန်ရှားပါးတဲ့ ဇီဝမျိုးကွဲတွေဟာ အချိန်တိုအတွင်းမှာပဲ မျိုးသုဉ်းပျောက်ကွယ်သွားရသလို သစ်တောကိုမှီခိုပြီး လုပ်ကိုင်စားသောက်နေကြတဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားရေးနဲ့ ဝင်ငွေရရှိမှုအခြေအနေကို ထိခိုက်စေပါတယ်။ ဒီနေ့ ကမ္ဘာပေါ်မှာ ၂၀ ရာစုအလယ်ကစပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲလာရခြင်း ၉၅ ရာခိုင်နှုန်းဟာ လူသားတွေရဲ့လုပ်ဆောင်ချက်များအပေါ် အခြေခံနေတဲ့အကြောင်း၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လျှော့ချရေးအဖွဲ့(Intergovernmental Panel on Climate Change-IPCC) က အစီရင်ခံဖော်ပြထားတာတွေ့ရပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံမှာ သယံဇာတတွေ ပေါများနေပေမဲ့ စီမံကိန်းကြီးတွေနဲ့ လူသားတွေက သဘာဝသစ်တောများပျက်စီးနေတာကို ရပ်တန့်ကရပ်ပြီး ပျက်စီးယိုယွင်းမှုကို အချိန်မီ မထိန်းသိမ်းနိုင်ခဲ့ရင်၊ အစားထိုးပြန်လည်စိုက်ပျိုးခြင်းများ မလုပ်နိုင်ခဲ့ရင် ဒီထက်ပိုမိုဆိုးရွားတဲ့ အကျိုးဆက်များကို မလွဲမသွေ တွေ့ကြုံခံစားရတော့မှာ ဖြစ်ပါတယ်။ ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါမှန်သမျှဟာ သဘာဝပတ်ဝန်းကျင်များကို အမှီသဟဲပြု၍ နေကြရပါတယ်။ ဒီလို

သက်ရှိသက်မဲ့ အပြန်အလှန်အမှီသဟဲပြုနေကြခြင်းကိုပဲ ဂေဟစနစ်လို့ ခေါ်ဆိုပါတယ်။ မြန်မာနိုင်ငံမှာ အမျိုးမျိုးသောပတ်ဝန်းကျင်ဂေဟစနစ်များရှိနေတဲ့အတွက် အာရှဒေသမှာ သားငှက်တိရစ္ဆာန်နဲ့ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။ ပထဝီအနေအထားအရ ကွဲပြားနေတဲ့ ဂေဟစနစ်မှာ ဆက်စပ်ဖြစ်တည်နေကြတဲ့ ကျွန်မတို့ရဲ့ အမျိုးအစားစုံလင်တဲ့ သဘာဝသစ်တောများ၊ သဘာဝနယ်မြေများ တည်ရှိနေကြတာ ဖြစ်ပါတယ်။ ထို့အတူ နိုင်ငံသားတွေအနေနဲ့လည်း ဒီလိုအလှတရားတွေနဲ့ ပြည့်စုံပြီး ဇီဝမျိုးကွဲများစွာ အပြည့်အစုံရှိနေတဲ့နိုင်ငံမျိုးမှာ ရှင်သန်နေထိုင်ခွင့်ရခြင်းဟာ ထူးကဲတဲ့အခွင့်အရေးဖြစ်သလို သဘာဝမိခင်က လူသားတွေကိုပေးအပ်ထားတဲ့ တန်ဖိုးဖြတ်လို့မရတဲ့ လက်ဆောင်ကိုရရှိထားတာလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိတည်ထောင်ဖွဲ့စည်းထားတဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၂ ခု ရှိပါတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေတွေဟာ မိမိတို့နိုင်ငံအတွက် တန်ဖိုးထားစရာအမွေအနှစ်တွေ၊ ဂုဏ်ယူစရာအလှတရားတွေ၊ စိတ်ဝင်စားစရာ ယဉ်ကျေးမှုသမိုင်းဖြစ်စဉ်တွေနဲ့ ပြည့်နှက်နေသလို ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်နိုင်တဲ့နေရာဖြစ်တဲ့အတွက်ကြောင့် နိုင်ငံ့ဝင်ငွေရှာဖွေတဲ့အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးနိုင်မယ့် အရင်းအမြစ်တွေလည်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီသဘာဝအရင်းအမြစ်တွေကို နိုင်ငံသားတစ်ဦးချင်းစီက ဂုဏ်ယူထိန်းသိမ်းဖို့ တာဝန်ရှိသလို နိုင်ငံတော်အစိုးရပိုင်းကလည်း သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် နည်းပညာပိုင်းဆိုင်ရာ၊ ဥပဒေပိုင်းဆိုင်ရာနှင့် ငွေကြေးအရင်းအနှီးများကို ထောက်ပံ့ပေးပြီး ဘက်စုံစီမံချက်များ ရေးဆွဲချမှတ်ဆောင်ရွက်ပေးနိုင်ရန် အဓိကလိုအပ်လျက်ရှိပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုတဲ့လုပ်ငန်းစဉ်ဟာ အရေးတကြီးလုပ်ဆောင်သွားရမယ့် လုပ်ငန်းဖြစ်သော်လည်း ရေရှည်အောင်မြင်အောင် အကောင်အထည်ဖော်ဖို့ဆိုတာ လွယ်ကူလှတဲ့ကိစ္စတော့မဟုတ်ပါဘူး။ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနယ်ပယ်တွေနဲ့ပါ နက်နက်ရှိုင်းရှိုင်းဆက်စပ်နေတဲ့အတွက် အစိုးရရဲ့တက်ကြွမှု၊ ဦးဆောင်အကောင်အထည်ဖော်မှုသာမက ပြည်သူလူထုများရဲ့ပူးပေါင်းပါဝင်မှုရှိမှသာလျှင် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မှာဖြစ်ပါတယ်။ အဖိုးတန်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအမွေအနှစ်တွေကို မပျောက်ကွယ်၊ မပျက်စီးခင်မှာ နောင်လာမယ့်အနာဂတ်မျိုးဆက်သစ်တွေအတွက် အမြော်အမြင်ရှိရှိနဲ့ အချိန်မီထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးသွားဖို့ဆိုတာ ကျွန်မတို့နိုင်ငံအတွက် အင်မတန်အရေးကြီးလှပါတယ်။ ဒီနေရာမှာ ကျွန်မရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ ကွန်ဟိန်းမဲဆန္ဒနယ်မြေအတွင်းမှာရှိတဲ့ မပျက်စီး၊ မယိုယွင်းသေးတဲ့ သဘာဝအလှအပအရင်းအမြစ်များကို တင်ပြလိုပါတယ်။ Power Point ဖြင့်တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ရှင်။ ဒါကတော့ ကျွန်မတို့ရဲ့နမ့်ပန်ချောင်းပေါ်မှာ တည်ရှိနေတဲ့ ကွန်ဟိန်းမြို့အတွင်းရှိတဲ့ နမ့်ပန်ချောင်းတံတားဖြစ်ပါတယ်။ ဒီပုံလေးဟာ ကျွန်မတို့ရဲ့နမ့်ပန်ချောင်းအတွင်းမှာရှိတဲ့ သဘာဝအလှအပရှုခင်းများပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၉၀ ပုဒ်မခွဲ(ခ) အရ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်အား ကူညီရန် တာဝန်ရှိသည်ဟု ပါရှိပါတယ်။ မဖွံ့ဖြိုးသေးတဲ့ ကျွန်မမဲဆန္ဒနယ်မြေအတွင်းမှာရှိတဲ့ သဘာဝပတ်ဝန်းကျင်များ

ကို ပျက်စီးယိုယွင်းမှုမရှိအောင် နိုင်ငံတော်မှ ဒေသခံများအား ဆက်လက်ထိန်းသိမ်းနိုင်ရန် ထောက်ပံ့ပေးဖို့ လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ASEAN Highway (AH-2) လမ်းမပေါ်မှာရှိတဲ့ ကျွန်မတို့ရဲ့ကွန်ဟိန်းမြို့နယ်အတွင်းရှိ နမ့်ပန်ချောင်းတစ်လျှောက် ထူးခြားတဲ့သဘာဝအလှအပ အရင်းအမြစ်များကို နိုင်ငံတကာခရီးသွားများဝင်ရောက်လေ့လာနိုင်ရန် ရေရှည်တည်တံ့ဖို့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထိန်းသိမ်းကာကွယ်ပေးသွားရန် အကြံပြုရင်း ။

**ဥက္ကဋ္ဌ**။ ။ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(မိုးကောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မိုးကောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် ဖြစ်ပါတယ်။ အဆိုမှာပါဝင်တဲ့ကဏ္ဍများစွာထဲက သစ်တောဦးစီးဌာနရဲ့ သစ်တောထိန်းသိမ်းဆောင်ရွက်နေတဲ့ကဏ္ဍ၊ ဂေဟခရီးသွားကဏ္ဍ၊ သားငှက်ဌာနခွဲအတွက် ဘဏ္ဍာငွေတိုးမြှင့်သုံးစွဲရန်ကဏ္ဍများနှင့်စပ်လျဉ်းပြီး အကြံပြုဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် ပါရီစာချုပ်တို့လို နိုင်ငံတကာနဲ့ ကတိကဝတ်ပြုပြီး နိုင်ငံရဲ့သစ်တောဖုံးလွှမ်းမှုဧရိယာတိုးချဲ့နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ တိကျတဲ့သစ်တောဧရိယာမဟုတ်ဘဲ စာရွက်ပေါ်မှသာရှိတဲ့ သစ်တောဧရိယာကို မြေပြင်ကွင်းဆင်းတိုင်းတာသတ်မှတ်ရာမှာ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော အတွင်းကျရောက်နေတဲ့ ကျေးရွာတွေ၊ စိုက်ခင်းတွေ ပြန်လည်စွန့်လွှတ်ဖို့ကိစ္စက လက်တွေ့မြေပြင်မှာ စိန်ခေါ်မှုကြီးစွာ တွေ့ကြုံနေရပါတယ်။ နှစ်ပေါင်းများစွာကတည်းကတည်ထောင်ခဲ့တဲ့ ကျေးရွာကြီးတွေ၊ လယ်ကွင်းတွေ၊ စိုက်ခင်းတွေထဲမှာ သစ်တောဧရိယာအမှတ်အသားတွေ လာရောက်စိုက်ထူလို့ စိုးရိမ်ပူပန်ရကြောင်း ကူညီဆောင်ရွက်ပေးဖို့အတွက် မဲဆန္ဒနယ်ဆင်းပြီး မဲဆန္ဒနယ်ရှင်များနဲ့ တွေ့ဆုံတိုင်းလည်း တင်ပြကြပါတယ်။ အမှုတွဲတွေစနစ်တကျတည်ဆောက်ပြီး ဌာနကိုတင်ပြတာလည်း အခုချိန်ထိအရေးယူဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူး။ သစ်တောနယ်မြေအုပ်ချုပ်ပုံဟာ အခြားဌာနတွေနဲ့ ဖွဲ့စည်းပုံမတူတဲ့အတွက် မြို့နယ်ခြားပြီးဆက်သွယ်လုပ်ကိုင်ရတာလည်း အခက်အခဲတစ်ခုဖြစ်နေပါတယ်။ သစ်တောဧရိယာအမှန်စာရင်းတွေကောက်ယူရာမှာ ကြိုဆိုရမှာဖြစ်ပေမဲ့ လက်တွေ့မြေပြင်မှာ ခိုင်ခိုင်မာမာတည်ထောင်ထားတဲ့ ကျေးရွာတွေ၊ လယ်ကွင်းတွေ၊ စိုက်ခင်းတွေဟုတ်/မဟုတ်စိစစ်ပြီး သစ်တောဧရိယာအဖြစ်မှ အမြန်ဆုံးပြန်လည်စွန့်လွှတ်ပြီး ခေတ်အဆက်ဆက် လုပ်ပိုင်ခွင့်နဲ့လျှောက်ထားတဲ့ မြေယာတွေအပေါ်မှာ စိုက်ခင်းများအဖြစ် အကောင်အထည်ဖော်မှုရှိ/မရှိကိုလည်း ပြန်လည်စိစစ်ပြီး ဌာနမှပြန်လည်လွှဲပြောင်းရယူရေးအတွက် သစ်တောဧရိယာတိုးချဲ့ ထိန်းသိမ်းတာဟာ ပိုပြီးလက်တွေ့ကျမှာဖြစ်တဲ့အတွက် ဆက်စပ်ဌာနများနဲ့ညှိနှိုင်းပေါင်းစပ်ကာ အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

**မှုကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်ဟာ ဒေသခရီးသွားစနစ်အတွက် အလားအလာကောင်းတွေ အများကြီးရှိတဲ့ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ကမ္ဘာ့ရှားပါးဆောင်းခိုငှက်တွေ ပျော်စံရာအင်းတော်ကြီးဒေသ၊ အာရှမှာ မျိုးသုဉ်းလုနီးပါးဖြစ်နေတဲ့ ဟူးကောင်းကျားတွေရှိတဲ့ ဟူးကောင်းချိုင့်ဝှမ်း၊ ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်ဝလှတဲ့ ဧရာဝတီမြစ်ဆုံဒေသတွေအပြင် ကမ္ဘာကျော် ကျောက်စိမ်းထွက်ရှိရာ ဖားကန့်ဒေသ၊ ပူတာအိုဒေသတွေဟာ အနာဂတ်အတွက် တန်ဖိုးကြီးမားလှတဲ့ အရင်းအမြစ်တွေဖြစ်ပါတယ်။ လက်ရှိမှာတော့ အင်းတော်ကြီးဒေသကို ဇီဝအဝန်းနယ်မြေအဖြစ် လည်းကောင်း၊ ဟူးကောင်းချိုင့်ဝှမ်းဒေသကို ဟူးကောင်းကျားထိန်းသိမ်းရေးနယ်မြေအဖြစ်လည်း ကောင်း တရားဝင်သတ်မှတ်ထားကြောင်း သိရှိရပါတယ်။ အင်းတော်ကြီးဒေသဟာ တန်ခိုးကြီးရွှေမဥ္ဇူ ရေလယ်ဘုရားကြောင့် ခရီးသွားပြည်သူတွေနဲ့ တစ်နှစ်ပတ်လုံးအထိအတွေ့ မပြတ်တဲ့အတွက် မဆွေးနွေးလိုပေမဲ့ လုံခြုံရေးအခြေအနေကြောင့် သွားလာထိတွေ့ခွင့်မရနိုင်တဲ့ ဟူးကောင်းကျား ထိန်းသိမ်းရေးနယ်မြေဟာ တကယ်ပဲဂေဟစနစ်မပျက် ဟူးကောင်းကျားတွေ အသက်ရှင်နေထိုင်နိုင်ကြ ရဲ့လားဆိုတာ စိတ်ဝင်စားစရာဖြစ်ပါတယ်။ တစ်ချိန်က လီဒိုကားလမ်းဘေးက မဲမှောင်နေတဲ့သစ်တော ဟာ ဖားကန့်၊ တနိုင်းဒေသက နာမည်ကျော်ကုမ္ပဏီကြီးတစ်ခုရဲ့ ပီလောပီနံစိုက်ခင်းတွေကြောင့် လီဒိုလမ်းတစ်လျှောက် မိုင်ချီပြီးပြောင်တလင်းခါသွားခဲ့သလိုပဲ ဟူးကောင်းချိုင့်ဝှမ်းကြီးရော အမှန်တကယ်အခြေအနေကောင်းပါသေးရဲ့လား။ လွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်စုကျော်လောက်က ရှင်ဗွေယန်ရွှေလုပ်ကွက်ထက် ညှိနှိုင်းပေးကမ်းရတဲ့အဖွဲ့အစည်းထဲမှာ ကျားထိန်းသိမ်းရေးရဲဆိုတာပါ လို့ စုံစမ်းမေးမြန်းကြည့်တော့ လုပ်ကွက်က ကျားထိန်းသိမ်းရေးနယ်မြေထဲမှာပါနေတဲ့အတွက် ဟူးကောင်းကျားထိန်းသိမ်းရေးစခန်းက တာဝန်ရှိသူတွေကိုလည်း ပေးရတာဖြစ်ကြောင်း ရှင်းပြပါ တယ်။ ဒေသခံတွေအဆိုအရ လီဒိုလမ်းမကြီးကနေ ပေ ၁၀၀၀ လောက်သွားရင် ရွှေလုပ်ကွက် တွေကြောင့်မို့လို့ သစ်တောတွေကျဲပါးလျက်ရှိပြီဖြစ်ကြောင်းလည်း ကြားသိရပါတယ်။ ဂေဟစနစ်ဆိုတဲ့ အတိုင်း သဘာဝအလျောက်ရှင်သန်ကြီးထွားကျက်စားနိုင်ကြမှသာလျှင် ဟူးကောင်းကျားတွေ၊ ဆောင်းခိုငှက်တွေ မျိုးမသုဉ်းမှာဖြစ်တဲ့အတွက် ဆိုင်းဘုတ်ထောင်ပြီး ထိန်းသိမ်းရုံမဟုတ်ဘဲ လက်တွေ့မြေပြင်မှာ သဘာဝဂေဟမပျက်အောင် ထိန်းသိမ်းနိုင်ရေးထည့်သွင်းစဉ်းစားဆောင်ရွက် သင့်ပါကြောင်း ဆွေးနွေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုးတက်များပြားလာမယ့်သစ်တောတွေ၊ ဇီဝဝန်းနယ်မြေတွေ၊ ဂေဟ ခရီးသွားစနစ်တွေကို ထိန်းသိမ်းဖို့၊ စောင့်ရှောက်ဖို့ တိုးချဲ့ခန့်ထားရမယ့်ဝန်ထမ်းစရိတ်၊ အသိပညာပေးလုပ်ငန်းစရိတ်များအတွက် ဘဏ္ဍာရန်ပုံငွေဟာ အလွန်အရေးကြီးပါတယ်။ လူအင်အား တိုးချဲ့ခန့်ထားရုံနဲ့မလုံလောက်ဘဲ အသိပညာပေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ်လုပ်ဆောင်နေဖို့ လည်းလိုအပ်ပါတယ်။ အသိပညာပေးရန်မှာ ဒေသခံများ၊ ပြည်သူများကိုသာမက စီမံကိန်းအကောင် အထည်ဖော်ဆောင်ရွက်ရာမှာပါဝင်တဲ့ အဖွဲ့အစည်းအသီးသီးက ဝန်ထမ်းများကိုပါ သဘာဝ သယံဇာတကို မြတ်နိုးတန်ဖိုးထားလိုတဲ့စိတ်တွေ ကိန်းအောင်းလာအောင် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးစေလိုပါတယ်။ ဆက်စပ်ပူးပေါင်းအကောင်အထည်ဖော်ရမယ့် လုပ်ငန်းဖြစ်တာနဲ့အမျှ မြို့၊ ရွာများနဲ့ဝေးလံခေါင်သီတဲ့အရပ်မှာ တာဝန်ထမ်းဆောင်ကြရမယ့် ဌာနအသီးသီးက ဝန်ထမ်းတွေရဲ့

**မူကြမ်း**

စားဝတ်နေရေးအခက်အခဲကိုလည်း လုံလောက်မျှတအောင် ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ အကြံပြုလိုပါတယ်။ ကြီးမားခက်ခဲတဲ့တာဝန်တွေကိုပေးပြီး လုံလောက်တဲ့ထောက်ပံ့မှုတွေမပေးခြင်းဟာ အဂတိလိုက်စားဖို့တွန်းအားပေးသလိုဖြစ်စေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ အလျဉ်းသင့်လို့တစ်ခု တင်ပြခွင့်ပြုပါ။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း အတည်ပြုခဲ့တဲ့ ဖားကန့်၊ တနိုင်းဒေသနှင့်စပ်လျဉ်းတဲ့အဆိုတစ်ခုမှာ ကျောက်မျက်၊ သတ္တုသယံဇာတများ တရားမဝင်တူးဖော်မှုတွေ လျော့နည်းပပျောက်စေရေးအတွက် ဥပဒေနဲ့အညီ ခွင့်ပြုနိုင်ရေး၊ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းခဲ့ပါတယ်။ သို့သော် ယနေ့အချိန်ထိ အဆိုနဲ့စပ်လျဉ်းပြီး အကောင်အထည်ဖော်နိုင်မှုမရှိသေးဘဲ နိုင်ငံပိုင်သယံဇာတများ တရားမဝင်ထုတ်ယူသယ်ဆောင်မှုများကြောင့် နိုင်ငံတော်မှ နစ်နာဆုံးရှုံးနေတဲ့အတွက် ဝန်ကြီးဌာနအနေနဲ့ လိုအပ်သလိုညှိနှိုင်းပေါင်းစပ်ပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့ကိုလည်း တိုက်တွန်းဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအဆိုကို စီမံချက်များချမှတ်ပြီး အကောင်အထည်ဖော်ရာမှာ သစ်တောနဲ့သယံဇာတဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်လို့မရနိုင်တဲ့အတွက် ဆက်စပ်ဝန်ကြီးဌာနများမှ ဝန်ထမ်းများအနေနဲ့ သားငှက်များကို ချစ်မြတ်နိုးစိတ်၊ သဘာဝသယံဇာတကို တန်ဖိုးထားလိုစိတ်များနဲ့ ပူးပေါင်းဆောင်ရွက်ကြမှသာလျှင် အဆိုရှင်မျှော်မှန်းတဲ့ နိုင်ငံတစ်ဝန်းလုံးသဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ဂေဟာခရီးသွားရေးစနစ်များ၊ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့မှာ၊ ခိုင်မြဲမှာဖြစ်ကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၅ ဖြစ်ပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာရဲမြင့်ဆွေ(ဒုတိယဝန်ကြီး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ရဲ့ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများက ဝိုင်းဝန်းအကြံပြုဆွေးနွေးသွားတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံမှာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး ရှေးအကျဆုံးလုပ်ငန်းအဖြစ် ၁၇၇၅ ခုနှစ်ကတည်းက ကျွန်းသစ်ကို တော်ဝင်သစ်အဖြစ် သတ်မှတ်ကြေညာခဲ့ခြင်းဖြစ်ပါတယ်။ ကိုလိုနီခေတ်မှာလည်း

တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းကာကွယ်ခြင်းကို ၁၈၅၆ ခုနှစ်တွင် သစ်တောဦးစီးဌာနဖွဲ့စည်း စဉ်ကတည်းက ထည့်သွင်းဆောင်ရွက်ခဲ့ပါတယ်။ ပထမဦးဆုံးအနေအဖြစ် ဆင်ထိန်းသိမ်းရေးဥပဒေကို ၁၈၇၉ ခုနှစ်က ပြဋ္ဌာန်းပြီးတော့မှ ၁၈၈၃ ခုနှစ်မှာ ပြင်ဆင်ခဲ့ပါတယ်။

၁၉၀၂ ခုနှစ် သစ်တောအက်ဥပဒေအရ သစ်တောဦးစီးဌာနဟာ တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းကာကွယ်ရေးကို တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ၁၉၂၇ ခုနှစ်မှာတော့ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းအုပ်ချုပ်ရေးမှူးရာထူးကို ဖန်တီးပြီးတော့မှ ဆင်ရိုင်းများဖမ်းဆီးခြင်းအပါအဝင် တောရိုင်း တိရစ္ဆာန်များအား ထိန်းသိမ်းကာကွယ်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်းတာဝန်များကို ထမ်းဆောင်စေခဲ့ ပါတယ်။ ၁၉၃၆ ခုနှစ်မှာလည်း Wildlife Protection Act ကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ ၁၉၄၂ ခုနှစ်မှာ အုပ်ချုပ်ရေးမှူးရာထူးလစ်လပ်သွားပြီး အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ခန့်ထားနိုင်ခြင်း မရှိတော့ပါ။ သို့ရာတွင် ၁၉၈၁-၁၉၈၄ ခုနှစ်အတွင်း သစ်တောဦးစီးဌာနနဲ့ UNDP တို့ ပူးပေါင်း ဆောင်ရွက်တဲ့ သစ်တောထိန်းသိမ်းရေးနှင့်အမျိုးသားဥယျာဉ်စီမံကိန်း(Nature Conservation and National Park Project)အနေဖြင့် သစ်တောဦးစီးဌာနမှာ သဘာဝဝန်းကျင်နဲ့ သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနကို ဖွဲ့စည်းခဲ့ပါတယ်။ တောရိုင်းတိရစ္ဆာန်နဲ့သဘာဝအပင်များ ကာကွယ်ရေး၊ သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေကို ၁၉၉၄ ခုနှစ်က ပြဋ္ဌာန်းပြီးတဲ့နောက်မှာ သဘာဝ ထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်လုပ်ကိုင်မှုကို စတင်ခဲ့ပါတယ်။ ဥပဒေအား သစ်တောဦးစီးဌာန ကတာဝန်ယူပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်ပါတယ်။ ၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့တဲ့ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေမှာလည်း တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရမယ့် ဌာနမှာ သစ်တောဦးစီးဌာနဖြစ်ပါတယ်ဆိုပြီးဖော်ပြထားခဲ့ပါတယ်။

နောက်ပြီး အိမ်နီးချင်းနိုင်ငံများနဲ့ အခြားနိုင်ငံတွေမှာ ဇီဝမျိုးစုံမျိုးကွဲနဲ့ သဘာဝထိန်းသိမ်းရေး နယ်မြေများ ထိန်းသိမ်းကာကွယ်ခြင်းကို သစ်တောဦးစီးဌာနကသော်လည်းကောင်း၊ သီးခြားဦးစီးဌာန အနေဖြင့်သော်လည်းကောင်း ဆောင်ရွက်နေပါကြောင်း ဖော်ပြပါ Power Point ဖြင့် တင်ပြအပ် ပါတယ်။ သစ်တောဦးစီးဌာနလက်အောက်ရှိ သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေး ဌာနရဲ့ ခွင့်ပြုဖွဲ့စည်းပုံအင်အားမှာ ၁၂၉၅ ဦးရှိပြီးတော့မှ လက်ရှိခန့်ထားနိုင်တာကတော့ ၅၄၉ ဦးပဲ ရှိပါတယ်။ ၄၂ ရာခိုင်နှုန်းပဲခန့်ထားနိုင်ခြင်းဖြစ်ပါတယ်။ ဝန်ထမ်းခန့်ထားမှုနည်းပါးခြင်းကြောင့် နေ့စားဝန်ထမ်း ၈၅ ဦးကိုလည်း ငှားရမ်းအသုံးပြုလျက်ရှိပါတယ်။ လက်ရှိ ဆက်စပ်ဝန်ကြီးဌာနများထံ ညှိနှိုင်းတင်ပြထားတဲ့ သစ်တောဦးစီးဌာနရဲ့အဆိုပြုဖွဲ့စည်းပုံသစ်မှာ သဘာဝဝန်းကျင်နှင့် သားငှက် တိရစ္ဆာန်ထိန်းသိမ်းရေးဌာနရဲ့ ဖွဲ့စည်းပုံအင်အားကို အရာထမ်း ၆၆ ဦး၊ အမှုထမ်း ၂၀၀၂ ဦး စုစုပေါင်း ၂၀၆၈ ဦးဖြင့် တိုးမြှင့်ထားပြီးဖြစ်ပါတယ်။ လက်ရှိဝန်ထမ်းအင်အားအရ မြန်မာနိုင်ငံမှာ သတ်မှတ် ဖွဲ့စည်းထားတဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၂ ခုအနက် ၂၂ ခုမှာ အုပ်ချုပ်ရေးမှူးရုံးခန်းများ ဖွင့်လှစ်ပြီး ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျန် သဘာဝ ထိန်းသိမ်းရေးနယ်မြေများအား သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနများက ထိန်းသိမ်းလျက်

ရှိပါတယ်။ သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနအား သီးခြားဦးစီးဌာနအဖြစ် သတ်မှတ်ရန် ဝန်ထမ်းအင်အားနှင့် ရန်ပုံငွေလိုအပ်ချက်များရှိနေတဲ့အပြင် နှစ်အတန်ကြာ အချိန်ယူ ရေးဆွဲခဲ့တဲ့ ၂၁-၅-၂၀၁၈ ရက်နေ့မှာပြဋ္ဌာန်းခဲ့တဲ့ဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲရန်လည်း လိုအပ် လာမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ သဘာဝထိန်းသိမ်းရေးနယ်မြေများကို ပီပြင်စွာ စီမံ ခန့်ခွဲအုပ်ချုပ်နိုင်ရန် အဓိကလိုအပ်ချက်မှာ ဖွဲ့စည်းပုံနှင့်အညီ အင်အားအပြည့်အဝခန့်ထားခွင့် ရရှိ နိုင်ရေးနှင့် ဝန်ထမ်းများရဲ့စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ဖြစ်ကြောင်းသိရှိရပါတယ်။

ဦးစီးဌာနတစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်ဝန်ထမ်းများ ခန့်အပ်ရန် လိုအပ်ခြင်း၊ ဝန်ထမ်းများ၏လစာနှင့် လုပ်ငန်းရန်ပုံငွေများ တင်ပြတောင်းခံရန်လိုအပ်ခြင်း၊ ဆက်စပ် ဝန်ကြီးဌာနများနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် သဘောတူညီချက် များရယူရန်လိုအပ်ခြင်းအစရှိသည့်အချက်များကြောင့် အချိန်ယူဆောင်ရွက်သွားရန်လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိအခြေအနေမှာ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝနယ်မြေများ ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခြင်းအတွက် ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရန် သင်တန်းကျောင်း တစ်ခုအား သစ်တောဦးစီးဌာနမှ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဖွင့်လှစ်နိုင်ရေးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းများကောင်းမွန်စွာ လည်ပတ်နိုင်ရေး၊ နိုင်ငံတကာမှ စံနမူနာပြုရလောက်တဲ့ ထိန်းသိမ်းရေးဦးစီးဌာနတစ်ခုအဖြစ် ပေါ်ထွန်းလာရေးတို့အတွက် အဆိုရှင်ရဲ့တင်ပြချက်ပေါ်မှာ အချိန်ယူဆောင်ရွက်ပေးသွားမှာဖြစ် ပါကြောင်းနှင့် ယခု တင်ပြပါအဆိုအား မှတ်တမ်းထားရှိပြီး စောင့်ကြည့်ပေးနိုင်ပါရန် ရှင်းလင်းတင်ပြ အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တော်များ အားလုံးကိုမင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီနေ့ ကျွန်တော့်ရဲ့အဆို ကို ထောက်ခံဆွေးနွေးပေးသွားကြပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို အထူးပင် ကျေးဇူး တင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ အဆိုရဲ့ ရည်ရွယ်ချက်အနေဖြင့် ဝန်းကျင်နှင့်သားငှက်ဌာနခွဲအား ဦးစီးဌာနကြီးအဖြစ်တိုးချဲ့လျက် နိုင်ငံအဝန်းသဘာဝနယ်မြေများရှိ တောရိုင်းတိရစ္ဆာန်များကို ပိုမို ထိရောက်စွာကာကွယ်ပေးနိုင်ရန် ဖြစ်ပါတယ်။ ပြီးတော့ဂေဟာခရီးသွားလုပ်ငန်းများကို ပိုမိုဆောင်ရွက် ပေးစေလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယေဘုယျအားဖြင့် သဘာဝနယ်မြေစီမံခန့်ခွဲမှုများ၏ လက်ရှိအခြေအနေ များကိုကြည့်လျှင် (၁) တည်ထောင်ပြီးသဘာဝနယ်မြေများ၏ စီမံခန့်ခွဲမှုများ ကျဆင်းလျက်ရှိနေခြင်း၊ (၂) ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များသည်လည်း ကျဆင်းလျက်ရှိခြင်း၊ (၃) ဒေသခံပြည်သူလူထု ၏ပါဝင်ပူးပေါင်းမှုသည် မရှိသလောက် အားနည်းနေခြင်း၊ (၄) RUCN ၏စံနှုန်းများဖြင့် သဘာဝ နယ်မြေများ၏လက်ရှိစီမံအုပ်ချုပ်မှုများကို ဆန်းစစ်လေ့လာခြင်းပြုလုပ်ရာတွင် ဘေးမဲ့တောတစ်ခု

အတွက် အမှတ် ၁၁၀/၁၂၀ ပေးရာတွင် အားလုံးသည် အမှတ်(၄၀)အောက်ရနေခြင်း၊ ဆန်းစစ်မှုတွင် ဘတ်ဂျက်လုံလောက်မှုမရှိခြင်း၊ ဝန်ထမ်းအင်အားနည်းခြင်း၊ ဝန်ထမ်းစွမ်းဆောင်ရည်ကျဆင်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို မည်မျှထိန်းသိမ်းနိုင်မှု စသည့်အချက်များကို အခြေခံ၍ ဆန်းစစ်ပါသည်။ (၅) သဘာဝနယ်မြေများကို စီမံအုပ်ချုပ်ရာတွင် စီမံအုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ကိုပင် ရေးဆွဲနိုင်မှုမရှိခြင်း လက်ရှိတွင် လန်ပိ၊ အလောင်းတော်ကဿပ၊ နတ်မတောင်၊ မိန်းမလှကျွန်းတို့တွင်သာ စီမံချက်ရေးဆွဲထားရှိခြင်း၊ (၆) အချို့သော သဘာဝနယ်မြေများသည် စတင်တည်ထောင်သည်နှင့် အုပ်ချုပ်လုပ်ကိုင်မှုစတင်ချိန်အချိန်ခြားနားခြင်းကြောင့် လက်တွေ့မှာခက်ခဲမှုများရှိရင် ဥပမာ-နယ်နိမိတ်များဟာ မှန်ကန်မှုမရှိတော့ခြင်း၊ (၇) ပြည်ထောင်ပြီးသဘာဝနယ်မြေ ၄၂ ခုအား အုပ်ချုပ်ရေးရုံးများဖွင့်လှစ်ပြီး ဝန်ထမ်းများနှင့် လည်ပတ်ဆောင်ရွက်နိုင်မှုကို လေ့လာကြည့်ပါက ဘေးမဲ့တော ၂၁ ခုတွင်သာဆောင်ရွက်နိုင်ပြီးတော့ ဧရိယာ ၈၂၄၈.၄၇ စတုရန်းမိုင်ရှိပြီးတော့ ၃.၁၆ ရာခိုင်နှုန်းသာ ထိန်းသိမ်းနိုင်ပါသေးတယ်။ အခြားတရားဝင်ကြေညာထားတဲ့ သဘာဝနယ်မြေ ၂၁ ခု ၂.၆၃ ရာခိုင်နှုန်းကိုတော့ စီမံအုပ်ချုပ်နိုင်ခြင်းမရှိသေးကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ လက်ရှိတည်ထောင်ဖွဲ့စည်းထားသည့် သဘာဝနယ်မြေ ၄၂ ခုရှိပြီး ၁၅၁၂၈.၆၀ စတုရန်းမိုင်၊ ဆက်လက်ဖွဲ့စည်းရန် ရည်ရွယ်ထားသည့် သဘာဝနယ်မြေ ၁၉ ခု၊ ၅၂၈၃.၅၀ စတုရန်းမိုင်ရှိပြီးတော့ လက်ရှိဝန်ထမ်းအင်အားဟာ ၅၄၉ ဖြင့်သာ စီမံအုပ်ချုပ်တာဝန်ကိုဆောင်ရွက်နေပါတယ်။ သို့ဖြစ်တဲ့အတွက် ညွှန်ကြားရေးမှူးချုပ်တစ်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦးပါဝင်တဲ့ ဝန်ထမ်းအင်အား ၅၀၀၀ အဆိုပြုထားကြောင်းလည်း သိရှိရပါတယ်။ ကိုယ့်အနေနဲ့ အဆိုပြုနယ်မြေများကို အတည်အဖြစ်ကြေညာနိုင်ရေးမှာလည်း နှောင့်နှေးကြန့်ကြာနေပြီးတော့ အချို့ဆိုလျှင် ၁၀ နှစ်၊ ၁၆ နှစ်အထိ ရောက်ရှိလာခဲ့ပါကြောင်း။ ထိုအချိန်ကာလအတွင်း ဥပဒေသက်ရောက်အောင် သေချာစွာ မထိန်းသိမ်းနိုင်ဘဲနဲ့ ဂေဟစနစ်တွေပျက်စီးယိုယွင်းလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများပျောက်ကွယ်လာခြင်းတို့သာ ဖြစ်ပေါ်နေကြောင်းတွေ့ရှိရပါတယ်။ သို့ကြောင့်မို့လို့ ဦးစီးဌာနကြီးအဖြစ်ဖွဲ့စည်းမည်ဆိုရင် ရရှိလာမည့်အကျိုးကျေးဇူးများကတော့ (၁)သီးသန့်ဌာနဖြစ်လျှင် သစ်တောဘွဲ့ရနှင့် အတူ ကျွန်တော်တို့သက်ဆိုင်ရာ သတ္တဗေဒ၊ ရုက္ခဗေဒ၊ အဏ္ဏာဝါသိပ္ပံ၊ ဘူမိဗေဒ၊ တိမ္ဘေးကုစသည့် ဘာသာရပ်ဆိုင်ရာဘွဲ့ရများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်ခြင်း၊(၂) ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးစသည့် သီးသန့်ဖွဲ့စည်းပုံဝန်ထမ်းအင်အားအပြည့်ဖြင့် ဌာနခွဲမျိုးစုံတည်ထောင်ဖွဲ့စည်းပြီးတော့ ဇီဝမျိုးစုံ၊ မျိုးကွဲနှင့်သဘာဝနယ်မြေထိန်းသိမ်းရေးလုပ်ငန်းကို ပိုမိုထိရောက်နိုင်နင်းစွာလုပ်ဆောင်လာနိုင်ခြင်း၊ (၃) မြန်မာ့သစ်လုပ်ငန်းမှ ဆင်ဝန်ထမ်းအချို့အပါအဝင် သင့်တော်မည့်သူများပြောင်းရွှေ့ပါဝင်ထမ်းဆောင်ခြင်း၊ (၄) နိုင်ငံ၏ရေရှည်ထိန်းသိမ်းရမည့် ဇီဝမျိုးစုံ၊ မျိုးကွဲထိန်းသိမ်းရေးနယ်မြေ၊ သဘာဝနယ်မြေ ၁၀ ရာခိုင်နှုန်းတည်ထောင်မည်ဆိုခြင်းကို ပြည့်မီထိရောက်အောင် Paper Back များမရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ (၅) ကြန့်ကြာနေသောအဆိုပြုသဘာဝနယ်မြေများအား အတည်ပြုခြင်းဖြင့် သဘာဝနယ်မြေများအား တိုးလာစေခြင်း၊ (၆) မျိုးသုဉ်းပျောက်ကွယ်လုဖြစ်နေသော ဒေသကြီးမျိုးစိတ်များအား စနစ်တကျ ထိန်းသိမ်းလာနိုင်ရေးအတွက် ပြည်သူ၏ ပူးပေါင်းပါဝင်လာနိုင်ရေးကို စူးစိုက်နိုင်မည်ဖြစ်ခြင်း၊ (၇) အာဆီယံဒေသတွင်း၊ အာရှဒေသအတွင်း အဆင့်မီသည့် ဇီဝမျိုးစုံ၊ မျိုးကွဲများ ထိန်းသိမ်းရေး၊ နိုင်ငံတကာအဆင့် ထိန်းသိမ်းရေးလုပ်ငန်းများဖြင့် စံချိန်၊

စံညွှန်းပြည့်မီစွာ လုပ်ဆောင်နိုင်မည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများရရှိလာမှာဖြစ်ပါတယ်။ သို့အတွက် နိုင်ငံတော်၏ သဘာဝနယ်မြေများ၊ တောရိုင်းတိရစ္ဆာန်များ၊ သားစဉ်မြေးဆက် ရေရှည်တည်ရှိနိုင်ရေးအတွက် ရည်မှန်းပြီးတော့ အပြုသဘောဆောင်ပြီးတော့ ဒီအဆိုကိုတင်ပြရခြင်း ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်မည့်အစီအစဉ်ရှိကြောင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသဖြင့် အတည်ပြုပေးစေလိုသော်လည်း ဝန်ကြီးဌာန၏အဆိုပြုချက်အတိုင်း အမှန်တကယ် ဆောင်ရွက်မှုရှိ/မရှိ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကြီးမှတစ်ဆင့် စောင့်ကြည့်စေလိုပြီး မဆောင်ရွက်ပါက ထပ်မံတိုက်တွန်းနိုင်ရေး မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် မေတ္တာရပ်ခံတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၁ ဦးကဆွေးနွေးပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်စောင့်ကြည့်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်နေမည်ဖြစ်ပြီး အကယ်၍ ဆောင်ရွက်မှုမရှိပါက ထပ်မံတိုက်တွန်းသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့်ဒီအဆိုနှင့် စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်ကသဘောတူပါလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးအေးနိုင် တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မူကြမ်း**

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၅း၀၅ မိနစ်အချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ (၁၇.၁၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




**U Myint Lwin** **U Maung Maung Win**




**Dr Sein Mya Aye** **U Maung Maung Win**




**Dr Tun Naing** **U Than Aung**




**Dr Tun Naing** **U Sai Tun Aye**




**U Khin Maung Cho** **U Khin Cho**




**U Khin Maung Cho** **U Bo Bo Oo**

pyithu.hluttaw.mm



U Khin Maung Cho



U Saw Thalay Saw

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်